# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယမလျှော့ဘဲ အားထုတ်**

ဣန္ဒြေ၌ ကောင်းစွာမစောင့်စည်းခြင်း၊ အစားအသောက်၌ အတိုင်းအရှည်မသိခြင်း၊ ပျင်းရိခြင်းတို့သည် ကိလေသာတရားကို တိုးပွားစေသဖြင့် ဣန္ဒြေကိုစောင့်လျက် အစားအသောက်၌ အတိုင်းအရှည်ကိုသိရှိပြီး ဝီရိယကိုမလျှော့ဘဲ အားထုတ်ရာ၏။

**ယမကဝဂ် (ဓမ္မပဒ - ၈)**


၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၆)၊ အမှတ် (၀၂၅)




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် IFC ၏ အမှုဆောင်အရာရှိချုပ်နှင့် ကမ္ဘာ့ဘဏ်အုပ်စု၏ ဒုတိယအမှုဆောင်ဥက္ကဋ္ဌနှင့် တွေ့ဆုံ**

စာမျက်နှာ - ၃

**ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (AFD) မှ ယူရို သန်း ၄၀ ချေးငွေစာချုပ် လက်မှတ်ရေးထိုး**

စာမျက်နှာ - ၄

**ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ ယခင်နှစ်ထက် အလှူငွေများ ပိုမိုရရှိ**

စာမျက်နှာ - ၈

# (၇၁)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် ညစာ်ခံပွဲကျင်းပ

**နေပြည်တော်  အောက်တိုဘာ ၂၄**

(၇၁)ကြိမ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်ညစာ်ခံပွဲကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Grand Ballroom ၌ ယနေ့ ညနေ ၆ နာရီက ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကိုလာ လော့ဒ်ဒက်ဆဲလ် လီယန်က အမှာစကားပြောကြားကာ ကုလသမဂ္ဂ၏ ဆောင်ရွက်ချက်များအား ဗီဒီယိုမှတ်တမ်းဖြင့် ပြသသည်။

အဆိုပါညစာ်ခံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီး/သံရုံး အကြီးအကဲများနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ်ညစာ်ခံပွဲ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**

(သတင်းစဉ်)

# မြန်မာ့ကမ်းရိုးတန်းသည် အားကောင်းသောမုန်တိုင်းငယ်၏ အဝန်းအဝိုင်းအတွင်း ကျရောက်နေသေးသည့်အတွက် လက်ရှိအခြေအနေကို လိမ္မော်ရောင်အဆင့်သတ်မှတ်

**နေပြည်တော်  အောက်တိုဘာ ၂၄**

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ အနည်းငယ်ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ မြောက်-အနောက်မြောက်ဘက် မိုင် ၁၆၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်မြောက်ဘက် မိုင် ၉၀ ခန့်၊ ပုသိမ်မြို့၏ အနောက်ဘက် မိုင် ၁၀၀ခန့်၊ ဂွမြို့၏ အနောက်တောင်ဘက် မိုင် ၁၀၀ ခန့်၊ ရန်ကုန်မြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၁၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မြန်မာ့ကမ်းရိုးတန်း(မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတောင်ပိုင်းဒေသ)များသည် အားကောင်းသောမုန်တိုင်းငယ်၏ အဝန်းအဝိုင်းအတွင်း ကျရောက်နေသေးသည့်အတွက် အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေကို လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်သည်။

**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြောက်လတ္တီကျု ၁၆ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၃ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ နှုန်းခန့် ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁





HOT LINE - 09-787878749, 787878729

ALPHA CEMENT | အယ်လ်ဖာ ဘိလပ်မြေ

တစ်ရက်လျှင် ဘိလပ်မြေ တန်ချိန် (၇ သိန်း) ထုတ်လုပ်သော ကမ္ဘာ့ထုတ်လုပ်မှု ပထမ ဖြစ်သည့် CONCH ကုမ္ပဏီ မှ မြန်မာပြည် တွင်ဂုဏ်ယူစွာထုတ်လုပ်ပါသည်။

မြန်မာ့အလင်း

# ရွှေဝါမြေတစ်ခွင် သာစေချင်

"နှစ်စဉ်နှစ်တိုင်း ဒီလိုအချိန်ရောက်ပြီဆိုရင် တောင်သူလယ်သမားတွေဆီက စပါးကိုဈေးနှိမ်ပြီး ဝယ်ယူနေတဲ့အတွက် တောင်သူလယ်သမားတွေများစွာ နစ်နာလျက်ရှိပါတယ်" ဟူသောအသံက နှစ်စဉ် မိုးစပါးလှိုင်လှိုင်ပေါ်သည့် အောက်တိုဘာလအတွင်း စပါးဈေးများ အဆမတန်ကျဆင်းမှုကြောင့် နစ်နာဆုံးရှုံးကြရသည့် စပါးစိုက်တောင်သူများ၏ ခံစားချက်ကိုထင်ဟပ်၍ စာနယ်ဇင်းရှင်းလင်းပွဲတစ်ရပ်၌ ပေါ်ထွက်လာသည်။

စပါးဈေး အဆမတန်ကျဆင်းနေရခြင်းအပေါ် နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် အရေးပေါ်ငွေ စိုက်ထုတ်ပေးထားပြီး ကူညီစေလိုကြောင်း၊ စပါးဈေးနှိမ်၍ ဝယ်ယူနေချိန်တွင် လတ်တလောစိုက်ပျိုးစရိတ်ကုန်ကျ ရင်းနှီးထားရသည်များကို ဖြေရှင်းနိုင်ရန်အတွက် တောင်သူလယ်သမားများပိုင်သည့် လယ်ယာမြေများကို ယာယီအားဖြင့် ပေါင်နှံခြင်းအား ဘဏ်များက လက်ခံသင့်ကြောင်း၊ စပါးဈေးကျဆင်းနေချိန်တွင် စပါးကိုမရောင်းဘဲထားပြီး စပါးဈေးတက်ချိန်ရောက်မှထုတ်ရောင်းခြင်းအားဖြင့် စပါးဈေးနှိမ်ဝယ်ယူခြင်းကို ကာကွယ်နိုင်မည်ဖြစ်ကြောင်းဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ တက်ရောက်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ဤသည်မှာ နိုင်ငံတော်၏ စပါးကျီများဟုဆိုနိုင်သည့် အဓိကဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာဒေသကြီးများမှ စပါးစိုက်တောင်သူများ ရင်ဆိုင်နေကြရသည့် စိုက်ပျိုးစရိတ် ငွေကြေးအရင်းအနှီးလိုအပ်ချက်နှင့် စိုက်ပျိုးရေး ထုတ်ကုန်ဈေးကွက်မရေရာမသေချာသည့် အခက်အခဲတို့ဖြစ်ပြီး တောင်သူလယ်သမားများ နှစ်ပေါင်းများစွာကတည်းက ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ပြဿနာများအနက်မှ အချို့ဟူ၍လည်း ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်ဒေသတွင် နေထိုင်ကြပြီး လယ်ယာကုန်ထုတ်လုပ်ငန်းမှာ မြန်မာ့စီးပွားရေး၏ပင်မ ကျောရိုးကြီးသဖွယ် ဖြစ်သည်။ သို့တိုင် မြန်မာလယ်သမားတို့၏ လယ်ယာကုန်ထုတ်လုပ်နိုင်မှုစွမ်းအားမှာ အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာနိမ့်ကျလျက်ရှိကြောင်း သုတေသနစာတမ်းတစ်ရပ်အရ သိရသည်။ မိုးစပါးစိုက်ရာသီတစ်ခုအတွင်း လယ်ယာလုပ်ငန်းခွင်မှထွက်ရှိသော စိုက်ပျိုးကုန်ထုတ်လုပ်မှုများကို တစ်နေ့တာ ထုတ်လုပ်မှုများအဖြစ်နှိုင်းယှဉ်ကြည့်မည်ဆိုပါက ထိုင်းနိုင်ငံက တစ်နေ့လျှင် ၅၄၇ ကီလိုဂရမ်ထုတ်လုပ်နိုင်ပြီး ဗီယက်နမ်က ၄၂၉ ကီလိုဂရမ်၊ ကမ္ဘောဒီးယားက ၆၂ ကီလိုဂရမ်ထုတ်လုပ်နိုင်ကာ မြန်မာနိုင်ငံက ၂၃ ကီလိုဂရမ်သာ ထုတ်လုပ်နိုင်သည်ဟု ဆိုသည်။ အဓိကအကြောင်းရင်းများအဖြစ် အိမ်နီးချင်းနိုင်ငံမှ လယ်သမားများနှင့် နှိုင်းယှဉ်ပါက မြန်မာလယ်သမားများမှာ ကျောင်းသင်ပညာရေးအရရော၊ ဗဟုသုတအရပါ နိမ့်ကျနေကြောင်း၊ လယ်ယာလုပ်သားများ၏ နေ့တွက်လုပ်ခတွင်လည်း ဒေသတွင်းနိုင်ငံများတွင် အနိမ့်ဆုံးဖြစ်ကြောင်း၊ မြန်မာလယ်ယာလုပ်သားတစ်ဦး၏ နေ့တွက်လုပ်ခမှာ မိုးစပါးစိုက်ရာသီတွင် အမေရိကန်ဒေါ်လာဖြင့် တွက်ပါက ၁ ဒသမ ၈ ဒေါ်လာမှ ၂ ဒသမ ၅ ဒေါ်လာအထိနှင့် နွေစပါးရာသီတွင် သုံးဒေါ်လာမှ သုံးဒေါ်လာခွဲအထိ ဖြစ်ကြောင်း၊ ထိုင်းလယ်ယာလုပ်သားတစ်ဦး၏ နေ့တွက်လုပ်ခမှာ ရှစ်ဒေါ်လာခွဲနှင့် ဖိလစ်ပိုင်မှာ ခုနစ်ဒေါ်လာဖြစ်ကြောင်း အရှေ့တောင်အာရှဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်မှ အကြီးတန်းလယ်ယာစီးပွားပညာရှင်တစ်ဦးက ၎င်း၏စာတမ်းတွင် ရေးသားခဲ့သည်။

မိမိတို့နိုင်ငံတွင် လူများစုသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို မှီခိုနေကြရသည့် အလျောက် မိမိတို့၏စီးပွားရေးမူဝါဒထဲတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခေတ်မီအောင်လုပ်ဖို့ ထည့်ထားကြောင်း၊ ခေတ်မီသည်ဟု ဆိုရာတွင် ယခုခေတ်သာမက နောင်ခေတ်အတွက်ပါ စဉ်းစားစေချင်ကြောင်း၊ ကမ္ဘာကြီးတွင် အစားအစာဖူလုံရေးသည် အလွန်အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်နေပြီး တစ်နှစ်ထက်တစ်နှစ် ပို၍အရေးကြီးလာမှာဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အောက်တိုဘာလ ၂၂ ရက်နေ့ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် တွေ့ဆုံပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာ့လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ခြင်း၊ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လယ်ယာထုတ်ကုန် သီးနှံများ၏ ဈေးကွက်အာမခံချက်ပေးခြင်း၊ ပြည်ပဈေးကွက်သစ်များ ရှာဖွေပြီး အကျိုးအမြတ်များမည့်သီးနှံများ စိုက်ပျိုးနိုင်ရန် နည်းပညာကူညီခြင်း စသည့် ဝန်ဆောင်မှုများဖြင့် မြန်မာ့လယ်ယာကဏ္ဍကို လတ်တလောအားဖြည့်ပေးရန်နှင့် ရေရှည်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ လယ်ယာစိုက်ပျိုးရေးကဏ္ဍသို့ ဝင်ရောက်လာရန် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းခြင်း၊ ဥပဒေများရေးဆွဲပြဋ္ဌာန်းခြင်းတို့ဖြင့် ဆွဲဆောင်မှုများ ပြုဖို့လိုမည်ဟု ရှုမြင်မိပါကြောင်း။ ။




## လူကုန်ကူးမှု အသိပညာပေးဟောပြော

**ရွှေကျင် အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲကို ဝင်းခနိမ်ကျေးရွာအုပ်စု အလယ်ကျွန်းကျေးရွာ အမက(မူလွန်)ကျောင်း၌ အောက်တိုဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် လူကုန်ကူးခံရခြင်းနှင့် ပတ်သက်၍ သိကောင်းစရာများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်မို့မို့သွင်က လူကုန်ကူးခံရသူများခံစားရသည့် ဒုက္ခများအကြောင်းတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဌာနေတိုင်းရင်းသားလူမျိုးများအခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ




**နေပြည်တော် အောက်တိုဘာ ၂၄**

ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ ရက်က နေပြည်တော်ရှိ ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက် အမှာစကား ပြောကြားခဲ့သည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂက ချမှတ်ထားသည့် စံနှုန်းသတ်မှတ်ချက်များကို အလေးထားဂရုပြုလိုက်နာရန် လိုအပ်ကြောင်း၊ UNDRIP တွင် ပါရှိသည့် တိုင်းရင်းသားလူနည်းစုများ၏ ကိုယ်ပိုင်ယဉ်ကျေးမှု ထိန်းသိမ်းခွင့်၊ လွတ်လပ်စွာ ဘာသာတရားကိုးကွယ်ကျင့်သုံးမှုနှင့် ကိုယ်ပိုင်ဘာသာစကား၊ စာပေအသုံးပြုခွင့်ရှိမှုဆိုသည့် ပြဋ္ဌာန်းချက်များမှာ မိမိတို့နိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ၌ ဖော်ပြပါရှိသည့် အချက်များနှင့် ကိုက်ညီမှုရှိကြောင်း၊ မိမိတို့နိုင်ငံအတွင်းရှိ ဥပဒေရေးရာ အသင်းအဖွဲ့များ၊ အဆောက်အအုံဆိုင်ရာ မူဘောင်များနှင့် UNDRIP မှာ ဖော်ပြထားသည့် နိုင်ငံတကာစံချိန်စံညွှန်းများကိုယူဆောင်ပြီး တိုင်းရင်းသားများ၏ အခွင့်အရေးကို ဟန်ချက်ညီညီ ဖော်ဆောင်သွားရန်မှာ အရေးကြီးကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲကို အခွင့်အလမ်းတစ်ရပ်အနေဖြင့် အသုံးချပြီး အနာဂတ်တွင် တိုင်းရင်းသားလူမျိုးများ အခွင့်အရေးကို ကာကွယ်မြှင့်တင်နိုင်ရန်အတွက် ပိုမိုကျယ်ပြန့်သည့် ချိတ်ဆက်မှုများ ဆောင်ရွက်ရန်လိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ချင်း လူ့အခွင့်အရေးအဖွဲ့မှ အမှုဆောင်အတွင်းရေးမှူး ဆလိုင်းဘွေလျှန်မန်က အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ လည်းကောင်း၊ ဌာနေ တိုင်းရင်းသားလူမျိုးများ ကျွမ်းကျင်ပညာရှင် ဒေါက်တာရွှေခါးက ဌာနေ တိုင်းရင်းသားများဆိုင်ရာ အယူအဆများနှင့် ပတ်သက်၍ လည်းကောင်း၊ ကုလသမဂ္ဂဌာနေတိုင်းရင်းသားများ အမြဲတမ်းဖိုရမ်အဖွဲ့ဝင် Mr. Raja Devasish Roy က ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာကုလသမဂ္ဂကြေညာစာတမ်းပါ အကြောင်းအရာများနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



ထင်သာမြင်သာ ပြုပြင်စရာ

## တံတားပေါ်ရှိ အပေါက်အား အမြန်ပြုပြင်ပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခါမ်းပါတ်မြို့ အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက်အကြား (မိုင်တိုင်အမှတ် -၉၁ နှင့် ၉၂ )ရှိ ဘေလီတံတားပေါ်တွင် အောက်တိုဘာ ၂၃ ရက်မှစ၍ တံတားကြမ်းခင်းများကျိုးကျ၍ အပေါက်ဖြစ်ပေါ်လျက်ရှိရာ ကျောင်းသား ကျောင်းသူများ၊ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာက ပြုပြင်ပေးနိုင်ရေး ဆန္ဒရှိကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၄-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၁၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၃၅၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၅/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀/၆၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၂၀/၆၃၀ ကျပ် |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၉ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၅ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၅ ・ ၉၀ |
| ထိုင်း | တစ်ဘတ် | ၃၆ ・ ၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၀၈ |
| တရုတ် | တစ်ယွမ် | ၁၈၈ ・ ၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ ・ ၄၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် IFC ၏ အမှုဆောင်အရာရှိချုပ်နှင့် ကမ္ဘာ့ဘဏ်အုပ်စု၏ ဒုတိယအမှုဆောင်ဥက္ကဋ္ဌနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား International Finance Corporation (IFC)၏ အမှုဆောင်အရာရှိချုပ်နှင့် ကမ္ဘာ့ဘဏ်အုပ်စု၏ ဒုတိယအမှုဆောင်ဥက္ကဋ္ဌဖြစ်သူ Mr. Philippe H.Le Houerou နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် IFC အဖွဲ့မှ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတို့တွင် အကူအညီပေးနေသည့် အခြေအနေနှင့် ပေးရန်ရှိသည့်ကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးကိစ္စရပ်များအပါအဝင် မြန်မာနိုင်ငံနှင့် IFC အဖွဲ့တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် International Finance Corporation (IFC) ၏ အမှုဆောင်အရာရှိချုပ်နှင့် ကမ္ဘာ့ဘဏ်အုပ်စု၏ ဒုတိယအမှုဆောင်ဥက္ကဋ္ဌ Mr. Philippe H.Le Houerou နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ **(အောက်ပုံ)** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၇၀ မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး လစ်လပ်မဲဆန္ဒနယ် ၁၈ နေရာရှိသော်လည်း ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကွယ်လွန်သွား၍ ယင်းမဲဆန္ဒနယ်တွင်လည်း ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ လစ်လပ်မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းနိုင်ရေး ကြိုတင်ပြင်ဆင်နိုင်ရန် အမည်စာရင်းတင်သွင်းခြင်းနှင့် စပ်လျဉ်းသည့် အချိန်ဇယား calendar ကိုလည်း သတင်းစာများတွင် ဆောလျင်စွာထုတ်ပြန်ပေးပြီး ဖြစ်ကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက်လည်း လစ်လပ်မဲဆန္ဒနယ်များတွင် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် Door to Door စိစစ်ကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် မဲစာရင်း ပြည့်စုံမှန်ကန်ရေးအတွက် မိမိတို့၏ မဲဆန္ဒရှင်များမှ ပူးပေါင်းဆောင်ရွက်ရေးကို တိုက်တွန်းဆောင်ရွက်ပေးစေလိုကြောင်း။




မဲဆွယ်စည်းရုံးရေးကာလတွင် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် နိုင်ငံရေးပါတီများ ပူးပေါင်းပါဝင်ရေးဆွဲခဲ့သည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်များအပေါ် လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကို စောင့်ကြည့်ရန်အတွက် ကျင့်ဝတ်လေ့လာ စောင့်ကြည့်ရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်တွင်း/ပြည်ပ စောင့်ကြည့်လေ့လာရေးအဖွဲ့များကို ခွင့်ပြုသွားမည်ဖြစ်ပြီး လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိသော ပြည်သူ့ဆန္ဒနှင့်အညီဖြစ်သည့် ရွေးကောက်ပွဲဖြစ်အောင် ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံရေးပါတီများ လိုက်နာရမည့် ကျင့်ဝတ်များနှင့်အညီ ယှဉ်ပြိုင်နိုင်ရေး စီမံဆောင်ရွက်သွားကြရန်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့်လည်း ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

အဆိုပါအကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲစာရင်းပြုစုကြေညာခြင်း၊ ကြိုတင်မဲပေးခြင်း၊ မဲရုံကိစ္စရပ်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ ဆောင်ရွက်မှု အားနည်းချက်များစသည့်ကိစ္စရပ်များအပေါ် ရှင်းလင်းဆွေးနွေးပြီး ကော်မရှင်အနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နေရကြောင်း၊ အတွေ့အကြုံအရ ကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံဝန်ထမ်းများအနေဖြင့် ညွှန်ကြားချက်များအပေါ် နားလည်မှုလွဲမှားပြီး အားနည်းချက်များရှိခဲ့ကြောင်း၊ အောက်ခြေအထိ ညွှန်ကြားချက်များ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးခြင်း လုပ်ငန်းစဉ်ကိုလည်း ထိထိရောက်ရောက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။

**(သတင်းစဉ်)**

❐ *ရွှေ့ဖုံးမှ*

**နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ပြီး မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟုခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

မြန်မာ့ကမ်းရိုးတန်း(မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတောင်ပိုင်းဒေသ)သည် အဆိုပါအားကောင်းသော မုန်တိုင်းငယ်၏အဝန်းအဝိုင်းအတွင်း ရောက်ရှိနေပါသဖြင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်၍ မုန်တိုင်းဒီရေအမြင့်ဆုံးမှာ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်နှင့် ရခိုင်ပြည်နယ်တောင်ပိုင်း သံတွဲခရိုင်တို့၌ နှစ်ပေမှ ငါးပေခန့်အထိ မြင့်တက်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါအားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အတွင်း နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာကာ နေရာကွက်၍ မိုးကြီးနိုင်သည်။

အဆိုပါအားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

အဆိုပါအားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်ပါသဖြင့် သတိပြုနေထိုင်ကြရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ ပြည်တွင်းရေကြောင်းသွားလာရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်သည်။

**(မိုး/ဇလ)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်မောင်လတ်ကို စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာဒေါ်ကေသီလွင် | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်<br>(သန်လျင်)<br>ပညာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာဒေါ်သီဂီ | ပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်း<br>နည်းပညာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာကြည်စိုး | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်<br>(မှော်ဘီ)<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) ဒေါက်တာမောင်မောင်လတ် | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်<br>(တောင်ငူ)<br>ပညာရေးဝန်ကြီးဌာန |
| (င) ဒေါက်တာညွန့်စိုး | ပါမောက္ခချုပ်<br>ပြည်နည်းပညာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (စ) ဒေါက်တာကြည်သွင် | ပါမောက္ခချုပ်<br>မြန်မာနိုင်ငံလေကြောင်းနှင့်<br>အာကာသပညာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဆ) ဒေါက်တာဒေါ်စန်းစန်းရီ | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်<br>(တောင်ကြီး)<br>ပညာရေးဝန်ကြီးဌာန |
| (ဇ) ဒေါက်တာဆင့်စိုး | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်<br>(မန္တလေး)<br>ပညာရေးဝန်ကြီးဌာန |
| (ဈ) ဒေါက်တာမြင့်သိန်း | ပါမောက္ခချုပ်<br>မန္တလေးနည်းပညာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ည) ဒေါက်တာဒေါ်ဝင်းအေး | ပါမောက္ခချုပ်<br>မြန်မာသတင်းအချက်အလက်<br>နည်းပညာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဋ) ဒေါက်တာဒေါ်စောစန္ဒာအေး | ပါမောက္ခချုပ်<br>သတင်းအချက်အလက်<br>နည်းပညာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဌ) ဒေါက်တာဒေါ်မိုးပွင့် | ပါမောက္ခချုပ်<br>မန္တလေးကွန်ပျူတာတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (က) ဦးဇော်အောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့် သဘာဓာတ်ငွေ့စီမံရေး<br>ဦးစီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေး<br>ဦးစီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (ခ) ပါမောက္ခ<br>ဒေါက်တာထင်ဇော်စိုး<br>ပါမောက္ခ/ဌာနမှူး<br>ကွင်းဆင်းဌာန<br>အခြေခံကျန်းမာရေးတက္ကသိုလ်<br>(မကွေး)<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ပါမောက္ခချုပ်<br>အခြေခံကျန်းမာရေးတက္ကသိုလ်<br>(မကွေး)<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန |

# ခါကာဘိုရာဇီဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းထည့်သွင်းနိုင်ရေး ယူနက်စကိုနှင့်ပူးပေါင်းပြီး အဆိုပြုလွှာပြင်ဆင်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၄

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာန (ASEAN Centre for Biodiversity-ACB)တို့ ပူးပေါင်း၍ ပဉ္စမအကြိမ်မြောက် အာဆီယံအမွေအနှစ်ဥယျာဉ်များ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ရွှေစံအိမ်ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။ (ယာပုံ)**



ပြည်ထောင်စုဝန်ကြီးက ဇီဝမျိုးကွဲများ ထိန်းသိမ်းရေး သဘာဝနယ်မြေ ၃၉ ခုမှ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ နတ်မတောင်အမျိုးသားဥယျာဉ်၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လန်ပိအဏ္ဏဝါ အမျိုးသား ဥယျာဉ်တို့ကို အာဆီယံ အမွေအနှစ်ဥယျာဉ်များအဖြစ် သတ်မှတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ UNESCO အသိအမှတ်ပြုလူသားနှင့်ဇီဝအဝန်းနယ်မြေအဖြစ် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ တည်ရှိကြောင်း၊ ခါကာဘိုရာဇီဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း ထည့်သွင်းနိုင်ရေး UNESCO နှင့် ပူးပေါင်းပြီး အဆိုပြုလွှာပြင်ဆင်လျက်ရှိကြောင်း၊ ဒေသရင်းမျိုးစိတ်သစ်များနှင့် မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် မျိုးစိတ်များဖော်ထုတ်နိုင်ရေး ကွင်းဆင်းသုတေသနများ ဆောင်ရွက်လျက်ရှိပြီး ယခုအခါ အပင်မျိုးစိတ်ပေါင်း ၁၁၈၀၀၊ နို့တိုက်သတ္တဝါမျိုးစိတ်ပေါင်း ၂၅၂ မျိုး၊ ငှက်မျိုးစိတ်ပေါင်း ၁၀၉၆ မျိုး၊တွားသွားသတ္တဝါနှင့်ကုန်းနေ ရေနေ သတ္တဝါမျိုးစိတ်ပေါင်း ၄၀၀ ကျော်ခန့်၊ လိပ်ပြာမျိုးစိတ်ပေါင်း ၁၁၀၀ ကျော်၊ ငါးမျိုးစိတ်ပေါင်း ၁၁၀၀ နီးပါးခန့်နှင့် သန္တာကျောက်တန်းမျိုးစိတ် ၃၀၀ နီးပါးခန့်တို့ကို လေ့လာမှတ်တမ်းတင်ထားပြီးဖြစ်ကြောင်း၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်စုစုပေါင်း ၁၇၀၀၀ ခန့် ပါဝင်ကြောင်း။

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းနှင့် သဘာဝနယ်မြေများ စီမံအုပ်ချုပ်ခြင်းတို့ကို ဒေသအဆင့်နှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်၍ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်း(CBD)၊ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (CITES)နှင့် ရမ်ဆာကွန်ဗင်းရှင်း (Ramsar Convention)အစရှိသည့် ကွန်ဗင်းရှင်းများတွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ပြီး ထိန်းသိမ်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ကမ္ဘာတွင် ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးမှု၊ ခြိမ်းခြောက်မှုခံနေရသော နေရာများစွာရှိ၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများကလည်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများ၊ ဂေဟစနစ်ဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသော ညီလာခံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများပူးပေါင်း၍ ထိရောက်စွာစီမံအုပ်ချုပ်နိုင်ရေးအခွင့်အလမ်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန်၊ စတုတ္ထအကြိမ်မြောက် ကျင်းပခဲ့သည့် အာဆီယံအမွေအနှစ်ဥယျာဉ်များညီလာခံတွင် ချမှတ်ခဲ့သည့်ထောက်ခံချက်၊ အကြံပြုချက်များ ဆောင်ရွက်နေမှုအပေါ် ပြန်လည်သုံးသပ်ရန် ဒေသအဆင့်လုပ်ငန်းစီမံချက် ၂၀၁၅-၂၀၂၀ (Regional Action Plan for ASEAN Heritage Park 2015-2020)ကို အလေးထားရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းဝန်ရုံးနှင့် အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနမှ ကိုယ်စားလှယ်များ၊ ပူးပေါင်းအဖွဲ့အစည်းများ၊ အေဂျင်စီများမှ ကိုယ်စားလှယ်များ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုစုပေါင်း ၁၅၇ ဦး တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက်မှ ၂၅ ရက်အထိ နှစ်ရက်ကြာကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(AFD)မှ ယူရိုသန်း ၄၀ ချေးငွေစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၂၄**

မန္တလေးမြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Manadalay Urban Services Improvement Project)အတွက် ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (AFD) မှ ချေးငွေ ယူရိုသန်း ၄၀ ရယူရန် ချေးငွေစာချုပ် (Credit Facility Agreement) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နေပြည်တော်ရှိ Lake Garden Hotel ၌ အောက်တိုဘာ ၃၁ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါချေးငွေ၏ အတိုးနှုန်းမှာ (တစ်နှစ်လျှင်) 6 Months EURIBOR - 40 bp၊ ဆိုင်းငံ့ကာလ ခုနစ်နှစ်၊ ပြန်ဆပ်ကာလ ၁၃ နှစ် စုစုပေါင်း ချေးငွေသက်တမ်း နှစ် ၂၀ ဖြစ်သည်။ ယင်းချေးငွေရယူရန် Credit Facility Agreement အား မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်းနှင့် ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ Director , Mr. Pascal Pacaut တို့က လက်မှတ်ရေးထိုးကြပြီး ပြင်သစ်သံအမတ်ကြီး Mr. Olivier Richard က ပူးတွဲလက်မှတ်ရေးထိုးခဲ့သည်။

ယင်းချေးငွေဖြင့် မန္တလေးမြို့နယ်အတွင်း ရေပေးဝေရေးစနစ် ကောင်းမွန်စေရန်၊ ရေဆိုးစွန့်ပစ်မှုစနစ်စီမံခန့်ခွဲရန်၊ မြို့ပြဝန်ဆောင်မှုများ စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည် ခိုင်မာအားကောင်းလာစေရန်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိ ပြင်သစ်သံအမတ်ကြီးနှင့် ပြင်သစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိ အာရှဖွံ့ဖြိုးရေးဘဏ်မှ Country Director နှင့် ဥရောပသမဂ္ဂ (EU)မှ သံအမတ်ကြီးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# SME လုပ်ငန်းများအား ချေးငွေထောက်ပံ့ရန် သဘောတူလက်မှတ်ရေးထိုး

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ၏ SME လုပ်ငန်းများအား ချေးငွေထောက်ပံ့မည့် အစီအစဉ်အတွက် သဘောတူလက်မှတ်ရေးထိုးပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ရက် နံနက် ၁၀ နာရီတွင် Sule Shangri-La ဟိုတယ်၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ CB Bank Executive Vice Chairman & CEO ဦးကျော်လင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနTreasury Department ၏ Director General ဒေါ်နွဲ့နွဲ့ဝင်းနှင့် ဂျာမနီနိုင်ငံမှ KfW ဘဏ်၏ Country Director Ms. Eva Schneider တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုကဲ့သို့ ဘဏ္ဍာရေးဆိုင်ရာ ပေါင်းစည်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ SME လုပ်ငန်းများအနေဖြင့် ယခင်ထက်ပိုမို၍ ချေးငွေရရှိမှုအဆင်ပြေစေရန် ရည်ရွယ်ခြင်းဖြစ်ပြီး CB Bank သည် မြန်မာနိုင်ငံတွင် SME လုပ်ငန်းများအတွက် ဘဏ္ဍာရေးပံ့ပိုးမှုအမျိုးအစားစုံလင်စွာဖြင့် အစဉ်တစိုက်ဝန်ဆောင်မှုပေးနေသည့် ဘဏ်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**မိုးပိုလာနိုင်**

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

# အောင်စိုးမိုးကျော်-၂ (ခ) ရွှေသီဟ အမြန်ရေယာဉ်နစ်မြုပ်မှုကဲ့သို့ ဖြစ်ရပ်မျိုး နောက်မဖြစ်စေရန် အဘက်ဘက်က ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်

**အမေး၊ အရေး - မော်စီ၊ ဓာတ်ပုံ- ထိန်နန်နော်**

ယခုရက်ပိုင်းတွင် သတင်းမီဒီယာများနှင့် လူမှုကွန်ရက်ခေါ် ဆိုရှယ်မီဒီယာများ၌ နေရာအပြည့်အဝယူထားပြီး ပြည်သူများ အထူးစိတ်ဝင်စားနေသည်မှာ ချင်းတွင်းမြစ်ကြောင်း ဟုမ္မလင်း-မုံရွာ ပြေးဆွဲလျက်ရှိသော အောင်စိုးမိုးကျော်-၂ (ခ) ရွှေသီဟခရီးသည်တင် အမြန်ရေယာဉ် အောက်တိုဘာ ၁၅ ရက်က နစ်မြုပ်မှုဖြစ်စဉ်နှင့်စပ်လျဉ်းသည့် အကြောင်းအရာများဖြစ်သည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်ပြီး ရေယာဉ်နစ်မြုပ်မှုကြောင့် သေဆုံးခဲ့ရသူများကို ပြည်သူအားလုံးက ဝိုင်းဝန်းကရုဏာသက်ပြီး ကျန်ရစ်သူမိသားစုများနှင့် ထပ်တူဝမ်းနည်းကြေကွဲခဲ့ကြသကဲ့သို့ ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်၏ တရားခံများနှင့် တာဝန်ရှိသူများကို ပြစ်တင်ပြောဆိုဝေဖန်မှုများလည်း အများအပြား ထွက်ပေါ်လျက်ရှိသည်။

ပြည်သူများအားလုံး သိချင်နေသည့် မေးခွန်းပေါင်း များစွာနှင့် သို့လော သို့လော မရှင်းမလင်းမှုပေါင်းများစွာကို အမှန်ကိုအမှန်အတိုင်း၊ အရှိကို အရှိအတိုင်း သိရှိနိုင်စေရန်အတွက် ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ်တွင် သေဆုံးသူများနှင့် နစ်နာသူများအား နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် ပို့ဆောင်ရေးဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီး**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

အောက်တိုဘာ ၁၅ ရက် မနက် ၅ နာရီခန့်က ဖြစ်ပွားခဲ့တဲ့ အောင်စိုးမိုးကျော် ရေယာဉ်တိမ်းမှောက်မှုနဲ့ ပတ်သက်ပြီး အသက်ဆုံးရှုံးသွားရတဲ့သူတွေ ရှိပါတယ်။ လွတ်မြောက်လာတဲ့သူတွေလည်း ရှိတယ်။ ဒါနဲ့ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တိုင်းဦးစီးမှူးကို သတင်းကြားကြားချင်း ချက်ချင်းပဲ လွှတ်လိုက်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ နဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ လွတ်မြောက်လာတဲ့သူတွေ တွေ့တယ်။ လွတ်မြောက်လာတဲ့သူ ၁၅၉ ဦးရှိတယ်။

လွတ်မြောက်လာတဲ့ ၁၅၉ ဦးဟာ သူတို့နေရပ်ကို ပြန်ဖို့ (သို့မဟုတ်) သူတို့နဲ့ပါလာတဲ့သူတွေ၊ ဆုံးရှုံးသွားတာတွေနဲ့ ပတ်သက်ပြီး သိရှိဖို့ ဗျာများကြတာပေါ့။ ဘာပဲဖြစ်ဖြစ် အဲဒီအချိန်အခါမှာ ကိုယ်လွတ်ရုန်းခဲ့ရတဲ့အတွက်ကြောင့် သူတို့မှာ လိုအပ်တဲ့ကိစ္စတွေရှိတယ်။ ဒါကြောင့် လိုအပ်တာတွေကို ဖြည့်ဆည်းပေးတယ်။ အဓိကကတော့ လတ်တလောသုံးစွဲနိုင်ဖို့ တစ်ဦးကို ငွေကျပ် ၂၀၀၀၀ ထောက်ပံ့ပါတယ်။ ဒီလို ဆောင်ရွက်ပြီးတဲ့အခါမှာ တိုင်းဦးစီးမှူးက အစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီး ဆက်လက်ရှာဖွေကယ်ဆယ်တဲ့ လုပ်ငန်းတွေဆောင်ရွက်ပါတယ်။

သဘာဝဘေးနဲ့ပတ်သက်ရင် နိုင်ငံတော်မှာ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဆိုတာရှိတယ်။ အမျိုးသားသဘာဝဘေးလို့ဆိုပေမယ့် အဲဒီဘေးတွေ တော်တော်များများကို ကြည့်လိုက်လို့ရှိရင် သဘာဝအလျောက်ဖြစ်တဲ့ ဘေးဆိုတာက တကယ်တမ်းဆိုရင် နည်းတယ်။ လူလုပ်တဲ့ ဘေးသက်သက်ဆိုတာလည်း နည်းတယ်။ ဒါပေမယ့် လူကြောင့်နဲ့ သဘာဝနဲ့တွဲပြီးတော့ ဖြစ်တဲ့ဘေးတွေက များနေတယ်။ အဲဒီမှာ ကြိုတင်ကာကွယ်တဲ့အပိုင်းတွေ လုပ်လို့ရတာရှိတယ်။ တကယ်ဖြစ်ရင် ထိထိရောက်ရောက် ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့ အပိုင်းတွေလည်းရှိတယ်။ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီတွေ၊ လုပ်ငန်းကော်မတီတွေ ဖွဲ့ပြီးလုပ်တယ်။ ဒါတွေဟာ သဘာဝဘေးလား၊ လူလုပ်တဲ့ဘေးလား အဲဒီလိုမခွဲခြားဘဲ ဘေးဖြစ်တယ်ဆိုတာနဲ့ ကူညီတဲ့အပိုင်းတွေရှိတယ်။ ဒီမှာလည်း ဘေးဖြစ်တာနဲ့ ချက်ချင်းတုံ့ပြန်မှုအပိုင်းကို ဆောင် ရွက်တယ်။

အမျိုးသားကော်မတီကနေပြီးတော့ အဆင့်ဆင့်သော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အထိ ဖွဲ့စည်းထားတာတွေရှိတယ်။ အဲဒီအဖွဲ့အစည်းကနေပြီး ဆောင်ရွက်နေတယ်။ ချက်ချင်းပဲ ဆောင်ရွက်တယ်။ မီးသတ်ဦးစီးဌာနကလည်း ပါတယ်။ ပြည်သူ့ရဲပါတယ်။ ကြက်ခြေနီတွေလည်းပါတယ်။ တပ်မတော်



လည်း ပူးပေါင်းကူညီတဲ့ကိစ္စတွေရှိတယ်။ အဓိကက ပြည်သူလူထုပါဝင်တယ်။ အဲဒီကိစ္စတွေကို ချက်ချင်းဆောင်ရွက်တယ်ဆိုတဲ့ အကြောင်း ကျွန်တော်တို့ကြားရတယ်။ ရပ်ရွာကလည်း အလွန်ကောင်းတယ်လို့ သိခဲ့ရတယ်။ ရပ်ရွာကလူတွေနဲ့ အကုန်လုံး ပူးပေါင်းဆောင်ရွက်ပြီးတဲ့အခါ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆက်လုပ်ပါတယ်။

အဲဒီတော့ ရှာဖွေကယ်ဆယ်ရေး အပိုင်းတွေကတော့ ကြိုးစားပြီး လုပ်ဆောင်ကြပါတယ်။ သေဆုံးတဲ့အလောင်းတွေ ပေါ်လာတဲ့ကိစ္စမှာလည်း တိုင်းဒေသကြီးက စနစ်တကျ ဆောင်ရွက်ထားတယ်လို့ သိရတယ်။ ကျွန်တော်တို့ အောက်တိုဘာ ၂၃ ရက်က မုံရွာကိုရောက်တယ်။ တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံးမှာ သေဆုံးသွားတဲ့သူတွေနဲ့ ပိုင်ရှင်ပေါ်တဲ့သူတွေကို စုရုံးပြီး နိုင်ငံတော်ရဲ့ ထောက်ပံ့မှုတွေပြုလုပ်ခဲ့ပါတယ်။ နှစ်သိမ့်အားပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

ကျွန်တော်တို့ ဘယ်လိုထောက်ပံ့လဲဆိုတော့ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး တစ်ဦးကို ငွေကျပ်ငါးသိန်းနှုန်းနဲ့ လူ ၅၀ အတွက် ငွေကျပ်သိန်း ၂၅၀၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တစ်ဦးကို ငွေကျပ် သုံးသိန်းနှုန်းနဲ့ လူ ၅၀ အတွက် ငွေကျပ် သိန်း ၁၅၀ လှူဒါန်းခဲ့ပါ တယ်။ Market Tarding Co.Ltd က တစ်ဦးကို ငွေကျပ် နှစ်သိန်းနှုန်းနဲ့ လူ ၅၀ အတွက် ငွေကျပ်သိန်း ၁၀၀၊ ကျန်တဲ့ အလှူရှင်တွေလည်း အဲဒီမှာရှိနေတာကို တွေ့ရတယ်။ ကျွန်တော် တို့ အချုပ်ကျတွက်ပြီးတော့ လှူဒါန်းလိုက်တဲ့အခါ လူ ၅၀ မှာ တစ်ဦးကို ငွေကျပ် ၁၇ သိန်း ရရှိသွားပါတယ်။ ဒါပေမယ့် ဒါပြီးသေးတာ မဟုတ်ပါဘူး။

ထပ်ပြီးအလှူရှင်တွေ ပေါ်ပေါက်လာတဲ့အခါမှာ အစိုးရအဖွဲ့က ဦးဆောင်ပြီး ဒါကိုဆက်လက်ပြီး ထောက်ပံ့သွားမှာ ဖြစ်ပါတယ်။ ကျန်တဲ့ ၇၃ ယောက် အလောင်းတွေ ရတယ်။ ခွဲခြားနိုင်တာက ပိုင်ရှင်ပေါ်တာ ၅၀ ရှိပြီးတော့ ကျန်တဲ့သူတွေ ရှိသေးတယ်။ အဲဒီတော့ သူတို့တွေ ပိုင်ရှင်ပေါ်လာတယ်။ တကယ်အတိအကျဖြစ်လာပြီဆိုရင် တိုင်းဒေသကြီးက ထောက်ပံ့ဖို့ စီစဉ်ထားတာရှိပါတယ်။ နိုင်ငံတော်ရော၊ ပုဂ္ဂလိကရော လှူမယ့်သူတွေကလည်း ဆက်လက်ပြီးတော့ လှူဒါန်းသွားမယ်ဆိုတာကို ပြောချင်ပါတယ်။

နောက်တစ်ခု အဲဒီမှာ သေဆုံးသွားတဲ့သူတွေနဲ့ ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရက စနစ်တကျစီမံဆောင်ရွက်ထားတာကို တွေ့ရတယ်။ သူတို့မှတ်တမ်းတွေ တင်ထားတယ်။ ဒီအတိုင်း ထားလို့မရတဲ့အတွက်ကြောင့် မြေမြှုပ်သင်္ဂြိုဟ်ရတာတွေရှိတယ်။ ပိုင်ရှင်မပေါ်သေးတဲ့သူတွေကိုလည်း သူ့နေရာနဲ့သူ နံပါတ်တွေတပ်ပြီး ကျကျနနတိုင်စိုက်ပြီး လုပ်ထားတာတွေလည်းရှိသလို မြေမမြှုပ်ခင်မှာဘဲ ဓာတ်ပုံတွေရိုက်ထားတယ်။ ပိုင်ဆိုင်တဲ့ ပါလာတဲ့ပစ္စည်းတွေ၊ မှတ်တမ်းတွေ ကျကျနနယူထားတယ် စသဖြင့် တော်တော့်ကို စနစ်တကျလုပ်ထားတဲ့ အစီအစဉ်ကိုလည်း တွေ့ခဲ့ရပါတယ်။ နောက်ထပ်ပိုင်ရှင်ပေါ်လာသူတွေအနေနဲ့လည်း ကျွန်တော်တို့က ဆက်လက်ထောက်ပံ့သွားမှာတွေရှိပါတယ်။

လုပ်ဆောင်ခဲ့တဲ့အပိုင်းကို ပြန်စဉ်းစားရင် နိုင်ငံတော်က ပူးပေါင်းပြီးပံ့ပိုးတဲ့ အပိုင်းတွေရှိသလို ပုဂ္ဂလိကအလှူရှင်တွေကလည်း လှူကြတာတွေ အများကြီးရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင် (ဆိပ်ကြီးခနောင်တို့)က ဆရာ ဆရာမတွေအတွက်ဆိုပြီး အဖွဲ့လေး သီးခြားဖွဲ့ထားတာရှိတယ်။ သူတို့အဖွဲ့က ဆရာ ဆရာမတွေအတွက် သီးသန့်ငွေသိန်း ၁၄၀ ထောက်ပံ့တာတွေ့တယ်။ အနာဂတ်အလင်းတန်းက စုစုပေါင်း လှူဒါန်းငွေကျပ် သိန်း ၁၁၀၀ ၊ အေးငြိမ်းချမ်းသာ ရေယာဉ်အသင်းက ငွေကျပ်သိန်း ၂၀၀၊ ဝင်းပပထွန်းရွှေပန်းထိမ်က ငွေကျပ် ၁၀ သိန်း၊ ဟုမ္မလင်းရွှေကုမ္ပဏီက ငွေကျပ် ၁၇ သိန်းသုံးသောင်း၊ တင်ဝင်းထွန်းကုမ္ပဏီ (မုံရွာ)က ငွေကျပ် ၁၅ သိန်း၊ ရောဝတီ Green Towers Co.Ltd က ငွေကျပ် ၁၀ သိန်း၊ မစက(မုံရွာ)က ငွေကျပ်သိန်း ၅၀၊ ကိုလင်းလင်း - မချစ်သုဝေတို့အဖွဲ့က ငွေကျပ်သိန်း ၃၀ ၊ ဇာတ်မင်းသား ဖိုးချစ်က ငွေကျပ် သိန်း ၅၀ စသဖြင့် လှူဒါန်းထားတာကို တွေ့ရပါတယ်။ ဒါတွေကိုလည်း စနစ်တကျတွက်ချက်ပြီး အချိုးကျ လှူဒါန်းခဲ့ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က ကူညီထောက်ပံ့မှုတွေ ဆောင်ရွက်ခဲ့သလို တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ပိုင်ရှင်ပေါ်တဲ့ သေဆုံးသူ ၅၀ အတွက် တစ်ဦးကို သုံးသိန်းနှုန်းနဲ့ သိန်း ၁၅၀ ထောက်ပံ့ကူညီပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်သူကို ထောက်ပံ့ပေးအပ်တဲ့နေရာမှာ အသက်အာမခံနဲ့ပတ်သက်ပြီး သေဆုံးသွားသူတွေအတွက် တစ်ဦးကို ငွေကျပ် ၁၀ သိန်း ပေးအပ်သွားမယ်လို့ သိရပါတယ်။

အဲဒီနောက် ပြန်ပြီးဆွေးနွေးကြပါတယ်။ ကျွန်တော်တို့နဲ့ အတူတူ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးလည်းပါပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီး နောင်ဒီလိုမဖြစ်ဖို့ ဆက်ပြီးလုပ်ရမယ့် လုပ်ငန်းတွေရှိပါတယ်။ လုပ်ရမယ့် လုပ်ငန်းတွေကိုလည်း အသေးစိတ် ဆွေးနွေးခဲ့တာတွေ ရှိပါတယ်။ ရေလမ်းကြောင်းကနေ သွားရတယ်။ ဒီလိုအခါကြီး ရက်ကြီးတွေမှာထွက်တဲ့ အမြန်ယာဉ်၊ ရေယာဉ်တွေ မလုံလောက်ဘူး၊ ရေယာဉ်တွေမလုံလောက်လို့ ဒီလိုမျိုးဖြစ်တယ်။ လူပိုတွေတင်တယ်။ ရေကြောင်းတစ်ခုတည်းကိုပဲ အားကိုးနေရတဲ့အစား ကုန်းလမ်းဘက်ကရော မရဘူးလားဆိုတဲ့ နည်းတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဆွေးနွေးခဲ့ပါတယ်။ ကုန်းလမ်းမှာလည်း တကယ်တမ်းဆိုရင် လမ်းပေါက်တဲ့လမ်းရှိတယ်။ အဲ့ဒီလမ်းကို ပြုပြင်ဖို့အတွက် လုပ်ဆောင်စရာကိစ္စတွေလည်းရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ရေလမ်းတစ်ခုတည်း အားမကိုးဘဲ ကုန်းလမ်းကိုလည်း ပိုပြီးတော့ သွက်လက်လျင်မြန်အောင် သွားလို့ ရတဲ့နည်းလမ်းတွေ ပေါ်ပေါက်လာရင်တော့ ပိုပြီးတော့ လူတွေအတွက် ကောင်းတယ်။ အဲဒီလိုအစီအစဉ်တွေရှိသလို ပြည်သူတွေဘက်ကို အသိပညာပေးတဲ့ အပိုင်းတွေကိုလည်း ကျွန်တော်တို့ လုပ်ဆောင်ဖို့လိုတယ်ဆိုတာကို တွေ့ရပါတယ်။

တကယ်တမ်းဆိုရင် ရေလမ်းကြောင်းပဲဖြစ်ဖြစ်၊ ကုန်းလမ်းကြောင်းပဲဖြစ်ဖြစ် ခရီးသွားလာရေးနဲ့ ပတ်သက်လို့ရှိရင် လိုက်နာရမယ့် ဥပဒေတွေဆိုတာရှိပါတယ်။ ထုတ်ပြန်ထားတဲ့ နည်းဥပဒေနဲ့ စည်းကမ်းချက်တွေရှိပါတယ်။ ဒီစည်းကမ်းချက်တွေကို လိုက်နာရပါမယ်။ ဥပဒေတွေကို လေးစားပြီးတော့ ထုတ်ထားတဲ့နည်းဥပဒေ၊ စည်းကမ်းချက်တွေကို လိုက်နာပြီးဆောင်ရွက်ရင် ဒီလိုမျိုးဖြစ်တဲ့ကိစ္စတွေ လျော့နည်းမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ စည်းကမ်းကို နောက်တစ်ခါ မဖောက်ဖျက်အောင် ဆောင်ရွက်ဖို့ ဆွေးနွေးတိုင်ပင်ခဲ့တယ်။ တကယ်လည်း နိုင်ငံတော်အစိုးရက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်မယ့်ကိစ္စရှိပါတယ်။ အဲဒါအပြင် ပြည်သူတွေက ဒီစည်းကမ်းတွေကိုသိဖို့ ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်ပညာပေးရပါမယ်။

နိုင်ငံတော်အပိုင်းကလည်း လုပ်ဆောင်ပေးရမယ့်အပိုင်းတွေမှာ လမ်းပန်းဆက်သွယ်ရေးကောင်းအောင် လုပ်ပေးမယ့် အပိုင်းတွေကိုလည်း ဆက်လက်ဆောင်ရွက်ဖို့ စီစဉ်ထားတာတွေ ရှိပါတယ်။ မနေ့က ကျွန်တော်တို့သွားပြီး ပြည်သူလူထုကို နှစ်သိမ့်တယ်။ ပြည်သူလူထုနဲ့ ထိတွေ့တယ်။ ထောက်ပံ့ကြေးတွေ ပေးခဲ့တာဟာ ဖြစ်ခဲ့တဲ့ဖြစ်စဉ်မှာ ခဏလေးနဲ့မေ့သွားလို့ရတဲ့ကိစ္စမျိုးမဟုတ်ဘူး။ နောက်ဒီလိုမျိုး ထပ်မဖြစ်အောင်ဆိုတဲ့ စိတ်နဲ့ ဆောင်ရွက်ခဲ့တာလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူ့ဘက်ကိုအလေးထားပြီး ပြည်သူ့အတွက်ဆောင်ရွက်ရမယ့်ကိစ္စတွေ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ဦးကျော်မျိုး၊ ဒုတိယဝန်ကြီး**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

ရေယာဉ်နစ်မြုပ်မှုဖြစ်တယ်ဆိုတာ သိသိချင်း ၁၅ ရက်နေ့မှာပဲ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးနဲ့ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူးတို့ကို ဖြစ်စဉ်ဖြစ်တဲ့နေ့က ချက်ချင်းစေလွှတ်ခဲ့ပါတယ်။ ဒီလ ၁၅ ရက်နေ့မှာပဲ ဝန်ကြီးဌာနက ရေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ပြီးတော့ စုံစမ်းစစ်ဆေးဖို့ စာထုတ်ပြန်ခဲ့ပါတယ်။ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဆောင်တဲ့ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီးတော့ အရင်ဆုံး အထက်မြန်မာပြည် ရေကြောင်း ပို့ဆောင်ရေး ညွှန်ကြားရေးမှူးကို စေလွှတ်ခဲ့ပါတယ်။ ၂၀ ရက်နေ့မှာ စုံစမ်းစစ်ဆေးရေးတွေ စတင်ပါတယ်။ အဲဒီအချိန်မှာ ကယ်ဆယ်ရေးတွေ လုပ်နေတဲ့အချိန်ဖြစ်ပါတယ်။

စုံစမ်းစစ်ဆေးတဲ့ သဘောသဘာဝကတော့ သက်သေတွေ စစ်ဆေးမယ်။ စာရွက်စာတမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေ အကုန်ခေါ်တွေ့ စစ်ဆေးရမှာဖြစ်တဲ့အတွက် ချက်ချင်း ကျွန်တော်တို့ လုပ်ငန်းကို စတင်ဆောင်ရွက်ဖို့က ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေတဲ့ တာဝန်ရှိသူတွေ အနှောင့်အယှက်မဖြစ်အောင် ဂရုပြုရပါတယ်။ အဲဒီအချိန်မှာ ကယ်ဆယ်ရေးလုပ်ငန်းဟာ အရေးကြီးပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေ လက်စသတ်တဲ့ အချိန်လောက်မှာပဲ စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ဆေးရေးကို ဆောင်ရွက်ပါတယ်။ အခုလည်း ဆက်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒီအစီရင်ခံစာကိုတော့ လကုန် ၃၁ ရက်နေ့ နောက်ဆုံးထားပြီးတော့ တင်ပြဖို့ ညွှန်ကြားထားတာရှိပါတယ်။

ရေယာဉ်နစ်မြုပ်မှုဖြစ်ရပ်က ဘယ်သူ့တာဝန်ဖြစ်မလဲ။ ဘယ်သူနဲ့ သက်ဆိုင်မလဲ။ ဘယ်သူ့ရဲ့ စီမံကွပ်ကဲမှုအောက်မှာ ရှိလဲဆိုတာ အများပြည်သူတွေအနေနဲ့ သိချင်မှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကနေ ပုဂ္ဂလိကရေယာဉ်တွေ စနစ်တကျပြေးဆွဲရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေ ထုတ်ပြန်ခဲ့ပါတယ်။ ကမ်းရိုးတန်းနဲ့ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ပိုင်ခွင့်ဆိုင်ရာ ဥပဒေကို ၂၀၁၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြည် တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေကို ၂၀၁၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။

ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း



လုပ်ပိုင်ခွင့်ဥပဒေဟာ အတိအကျ လုပ်ငန်းလုပ်ပိုင်ခွင့် သတ်မှတ်ချက်တွေပါရှိပါတယ်။ ပြည်တွင်းရေကြောင်းသွား ဥပဒေကတော့ ဘာနဲ့ပတ်သက်လဲဆိုတော့ ပြည်တွင်းရေကြောင်းမှာ ခုတ်မောင်းအသုံးပြုတဲ့ ရေယာဉ်တွေ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးခြင်း၊ တိုင်းတာ စစ်ဆေးပြီးတော့ လက်မှတ်ထိုးပေးတာ၊ ရေယာဉ်အုပ်၊ စက်ခန်းအုပ်တို့ရဲ့ ကျွမ်းကျင်မှုလက်မှတ် စိစစ်ထုတ်ပေးတာနဲ့ အဓိကသက်ဆိုင်ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ထားတဲ့ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးဆိုင်ရာ ဥပဒေနဲ့ နည်းဥပဒေတွေကတော့ ဒီပုဂ္ဂလိကရေယာဉ်တွေ ပြေးဆွဲတဲ့နေရာမှာ စနစ်တကျဖြစ်ဖို့အတွက် စနစ်တကျပြေးဆွဲရေးဆိုင်ရာ ကော်မတီတွေ ဖွဲ့စည်းမယ်၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီတွေ ဖွဲ့စည်းမယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ သတ်မှတ်ချက်တွေ ပါရှိပါတယ်။ အခုဖြစ်ရပ်မှာကြည့်မယ်ဆိုရင် စုံစမ်းစစ်ဆေးရေးအဖွဲ့က ဒီဥပဒေပိုင်းဆိုင်ရာမှာလည်း လေ့လာသုံးသပ်နေတာတွေ ရှိပါတယ်။ ဒါတွေလည်း တင်ပြမှာပါ။ ပြည်ထောင်စုအဆင့် ဥပဒေမှာရော တိုင်းဒေသကြီးအဆင့် ဥပဒေမှာပါ တချို့အားနည်းချက်လေးတွေ တွေ့ရှိရမှာဖြစ်ပါတယ်။

ဒီဖြစ်ရပ်မှာ ဘယ်သူ့မှာ တာဝန်ရှိလဲဆိုရင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပြည်ထောင်စုအဆင့် ကြီးကြပ်ရမယ့်အပိုင်းတွေ ရှိတဲ့အတွက် ကျွန်တော်တို့မှာလည်း တာဝန်ရှိပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဒေသခံအာဏာပိုင်တွေမှာလည်း တာဝန်ရှိပါတယ်။ ရေယာဉ်အသင်း၊ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်တွေမှာလည်း တာဝန်ရှိပါတယ်။ တာဝန်ရှိတယ်ဆိုတဲ့အတိုင်း ပြုပြင်ပြောင်းလဲဖို့လည်း အဆင့်ဆင့်မှာ ရှိပါတယ်။ ဒါတွေကို ပူးပေါင်းဆောင်ရွက်မှရမှာပါ။ သက်ဆိုင်ရာအဖွဲ့အစည်းတွေသာမက ပြည်သူလူထုတွေကပါ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်ပါတယ်။

*စာမျက်နှာ ၈ ကော်လံ ၅ သို့*

✳ *ကျောဖုံးမှ*

ဝိုင်းဝန်းဆောင်ရွက်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက အဖွဲ့တွေလည်း ဝိုင်းဝန်းဆောင်ရွက်ပါတယ်။ မိုးကာအုပ်တဲ့နေရာမှာလည်း မိုးကာအုပ်တဲ့ ရည်ရွယ်ချက်က မိုးကာအုပ်ဖို့အတွက်ကို ဝါးငြမ်းဆင်တဲ့အလုပ်တွေကို အရင်ဆင်ရတယ်။ ဖြစ်ပြီးသားတွေကို ဆက်ပြီးတော့ ပြိုကျမသွားအောင် ဝါးငြမ်းနဲ့ ထိန်းသိမ်းရတဲ့လုပ်ငန်းတွေ ဆောင်ရွက်ရပါတယ်။

တချို့ကျတော့လည်း ဝါးငြမ်းဆင်ပြီးတော့မှ အပေါ်က အလေးချိန်လျှော့ချရတဲ့အနေအထားတွေရှိပါတယ်။ အဲဒီအတွက်လည်း ဝါးငြမ်းဆင်တဲ့ လုပ်ငန်းတွေဆောင်ရွက်ရပါတယ်။ ကျွန်တော်တို့ဌာနရယ်၊ ပရဟိတအဖွဲ့တွေရယ်၊ ဆောက်လုပ်ရေးအဖွဲ့တွေရယ် ဝိုင်းဝန်းဆောင်ရွက်တဲ့အတွက်ကြောင့် အရေးကြီးနေတဲ့၊ အရေးပေါ်လုပ်ရမယ့် လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အဲဒီအချိန်မှာပဲ ဘုရားတွေပေါ်မှာ အလေးချိန်မမျှတဲ့ ဝန်တွေကို ထမ်းနေရတဲ့အတွက်ကြောင့် ပြန်ပြီးလျှော့ချတာတွေ ဆောင်ရွက်ရပါတယ်။ နံရံတွေလန်နေတဲ့အပိုင်းတွေကို ဒေါက်တွေထောက်တယ်။ အတွင်းကနေ တားဒေါက်တွေထောက်တယ်။ နံရံအက်ကြောင်းတွေကနေ မိုးရေယိုနိုင်လောက်တဲ့အနေအထားမှာလည်း လိုင်းမော်တာနဲ့ ထုံးသရိုးတွေနဲ့ လိုင်းတွေကို လိုက်ပိတ်တယ်။ တချို့ဘုရားတွေမှာ နိုင်လွန်ခါးပတ်တွေနဲ့ အောက်ခြေတွေမှာ ပြိုကျနိုင်တဲ့အနေအထားတွေကို ထိန်းနိုင်သမျှ ထိန်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ အဆူခြောက်ဆယ်လောက်ကို မပျက်စီးနိုင်မယ့် အနေအထားလောက်အထိ ထိန်းသိမ်းထားနိုင်ပြီဖြစ်ပါတယ်။

သဗ္ဗညုဘုရားကြီးကိုလည်း ထိန်းသိမ်းမှုတွေ ဆောင်ရွက်နေပါတယ်။ ကျွမ်းကျင်ပညာရှင်အဖွဲ့တွေနဲ့ ဆောင်ရွက်လျက်ရှိသလို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်ကိုလည်း ဒီပညာရှင်တွေရဲ့ အကြံပြုချက်တွေနဲ့ လက်ရှိအနေအထားတွေကို ကြံ့ခိုင်မှုရှိမရှိစစ်ဆေးပြီးတော့ ဘယ်လိုနည်းပညာကိုသုံးပြီးတော့ ဆောင်ရွက်ရမယ်ဆိုတာကိုရွေးပြီး ရေရှည်ဆောင်ရွက်ရမယ့်အရာတွေကို ဆက်လက်ဆောင်ရွက်သွားရမှာပါ။

ပျက်စီးသွားတဲ့ဘုရားတွေမှာ ဦးစားပေးစနစ်သုံးမျိုးခွဲထားတယ်။ ပထမဦးစားပေးက ဆက်လက်ပြိုကျ ပျက်စီးသွားနိုင်တဲ့ ဘုရားတွေ၊ အပြင်ကကြည့်တော့ မပျက်စီးဘဲနဲ့ အတွင်းကြေ ကြေနေတဲ့ဘုရားတွေ၊ Structure မှာ ပျက်စီးနေတဲ့ဘုရားတွေပေါ့။ ပျက်တော့ပျက်စီးသွားပြီ ပျက်စီးမှုပမာဏတော့ များတယ်။ ဆက်လက်ပျက်စီးနိုင်တဲ့အနေအထား မရှိတော့ဘူးဆိုရင် ဒုတိယ ဦးစားပေးပေါ့။ တတိယ ဦးစားပေးကတော့ အပေါ်ယံ သာမန်အနေအထားပျက်စီးတဲ့ အနေအထားမျိုးတွေပေါ့။ ပုဂံမှာဘုရားပေါင်းက သုံးထောင်ကျော်ရှိတယ်။ ဘယ်ဘုရားသွားသွား အနည်းနဲ့အများ ပျက်စီးမှုလေးတွေတော့ ရှိတယ်။ ကျွန်တော်တို့ဌာနက ပထမဦးစားပေးအနေနဲ့ ဘတ်ဂျက်အရ ပြင်မှာကတော့ စုစုပေါင်း ၆၂ ဆူပေါ့။ အဲဒီအထဲက အရေးပေါ်ထိန်းသိမ်းတဲ့ လုပ်ငန်းတွေဆောင်ရွက်နေတာပေါ့။ နံပါတ်တစ် ငြမ်းတွေဆင်တယ်၊ ဆက်ပြီး ပြိုကျနိုင်တာတွေကိုတော့ နိုင်လွန်ခါးပတ်တွေနဲ့ ထိန်းတယ်။ တချို့ဘုရားတွေကျတော့ ပစ္စယံတွေလန်ကျသွားနိုင်တာတွေကို သစ်သားတွေနဲ့ ဒေါက်ထောက်ထားတယ်။ အပေါ်က ရေမဝင်နိုင်အောင် ထုံးနဲ့ ရေပိတ်လွှာတင်ပြီး ပြန်ပိတ်ထားတယ်။ နောက် မိုးကာတွေ အုပ်ပေးထားတယ်။ နောက်ပြီးတော့ တုန်ခါတာတွေကို ထိန်းနိုင်ဖို့အတွက် မြေကြောဖြတ်တာတွေ လုပ်တယ်။ အခုတော့ အချိန်မီထိန်းသိမ်းခဲ့တော့ ပျက်စီးနိုင်မယ့် အနေအထားတော့ လျော့သွားပါပြီ။ ပထမ ရှေးဦးထိန်းသိမ်းမှုအနေနဲ့ကတော့ ကျွန်တော်တို့ ကယ်ထားနိုင်တဲ့အနေအထားရောက်နေပါပြီ။ ကျွန်တော်တို့ဌာနအနေနဲ့ လူအင်အားလည်း နည်းနေတယ်။ နယ်မြေ ၁၁ ခုမှာ အဆူပေါင်း သုံးထောင်လောက်ရှိတဲ့အတွက် နယ်မြေတစ်ခုမှာ ပျမ်းမျှ သုံးရာလောက်ရှိတာမှာ အင်ဂျင်နီယာက ကျွန်တော်အပါအဝင်မှ လေးယောက်ပဲရှိတယ်။ Expert Team မှာ ဘယ်လိုအဖွဲ့တွေပါလဲဆိုရင် မြန်မာနိုင်ငံ အင်ဂျင်နီယာအဖွဲ့တွေပါတယ်။ နောက် ‌‌‌ေလျှင်ပညာရှင်တွေပါတယ်။ ဗိသုကာပညာရှင်တွေပါတယ်။ ဆောက်လုပ်ရေးအင်ဂျင်နီယာတွေပါတယ်။

ကျွန်တော်တို့ဌာနအနေနဲ့ Minimum Intervention, Miximun Protection ဆိုတာ ကိုင်ထားရတယ်။ Minimum Intervention ဆိုတာက မလွဲမရှောင်သာတဲ့ အနေအထား လောက်ပဲထိတာ ကောင်းတယ်။ တတ်နိုင်သရွေ့ကတော့ ကာကွယ်နေတာ အကောင်းဆုံးပဲ။ ဒါမှ ရှေးဟောင်းအရာဝတ္ထုတစ်ခုရဲ့ တန်ဖိုးကမြင့်မှာ၊ တန်ဖိုးကျသွားမယ်ဆိုရင် သူ့ရဲ့ သမိုင်းတန်ဖိုးက ကျသွားမယ်။ ဒီသမိုင်းတွေကလည်း ပြောရမယ်ဆိုရင် အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ထိန်းနေရတာပါ။ တကယ်တမ်းတော့ နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်။ အားလုံးပူးပေါင်းထိန်းသိမ်းမယ်ဆိုရင်တော့ မကြာတော့တဲ့ကာလမှာ ကိုယ့်အမွေအနှစ်ကြီး မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ လူနည်းစုနဲ့ ထိန်းရတဲ့အခါကျတော့ နှစ်ကာလတွေကြာအောင် အများကြီး အလုပ်လုပ်ရမှာပါ။

**Mr. Kie Weise**

**ယူနက်စကိုမှ ဗိသုကာပညာရှင်**

ကျွန်တော့်အနေနဲ့ ယဉ်ကျေးမှုဆိုင်ရာဒေသများ ၊ ကမ္ဘာ့အမွေအနှစ် တင်သွင်းမှုမှာ လိုအပ်တဲ့ စီမံခန့်ခွဲမှုအစီအစဉ်နဲ့ ပတ်သက်ပြီးတော့ တာဝန်ယူဆောင်ရွက်ခဲ့တာ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကတည်းကပါ။ ပုဂံဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်တင်သွင်းဖို့နဲ့ ပတ်သက်ပြီးလုပ်ငန်းဆောင်ရွက်မှုတစ်ခုဖြစ်တဲ့ ယဉ်ကျေးမှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေပါတယ်။

ယူနက်စကိုရဲ့ အဓိကလုပ်ငန်းကတော့ coordination နဲ့ producer ဖြစ်ပါတယ်။ အထူးသဖြင့် အခုအခါမှာဆိုရင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနဲ့ ပုဂံငလျင်ဒဏ်ခံအဆောက်အအုံတွေနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်နေပါတယ်။ လက်ရှိကာလမှာ ပထမအဆင့်အနေနဲ့ အရေးပေါ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းမှာ ဘယ်လိုလုပ်ငန်းဆောင်တာတွေ ဆောင်ရွက်ရမယ်ဆိုတာတွေကို ပူးပေါင်းပါဝင်ဆောင်ရွက်နေပါတယ်။ ကမ္ဘာ့အမွေအနှစ် တင်သွင်းမှုလုပ်ငန်းမှာလည်းပဲ ဆောင်ရွက်မှုလုပ်ငန်းနဲ့ ချိတ်ဆက်ပြီးတော့ ဆောင်ရွက်တဲ့ အစီအစဉ်တွေ၊ ဒုတိယအဆင့်ဖြစ်တဲ့ အရေးပေါ်ကာကွယ်ထိန်းသိမ်းမှုပြီးတဲ့အခါမှာ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းအစီအစဉ်မှာလည်း ဘယ်လိုအစီအစဉ်တွေနဲ့ ဆက်လက်ဆောင်ရွက်ဖို့အတွက် ရောက်လာခြင်းဖြစ်ပါတယ်။

ငလျင်လှုပ်တာကတော့ သဘာဝအခြေအနေပါပဲ။ ငလျင်ဒဏ်သင့်အဆောက်အအုံတွေနဲ့ ပတ်သက်ပြီးတော့ အကဲဖြတ်သုံးသပ်ရမယ်ဆိုရင်တော့ အခုမှငလျင်လှုပ်တာမဟုတ်ပါဘူး။ အရင်တုန်းကလည်း လှုပ်ခဲ့ဖူးပါတယ်။ အခု ငလျင်လှုပ်ပြီးတော့ ပြိုကျပျက်စီးတဲ့ အဆောက်အအုံတွေဟာမတိကျမသေချာတဲ့ ပြန်လည်အစားထိုးပြုပြင်တဲ့လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ လုပ်ခဲ့တဲ့အကြောင်း၊ လုပ်ခဲ့တဲ့အရာတွေပျက်စီးမှု၊ နောက်ပိုင်းမှာ ပြန်လည်ပြုပြင်မှုအပိုင်းနဲ့ဆိုင်တဲ့ ဆောင်ရွက်ခဲ့တာတွေက ပျက်စီးပြိုကျမှုများတယ်။ လက်ရှိအဆောက်အအုံတွေနဲ့ ပတ်သက်ပြီးတော့ ကမ္ဘာ့အမွေအနှစ်တင်သွင်းမှုနဲ့ လက်ရှိ ငလျင်ဒဏ်ခံရတဲ့အခြေအနေနဲ့ တိုက်ရိုက်ပတ်သက်ဆက်နွှယ်မှုတော့မရှိပါဘူး။ ဒါပေမယ့် ဘယ်လိုသက်ဆိုင်လဲဆိုတော့ ပျက်စီးသွားတဲ့ ပြောင်းလဲသွားတဲ့အရာတွေကို ဘယ်လိုမျိုး စီမံခန့်ခွဲတယ်။ ဘယ်လိုနည်းစနစ်တွေနဲ့ ဆောင်ရွက်တယ်ဆိုတဲ့ အချက်တွေဟာ ကမ္ဘာ့အမွေအနှစ်တင်သွင်းမှုလုပ်ငန်းအတွက် အရေးပါတဲ့အချက်ဖြစ်ပါတယ်။ ငလျင်ကြောင့် ပျက်စီးသွားတဲ့အပေါ်မှာ မူတည်ပြီးတော့ ဘယ်လိုစနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ခဲ့တယ်။ ဆောင်ရွက်နိုင်တဲ့အရာတွေကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းမှုလုပ်ငန်းမှာ ရေးဖွဲ့တင်ပြလိုက်မယ်ဆိုရင် ဒီအရာတွေဟာ ကမ္ဘာ့အမွေအနှစ်တင်သွင်းမှုလုပ်ငန်းအတွက် အထောက်အကူတောင်ပိုဖြစ်နိုင်ပါတယ်။ ပျက်စီးဆုံးရှုံးမှုနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုအစီအစဉ်တွေ ဆောင်ရွက်မယ်။ ဘယ်အရာတွေကို ဦးစားပေးလုပ်ဆောင်မယ်။ ဘယ်လိုမှတ်တမ်းတွေ ကောက်ယူမယ်။ အစရှိတဲ့ အစီအစဉ်တွေဟာ အလွန်အရေးပါပြီးတော့ ကမ္ဘာ့အမွေအနှစ်တင်သွင်းမှုလုပ်ငန်းအတွက် အထောက်အကူလည်းဖြစ်လာနိုင်ပါတယ်။

**ငလျင်ကြောင့် ပျက်စီးသွားတဲ့အပေါ်မှာ မူတည်ပြီးတော့ ဘယ်လိုစနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်ခဲ့တယ်။ အဲဒီလို ဆောင်ရွက်နိုင်တဲ့အရာတွေကို ကမ္ဘာ့အမွေအနှစ်တင်သွင်းမှုလုပ်ငန်းမှာ ရေးဖွဲ့တင်ပြလိုက်မယ်ဆိုရင် ဒီအရာတွေဟာ ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းမှုလုပ်ငန်းအတွက် အထောက်အကူတောင်ပိုဖြစ်နိုင်ပါတယ်။**

**Mr. Kie Weise (UNESCO Expert)**

**Mr. Vittorio Gallinar**

**ယူနက်စကိုမှ အဆောက်အအုံပိုင်းဆိုင်ရာ အင်ဂျင်နီယာ**

ကျွန်တော်ကတော့ အခု ပုဂံဒေသမှာဖြစ်ပေါ်ခဲ့တဲ့ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရတဲ့ အဆောက်အအုံတွေနဲ့ ပတ်သက်ပြီးအကြံပြုဖို့နဲ့ ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ယူဆောင်ရွက်နေပါတယ်။ အထူးသဖြင့် ပုဂံဒေသကငလျင်ဒဏ်သင့်အဆောက်အအုံတွေ ရေရှည်ကြံ့ခိုင်မှုရှိဖို့အတွက် ဘယ်လိုဆောင်ရွက်မယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဘယ်လိုမှတ်တမ်းတွေတင်ပြီး ဆောင်ရွက်မလဲဆိုတာ အဓိကတာဝန်တစ်ရပ်အနေနဲ့ လာရောက်ခဲ့တာဖြစ်ပါတယ်။ အဆောက်အအုံ ကြံ့ခိုင်မှုအပြင် အဆောက်အအုံမှာရှိတဲ့ ပေါင်းစပ်တည်ဆောက်ထားတဲ့၊ ဖွဲ့တည်ထားတဲ့ အဆောက်အအုံပိုင်းဆိုင်ရာကိစ္စတွေ၊ ငလျင်ဖြစ်တဲ့အခါမှာ ကျရောက်လာတဲ့ အခြေအနေတွေ၊ အဲဒီအခြေအနေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုပစ္စည်းတွေနဲ့ ဘယ်လိုနည်းစနစ်တွေနဲ့ ဆောင်ရွက်မယ် စတဲ့ လိုအပ်ချက်တွေကို ကျွန်တော့်အနေနဲ့ လေ့လာမှတ်တမ်းတင်ရာမှာ ရှေးဟောင်းသုတေသနဦးစီးဌာနကို ကူညီပံ့ပိုးဖို့အတွက်ဖြစ်ပါတယ်။

ဒီကိစ္စဟာ ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ဆိုတာ ကျွန်တော်နားလည်ပါတယ်။ ၁၉၇၅ ခုနှစ်ကလည်း ငလျင်လှုပ်ခဲ့ပါတယ်။ အခု လက်ရှိအနေနဲ့ ပုဂံငလျင်နဲ့ ပတ်သက်ပြီးတော့ အရင်လုပ်ခဲ့တဲ့ ထိန်းသိမ်းပြုပြင်မှု လုပ်ငန်းတွေကို လေ့လာနေပါတယ်။ ၁၉၇၅ ခုနှစ် နောက်ပိုင်းမှာ ဆောင်ရွက်ခဲ့တဲ့ကိစ္စတွေ၊ အဆောက်အအုံဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုအရာတွေအားလုံးကို မှတ်တမ်းတင် ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် ငလျင်လှုပ်တဲ့အခါမှာ အဆောက်အအုံဟာ တစ်စုတစ်စည်းတည်းရှိနေပါတယ်။ အမိုးတွေ၊ အကာတွေ၊ နံရံတွေ၊ ပြတင်းပေါက်တွေဟာ တစ်စုတစ်စည်းတည်း ဖွဲ့တည်ထားတဲ့အတွက်ကြောင့် ရေရှည်ခံဖို့ တည်မြဲဖို့ဆိုတာ တစ်စုတစ်စည်းတည်း အရာတွေကိုစည်းစည်းလုံးလုံးနဲ့ တည်ရှိတွယ်ဆက်နေဖို့အတွက် အရေးကြီးတယ်။ အဲဒီလိုဖြစ်ဖို့အတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို တစ်ခုချင်းစီမဟုတ်ဘဲ အားလုံး တည်တံ့ခိုင်မြဲအောင် စဉ်းစားနေပါတယ်။ အဲဒါဟာ ကျွန်တော်တို့အတွက်လည်း စိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်ပါတယ်။

ကြာချိန်နဲ့ပတ်သက်ပြီး အဆောက်အအုံတွေကို အရေးပေါ်ကာကွယ်ထိန်းသိမ်းရေးတွေလည်း လုပ်နေပါတယ်။ သက်ဆိုင်ရာအဆောက်အအုံတစ်ခုချင်းစီနဲ့ ပတ်သက်ပြီးတော့ ကောက်ယူမှတ်တမ်းတင်တဲ့ လုပ်ငန်းတွေနဲ့ ဆက်စပ်တဲ့ အခြေအနေတွေ၊ အရေးကြီးတဲ့အချက်က ဒီမှာ ဆောင်ရွက်နိုင်ဖို့အတွက် စွမ်းရည်ပြည့်ဝပြီး တာဝန်ယူဆောင်ရွက်မယ့် ဝန်ထမ်းတွေက ဒီအခြေအနေမှာ အရေးကြီးပါတယ်။ အဲဒါကြောင့် အချိန်ယူရဦးမှာပါ။ အဆောက်အအုံတွေနဲ့ ပတ်သက်ပြီးတော့ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်တဲ့ လုပ်ငန်းမှာအရေးပေါ် ထိန်းသိမ်းမှုအပြင် အဆောက်အအုံတွေနဲ့ ပတ်သက်တဲ့ အထင်ကရအချက်အလက်တွေ အရေးပါတဲ့အထောက်အထားတွေ၊ အသေးစိတ်ဆောင်ရွက်ရမယ့် အရာတွေ၊ သမိုင်းတန်ဖိုးနဲ့ပတ်သက်ပြီး ဆုံးဖြတ်ဆက်စပ်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ရမယ့် လုပ်ငန်းတွေ လုပ်ရမှာဖြစ်တဲ့အတွက် ဆောင်ရွက်နိုင်တဲ့ အနေအထားပေါ်မှာ မူတည်ပြီးတော့ အဆောက်အအုံတွေရဲ့ ရေရှည်တည်တံ့မှုကို ချင့်ချိန်တွက်ချက်နိုင်မှာဖြစ်ပါတယ်။

**ဦးသန်းဇော်ဦး**

**ညွှန်ကြားရေးမှူး၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

လက်ရှိဆောင်ရွက်နေတဲ့ အခြေအနေက ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းဖို့ ငလျင်ဒဏ်သင့်ပြီးချိန်မှာ ဘယ်လိုပြင်ဆင်ဆောင်ရွက်တယ်။ အဆင့်လိုက် အဆင့်လိုက် စနစ်တကျ ဘယ်လိုဆောင်ရွက်တယ်ဆိုတာ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းတဲ့လုပ်ငန်းရဲ့ တစ်စိတ်တစ်ပိုင်းအနေနဲ့ တင်ပြတယ်ဆိုရင် သူတို့အနေနဲ့လည်း မြန်မာနိုင်ငံရဲ့ စီမံခန့်ခွဲမှုစနစ်ကို လက်ခံအတည်ပြုပြီးတဲ့အခါမှာ ကမ္ဘာ့အမွေအနှစ်တင်တဲ့ လမ်းကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ ပြယုဂ်တစ်ခုဖြစ်လာမှာပါ။ တစ်နည်းအားဖြင့် ပြောရရင် ငလျင်ဒဏ်တော့ ခံခဲ့ရတယ်။ သို့သော် ခံရတဲ့ငလျင်ဒဏ်ထဲမှာပဲ စနစ်တကျစီမံခန့်ခွဲနိုင်မှု အခြေအနေကိုလည်း တင်ပြနိုင်ပါလိမ့်မယ်။ အဲဒါဟာ ကျွန်တော်တို့နိုင်ငံအတွက် ရလဒ်ကောင်းတစ်ခုဖြစ်လာမှာပါ။ ဒီဇင်ဘာကျရင် ဘယ်လိုနည်းလမ်း၊ နည်းစနစ်တွေနဲ့ ဆောင်ရွက်မယ်။ ဘဏ္ဍာငွေဘယ်လောက်ကုန်ကျနိုင်တယ်ဆိုတာတွေကို ဆွေးနွေးမှာ ဖြစ်တဲ့အတွက် ငလျင်ဖြစ်ပြီး လေးလအတွင်းမှာ စီစဉ်ထားတဲ့အစီအစဉ်ပါ။ ယူနက်စကိုအနေနဲ့ကလည်း နိုဝင်ဘာ၊ ဒီဇင်ဘာမှာ ဆောင်ရွက်မယ်ဆိုတော့ အချိန်အားဖြင့်ကိုက်ညီမှုရှိပါတယ်။ ငလျင်ဒဏ်ခံခဲ့ရပြီး သုံးလနဲ့ လေးလ ကြားမှာ နောက်တစ်ဆင့်အနေနဲ့ ဘယ်လိုဆောင်ရွက်မယ်ဆိုတာကိုလည်း ဆွေးနွေးဖို့ ပြင်ဆင်ထားကြပါတယ်။



ဦးစိုးစိုးလင်း



Mr. Kie Weise



Mr. Vittorio Gallinar



ဦးသန်းဇော်ဦး

---

## ဖက်တန်းဘူတာနှင့် ကျောဇီဘူတာအကြား ရထားဘီးချော်

**မြင်းခြံ အောက်တိုဘာ ၂၄** - မန္တလေးတိုင်းဒေသကြီး ပုဂံဘူတာမှ မန္တလေးမြို့သို့ အောက်တိုဘာ ၂၄ ရက် နံနက် ၇ နာရီက ထွက်ခွာလာသော အမြန်ရထားသည် ညောင်ဦးမြို့နယ် ဖက်တန်းဘူတာနှင့် တောင်သာမြို့နယ် ကျောဇီဘူတာကြား၌ ရထားလမ်းဘီးချော်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပုဂံဘူတာမှ မန္တလေးမြို့သို့ထွက်ခွာလာသော အမှတ်( ၁၁၉ )အဆန် ပုဂံ - မန္တလေးရထား စက်ခေါင်းအမှတ် RBE – 2597 သည် ညောင်ဦးဖက်တန်းဘူတာနှင့် ကျောဇီဘူတာအကြား မိုင်တိုင်အမှတ် (၄၀၇/၁၈-၁၉) ကြား အရောက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ဘီးချော်ကျမှုဖြစ်ပွားရာ ရထားလုံခြုံရေးလိုက်ပါလာသော ရထားရဲတပ်ဖွဲ့ အမှတ်(၁၈)တပ်ခွဲ တပ်စု(၂) မြင်းခြံမှ ရဲဒုတပ်ကြပ်ထွန်းထွန်းမျိုး ဦးစီးသော လေးဦး၊ ပုဂံဘူတာမှ အလုပ်ရုံစိတ်မှူး(စက်မှု) ဦးသိန်းနိုင်ဦး ဦးစီးသည့် ရှစ်ဦးတို့က တွဲ မတင် ပြီးစီးနိုင်ရေးကို ဆောင်ရွက်လျက်ရှိရာ ညနေ ၃ နာရီ မိနစ် ၅၀ အထိ ပြီးစီးမှုမရှိသေးကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# အဆို၊ အက၊ အရေး၊ အတီး မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာအလှများ ဖော်ထုတ်နိုင်ခဲ့ပြီ



ဆိုင်းအဖွဲ့လိုက် အတီးအကဲဖြတ် အဖွဲ့ခေါင်းဆောင် စည်သူ ဦးစိန်ဘမော်

**နေပြည်တော် အောက်တိုဘာ ၂၄**

(၂၂)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲယှဉ်ပြိုင်မှုများ ပြီးဆုံးခဲ့ပြီ။ အောက်တိုဘာ ၂၅ ရက် **(ယနေ့)**၌ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိခဲ့သူများကို ဆုချီးမြှင့်ပြီး ဂုဏ်ပြုတော့မည်ဖြစ်သည်။ ပြိုင်ပွဲဝင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များလည်း ရင်ခုန်နေကြပြီ။ ပြိုင်ပွဲဝင်တိုင်း ရွှေတံဆိပ်ရရှိလိုသူချည်းများဖြစ်ရာ အကဲဖြတ်ဒိုင်များက စနစ်တကျ အကဲဖြတ်ပေးခဲ့သဖြင့် ထိုက်တန်သူများ ဆုတံဆိပ်ရရှိကာ ပြုံးပျော်နိုင်ကြတော့မည်။

"ပြိုင်ပွဲဝင်ဦးရေ နည်းပေမယ့် အရည်အချင်းရှိတဲ့သူတွေချည်း ပါဝင်ယှဉ်ပြိုင်ကြတာတွေ့ရပါတယ်။ အားလုံးပြိုင်ပွဲဝင်ကောင်းမွန်ကြတာမို့ ကျွန်တော်တို့လည်း စနစ်တကျနဲ့ အကဲဖြတ်အမှတ်ပေးခဲ့ကြပါတယ်။ မြန်မာ့ဆိုင်းဝိုင်းတီးပညာရပ်ကို မျိုးဆက်သစ်တွေအတွက် လက်ဆင့်ကမ်းဖို့ဆိုတာ ဒီလိုပြိုင်ပွဲကြီးတွေ နှစ်စဉ်ကျင်းပပေးဖို့တော့လိုပါတယ်" ဟု ဆိုင်းအဖွဲ့လိုက် အတီးအကဲဖြတ်အဖွဲ့ခေါင်းဆောင် စည်သူ ဦးစိန်ဘမော်က ပြောကြားသည်။ ယခုနှစ် ဆိုင်းအဖွဲ့လိုက်ရော၊ တစ်ဦးချင်းဆိုင်းတီးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်သူများ၏ တီးလုံး၊ တီးကွက်များကို တွေ့မြင်ခံစားခဲ့ရာ တကယ့်ပညာရှင်များ သဖွယ်တီးနိုင်ကြ၍ အံ့သြခဲ့ရသည်။

တစ်ဖန် တီးလုံးကျကျ ကကွက်လှလှဖြင့် အဖွဲ့လိုက် ကပြယှဉ်ပြိုင်ခဲ့သော ကဗျာလွတ်အကပြိုင်ပွဲဝင် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့မှ မမေပန်ထိုက်သူကလည်း "ကဗျာလွတ်ကကွက် ၃၉ ကွက်ကို အချိန် ၁၅ မိနစ်ခန့်နဲ့ ညီညီညာညာစုပေါင်းကပြခဲ့တာ အားရကျေနပ်မှုရှိခဲ့ပါတယ်။ ဒါကြောင့် ဆုရရှိနိုင်မယ်လို့ မျှော်မှန်းနေတာပါ။ သမီးတို့တစ်ဖွဲ့လုံးကလည်း ရွှေတံဆိပ်ရရှိအောင် ကြိုးစားခဲ့ပြီးတာမို့ အခုတော့ ဆုတောင်းနေပါတယ်" ဟု ပြောပြသည်။



ကဗျာလွတ်အကပြိုင်ပွဲဝင် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့မှ မမေပန်ထိုက်သူ

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက ၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆုပေးပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအသီးသီးမှ ဆုရရှိခဲ့သူများကို ချီးမြှင့်ဂုဏ်ပြုတော့မည်ဖြစ်ရာ ရွှေတံဆိပ်ရရှိသူတို့ ပြုံးပျော်ကြပေတော့မည်။

ယခုနှစ်တွင် စတင်ထည့်သွင်းကျင်းပသည့် ပလွေပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာအကပြိုင်ပွဲများတွင် မည်သည့်တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုအဖွဲ့များ၊ ပြိုင်ပွဲဝင်များ ဆုရရှိသွားမည်ဆိုသည်ကလည်း စိတ်ဝင်စားစရာဖြစ်နေသည်။ ယခုနှစ်တွင် တိုင်းရင်းသားရိုးရာအကများအဖြစ် ရခိုင်နှင့် ကရင်တိုင်းရင်းသားရိုးရာ အကနှစ်မျိုးကို ရွေးချယ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုအဖွဲ့များက ပါဝင်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

ပြိုင်ပွဲဝင်များအနေဖြင့် တစ်ဦးချင်းပြိုင်ပွဲများ၊ အဖွဲ့လိုက်ပြိုင်ပွဲများကို အပြိုင်အဆိုင် ပါဝင်ဆင်နွှဲကြသည်ဖြစ်ရာ အရည်အချင်းများ၊ ပြိုင်ပွဲဝင်မှုများမှာ ကွာခြားခြင်းမရှိကြချေ ။ တိုင်းရင်းသားပေါင်းစုံ စုစည်းပြီး မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများအပြင် တိုင်းရင်းသားရိုးရာအကများကို တပျော်တပါး ယှဉ်ပြိုင်ဆင်နွှဲကြနိုင်မှုမှာ ပြည်ထောင်စုဥယျာဉ်အတွင်းမှ ရောင်စုံပန်းများ ဖူးပွင့်ဝေဆာခြင်းပင် ဖြစ်နေတော့သည်။

**သတင်း-မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ-တင်စိုး**




## သတင်းအချက်အလက်များ သိရှိလိုပါက မေးမြန်းနိုင်ပါသည်

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာနက အများပြည်သူသို့ မှန်ကန်သောသတင်းအချက်အလက်များ ရရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ လတ်တလောဖြစ်စဉ်များ၊ သတင်းများနှင့်စပ်လျဉ်း၍ မေးမြန်းအတည်ပြုလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များနှင့် email လိပ်စာတို့သို့ ဆက်သွယ်နိုင်ကြောင်း အသိပေးအပ်ပါသည်-

တယ်လီဖုန်း - ၀၆၇-၄၁၂၀၀၂၊ ၀၆၇-၄၁၂၁၃၉၊ ၀၉-၅၀၃၄၅၀၈၊ ၀၉-၈၃၀၆၃၅၈၊
email - myintkyaw103@gmail.com

**ပြန်ကြားရေးဝန်ကြီးဌာန**

❇ *ကျောဖုံးမှ*

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဌာနဆိုင်ရာအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဂျိုက်ကာရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

"ဒီပရောဂျက်က ဂျပန်အစိုးရက ဂျိုက်ကာကတစ်ဆင့် ရေဒါသုံးလုံးနဲ့ အလိုအလျောက် မိုးလေဝသတိုင်းထွာရေးကိရိယာ ၃၀ ပေးအပ်လှူဒါန်းတဲ့ စီမံကိန်းဖြစ်ပါတယ်။ ကျောက်ဖြူရေဒါက ၂၀၁၅ ခုနှစ်မှာ လွှဲပြောင်းပေးပြီး ဖြစ်ပါတယ်။ အခု ရန်ကုန်ရေဒါကို လွှဲပြောင်းပေးအပ်တာဖြစ်ပါတယ်။ မန္တလေးမှာ ဆောက်နေတဲ့ ရေဒါက ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်။ အဲဒီရေဒါစခန်းတစ်ခုစီရဲ့ ကုန်ကျမှုဟာ တစ်ခုကို အမေရိကန်ဒေါ်လာ ၁၀ သန်း စုစုပေါင်း အမေရိကန် ဒေါ်လာ သန်း ၃၀ကျော် ကုန်ကျမှာဖြစ်ပါတယ်။ ရေဒါစခန်းတစ်ခုစီရဲ့ ၂၅၀ ကီလိုမီတာ ပတ်ပတ်လည်မှာ မိုးရွာသွန်းမှု၊ လေတိုက်နှုန်း ပုံရိပ်တွေကို ဖမ်းယူပြီး မိုးလေဝသခန့်မှန်းချက်တွေကို ထုတ်ပြန်ပေးနိုင်မှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင်နိုင်တီယမ်းက ပြောကြားသည်။ မိုးလေဝသ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ခန့်မှန်းပေးနိုင်မည့် စနစ်တစ်ခုလည်း ဖြစ်သည်။

ကျောက်ဖြူနှင့် ရန်ကုန်မြို့ရှိ ရေဒါစခန်းများမှ ဖမ်းယူရရှိသော သတင်းအချက်အလက်များကို နေပြည်တော်ရှိ Data Centre သို့ ပေးပို့ရကြောင်း၊ ယင်းမှတစ်ဆင့် မိုးလေဝသ သတင်းအချက်အလက်များကို ခန့်မှန်းတွက်ချက်ထုတ်ပြန်ပေးကြောင်း သိရသည်။ ယင်း ရေဒါစခန်းများသည် လေကြောင်းပို့ဆောင်ရေးဦးစီးဌာန ရန်ကုန်လေဆိပ်သို့ လေယာဉ်ပျံသန်းမှု လွယ်ကူချောမွေ့စေရေးအတွက် လေတိုက်နှုန်းများကိုလည်း ထုတ်ပြန်ပေးရကြောင်း သိရသည်။

ဂျပန်နိုင်ငံအနေဖြင့် လွန်ခဲ့သော အနှစ် ၂၀ မှစပြီး ကျောက်ဖြူမိုးလေဝသစခန်း၌ ပူးပေါင်းလုပ်ဆောင်မှုများ ရှိခဲ့ပြီး မြန်မာနိုင်ငံ၌ မိုးလေဝသရေဒါစခန်း လိုအပ်ချက်ရှိနေ၍ ဂျိုက်ကာမှ ၂၀၁၂ ခုနှစ်မှ စတင်ကာ မိုးလေဝသရေဒါစခန်း ဆောက်လုပ်လှူဒါန်းရေးစီမံကိန်းတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ဂျပန်သံအမတ်ကြီးက ရွှေသော့ပေးအပ်၍ အဆောက်အအုံကို လွှဲပြောင်းပေးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

## မန္တလေးတက္ကသိုလ် အရှေ့တိုင်းပညာ ဘွဲ့လွန်ဒီပလိုမာ (DOS)သင်တန်း ဖွင့်မည်

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးတက္ကသိုလ်(လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန)က ကြီးမှူး၍ မန္တလေးတက္ကသိုလ် အရှေ့တိုင်းပညာဌာန၌ အရှေ့တိုင်းပညာ ဘွဲ့လွန်ဒီပလိုမာဘွဲ့ (Diploma in Oriental Studies -DOS) သင်တန်းအမှတ်စဉ် (၅/၂၀၁၆)ကို သင်တန်းကာလ ကိုးလဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်သည်။

အဆိုပါ အရှေ့တိုင်းပညာ ဘွဲ့လွန်ဒီပလိုမာဘွဲ့ သင်တန်းအတွက် တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ် တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံဖြင့် ကျောင်းဆောင်ဌာန၊ မန္တလေးတက္ကသိုလ်၌ အောက်တိုဘာ ၂၀ ရက်မှ ၃၀ ရက်အထိ တင်သွင်း လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက ကျောင်းသားရေးရာဌာန မန္တလေးတက္ကသိုလ် ဖုန်း ၀၂-၆၂၁၂၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## စက်တင်ဘာလအတွင်း ပြည်ပသို့ တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၁၄၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၈၀၀၀ ကျော်ကို ခန့်ထားနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၄**

ယခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်နေပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမား လုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် အွန်လိုင်းမှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း အောက်ဖော်ပြပါအတိုင်း အလုပ်အကိုင်များ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**စက်တင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်တွင်းအလုပ်အကိုင်ရရှိမှုအခြေအနေ**

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် | အလုပ်ရ | | | မှတ်ချက် |
|---|---|---|---|---|---|
| | | အစိုးရ | ပုဂ္ဂလိက | စုစုပေါင်း | |
| ၁။ | ပြည်ထောင်စုနယ်မြေ | ၁၃၆ | - | ၁၃၆ | |
| ၂။ | ရန်ကုန်တိုင်းသေကြီး | ၁၉၀ | ၁၁၇၁၂ | ၁၁၉၀၂ | |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ၉၀ | ၁၁၃ | ၂၀၃ | |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ၆၅ | ၂၃၀၈ | ၂၃၇၃ | |
| ၅။ | မန္တလေးတိုင်းဒေသကြီး | ၇၈ | ၁၀၇၀ | ၁၁၄၈ | |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၄၅ | ၂၄၃ | ၄၈၈ | |
| ၇။ | မကွေးတိုင်းဒေသကြီး | ၂၄ | ၄၆၀ | ၄၈၄ | |
| ၈။ | တနင်္သာရီတိုင်းဒေသကြီး | ၁၃ | ၃၅၉ | ၃၇၂ | |
| ၉။ | ကချင်ပြည်နယ် | ၃၅ | ၇၈ | ၁၁၃ | |
| ၁၀။ | ကယားပြည်နယ် | ၂၄ | ၇၆ | ၁၀၀ | |
| ၁၁။ | ကရင်ပြည်နယ် | ၂ | ၁၀၂ | ၁၀၄ | |
| ၁၂။ | ချင်းပြည်နယ် | ၂၅ | - | ၂၅ | |
| ၁၃။ | မွန်ပြည်နယ် | ၆ | ၃၁၈ | ၃၂၄ | |
| ၁၄။ | ရခိုင်ပြည်နယ် | ၂၈ | ၁၄၁ | ၁၆၉ | |
| ၁၅။ | ရှမ်းပြည်နယ် | ၅၈ | ၁၉၈ | ၂၅၆ | |
| | **စုစုပေါင်း** | **၁၀၁၉** | **၁၇၁၇၈** | **၁၈၁၉၇** | |

၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှု အခြေအနေများမှာ မလေးရှားနိုင်ငံ ၂၅၈၄ ဦး၊ စင်ကာပူနိုင်ငံ ၁၇ ဦး၊ ကိုရီးယားနိုင်ငံ ၆၆၉ ဦး၊ ထိုင်းနိုင်ငံ ၁၀ ၄၉၃ ဦး၊ ဂျပန်နိုင်ငံ ၁၈၆ ဦး၊ ယူအေအီး ခြောက်ဦး၊ ကာတာနိုင်ငံ ၆၂ ဦး စုစုပေါင်း ၁၄၀၁၇ ဦး ဖြစ်ကြောင်း သိရသည်။
**(မြန်မာ့အလင်း)**

# ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ ယခင်နှစ်ထက် အလှူငွေများ ပိုမိုရရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲဟုခေါ်သည့် တောင်ဖွင့်ပွဲအား နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပခဲ့ရာ ယခင်နှစ်က ဘက်စုံအလှူငွေ ရရှိမှုမှာ ငွေကျပ် ၂၁၇ သိန်း ဖြစ်သော်လည်း ယခုနှစ်တွင် ငွေကျပ် ၈၄၄ သိန်း ကျော်ရရှိကြောင်း သိရသည်။

ယခင်နှစ်တွင် အလှူခံဌာနများအား ကန်ထရိုက်ပေး ဆောင်ရွက်ခဲ့သော်လည်း ယခုနှစ်တွင် ဂေါပကအဖွဲ့မှ ကြီးကြပ်ပြီး ဘက်စုံပင်မအလှူခံဌာန တစ်ခုတည်း ဖွင့်လှစ်ကာ အလှူခံဖြတ်ပိုင်းများဖြင့် စနစ်တကျအလှူခံခဲ့ခြင်းကြောင့် လည်းကောင်း၊ အလှူရှင်များက သဒ္ဓါစိတ်ထက်သန်စွာ လှူဒါန်းမှုကြောင့် လည်းကောင်း အလှူငွေများ ပိုမို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျိုက်ထီးရိုး စေတီတော်ဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘုရားဖူးရဟန်းရှင်လူပြည်သူများ စိတ်ချမ်းမြေ့စွာ ဘုရားဖူးနိုင်ရေးတို့အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘုရားဖူးပြည်သူတို့၏ လိုအပ်ချက်များကိုလည်း စိစစ်ဖြည့်ဆည်းသွားမည်ဖြစ်ပြီး ကျိုက်ထီးရိုးစေတီတော်ဆိုင်ရာ ဆောင်ရွက်ချက်များအား ပွင့်လင်းမြင်သာစွာဖြင့် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရပ်ရွာနေပြည်သူအခြေပြု ရဲလုပ်ငန်းစီမံချက် ထပ်မံတိုးချဲ့ဆောင်ရွက်သည့် ရှစ်မြို့နယ်အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် သိန်း ၈၀၀ ထောက်ပံ့

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၁)၌ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းလျော့နည်းကျဆင်းရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရပ်ရွာနေပြည်သူ အခြေပြု Community Based Policing စီမံချက် ထပ်မံတိုးချဲ့ဆောင်ရွက်လျက်ရှိသည့် ရှစ်မြို့နယ်အား တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။




အခမ်းအနားတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးမျိုးအောင်ဌေးနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်တို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားသို့တက်ရောက်လာကြသည့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက စီမံချက်နှင့်ပတ်သက်၍ အကြံပြုဆွေးနွေးခဲ့ကြပြီး အဆိုပါစီမံချက် ဆောင်ရွက်လျက်ရှိသည့် မြောက်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ လှိုင်မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့တွင် လိုအပ်သည့် ကိစ္စများကို အသုံးပြုရန်အတွက် တစ်မြို့နယ်လျှင် ငွေကျပ် သိန်း ၁၀၀ စီ စုစုပေါင်းငွေကျပ် သိန်း ၈၀၀ ကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးတို့က သက်ဆိုင်ရာမြို့နယ်သို့ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ Community Based Policing စီမံချက်ကို ထပ်မံတိုးမြှင့်ခဲ့သည့် ရှစ်မြို့နယ်တွင် အောက်တိုဘာလ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ယခင်ကဆောင်ရွက်ခဲ့သည့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ကမာရွတ်မြို့နယ်၊ သန်လျင်မြို့နယ်၊ လှိုင်သာယာမြို့နယ်၊ သာကေတမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ စမ်းချောင်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ဒလမြို့နယ်၊ တွံတေးမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်များတို့တွင်လည်း အရှိန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နေရပ်စွန့်ခွာလာသော အိမ်ထောင်စုဝင်များအား စားနပ်ရိက္ခာများနှင့် နေရာထိုင်ခင်းများ ထောက်ပံ့ပေး

**ဘူးသီးတောင် အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ အောက်တိုဘာ ၉ ရက်ကဖြစ်ပွားခဲ့သော ဖြစ်စဉ်များကြောင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ နေရပ်စွန့်ခွာလာသည့် ဒေသခံပြည်သူအချို့သည် ဘူးသီးတောင်မြို့နယ်သို့ရောက်ရှိလာရာ ဘူးသီးတောင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ယာယီစခန်းဖွင့်လှစ်၍ နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

ယာယီစခန်းတွင်ရောက်ရှိနေသော အိမ်ထောင်စုမိသားစုဝင်များအတွက် အောက်တိုဘာလဒုတိယပတ်က ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပေးပို့လှူဒါန်းသည့် ဆန်အိတ် ၅၀၊ ဆီ ပိဿာ ၁၀၀၊ အာလူးသုံးအိတ်၊ ဆားထုပ် ၁၀၀၊ ငရုတ်သီးခြောက် ပိဿာ ၂၀၊ ကြက်ဥ အလုံး ၅၀၀၊ ချင်းငါးပိဿာ စသည့် ထောက်ပံ့ပစ္စည်းများကို မောင်တောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝေ ဦးဆောင်၍ မောင်တောခရိုင်နှင့် ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်လှူဒါန်းခဲ့ကြောင်းနှင့် အဆိုပါယာယီစခန်းသို့ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများမှ လာရောက်ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စလင်းမြို့နယ် ရဒေးရွာ၌ ချောင်းရေကျသဖြင့် သီးနှံအချို့ပျက်စီး

**စလင်း အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ရဒေးကျေးရွာတွင် အောက်တိုဘာ ၂၄ ရက် နံနက် ၂ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရွာနှင့်လမ်းဦးတိုက်ဖြစ်နေသော ကန်တော်ချောင်းရေများ စီးဝင်လာသဖြင့် စိုက်ပျိုးထားသော သီးနှံအချို့ ပျက်စီးခဲ့သည်။



အောက်တိုဘာ ၂၄ ရက် နံနက်အစောပိုင်းက ရွာသွန်းသော မိုးကြောင့် ရွာအတွင်းသို့ နံနက် ၇ နာရီခန့်တွင် ရေများ စီးဝင်လာပြီး နံနက် ၁၀ နာရီခန့်တွင် စီးဆင်းမှုများ ရပ်တန့်သွားသည်။ ယင်းသို့ ကန်တော်ချောင်းရေများ စီးဝင်သဖြင့် ရွာအနီးတွင် စိုက်ပျိုးထားသော ပဲထောပတ်နှင့် ပဲနီကြား ဧက ၆၀ ခန့် ရေလွှမ်းပျက်စီးသွားကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# ပုဂံ-မန္တလေး အမြန်ရထား ရေကျော်နေ၍ ရပ်စောင့်နေရ

**တောင်သာ အောက်တိုဘာ ၂၄**

ပုဂံ-မန္တလေး အဆန်အမြန်ရထားသည် အောက်တိုဘာ ၂၄ ရက် နံနက်က တောင်သာမြို့နယ် တမိုက်သာဘူတာအနီးတွင် ရေကျော်နေ၍ မွန်းလွဲ ၂ နာရီထိ စောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။

အစုန်၊ အဆန် ပုဂံလော်ကယ်ရထားများမှာ မြင်းခြံအထိ ခုတ်မောင်း၍ရသောကြောင့် ခရီးသွားများ အခက်အခဲမရှိကြကြောင်း၊ သို့သော် မန္တလေး-ပုဂံလမ်းတွင် တောင်သာနယ်၌ ကားလမ်းရော၊ မီးရထားလမ်းပါ ချောင်းရေကျော်မှုကြောင့် ခရီးသွားကားများ စောင့်ဆိုင်းရမှု မကြာခဏကြုံတွေ့နေရကြောင်း သိရသည်။ **ဌေးမြင့်မောင်**



# မိုးရွာသွန်းမှုကြောင့် စေတီတစ်ဆူပျက်စီး

**ပေါက် အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ အောက်တိုဘာ ၂၃ ရက် ညနေ ၆ နာရီ ခန့်က မိုးသည်းထန်စွာရွာသွန်း၍ ပခုက္ကူ-ပေါက်-ထီးလင်းကားလမ်း လေးမိုင်ခန့်အကွာ ပေါက်မြို့နယ် ဆပန်ကျေးရွာအုပ်စု ဆပန်ကျေးရွာအရှေ့ဘက်ရှိ တောင်ကျဘုရား စေတီဖောင်းရစ်တော်တစ်ဝက်ခန့် လျောကျပျက်စီးကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ဆပန်ကျေးရွာအရှေ့ဘက်ရှိ တောင်ကျဘုရားသည် ဉာဏ်တော်အမြင့် ၂၅ ပေ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ဘုရားဌာပနာများ ပျက်စီးခဲ့ခြင်းမရှိဘဲ ဖောင်းရစ်တော်လုံးပတ် ရှစ်ပေခန့်အနက်မှ တောင်ဘက်ခြမ်းလုံးပတ် တစ်ဝက်ခန့် လျောကျပျက်စီးခဲ့သဖြင့် ကျေးရွာဘုရားဂေါပကများ၊ အုပ်ချုပ်ရေးမှူးများနှင့် ဆယ်အိမ်မှူးများမှ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

*စာမျက်နှာ ၅ မှ*

အခု နှစ်မြုပ်ခဲ့တဲ့ အောင်စိုးမိုးကျော် -၂ ဟာ အမှန်တကယ် ရေယာဉ်မှတ်ပုံတင်ထားတာ ရွှေသီဟဖြစ်ပါတယ်။ ဒီရေယာဉ်ဟာ ၂၀၁၅ ခုနှစ် ၁၂ လပိုင်းမှာ ဒီရေယာဉ်ကို စစ်ဆေးပါတယ်။ ရေယာဉ်သက်သေခံလက်မှတ်ဆိုတာ နှစ်စဉ်ထုတ်ပေးရပါတယ်။ ၂၀၁၄ ခုနှစ်က ထုတ်ပေးခဲ့တယ်။ ၂၀၁၅ ခုနှစ်ကလည်း ထုတ်ပေးခဲ့တယ်။ ၂၀၁၆ ခုနှစ်အတွက် စစ်ဆေးတဲ့အခါမှာ သူ့မှာ လိုအပ်ချက်တွေရှိတဲ့အတွက် သုံးလသက်တမ်းနဲ့ ထုတ်ပေးခဲ့တာဖြစ်ပါတယ်။ သုံးလအတွင်းမှာလာပြီး ပြန်လည်စစ်ဆေးဖို့ ပြည်တွင်းရေကြောင်းရေယာဉ်တွေက နှစ်နှစ်တစ်ခါ စစ်ဆေးရမယ်။ ၂၀၁၄-၂၀၁၅ နှစ်နှစ်ပြည့်သွားပြီဆိုတော့ လွှန်းတင်စစ်ဆေးဖို့လည်း ညွှန်ကြားထားတာ ရှိပါတယ်။

ရေယာဉ်ပိုင်ရှင်က ပြန်လည်ပြီးတော့ ပြုပြင်ပြီးကြောင်း တင်ပြလာခြင်းမရှိသေးပါဘူး။ ဒီရေယာဉ်ဟာ ဘာလို့ ခုတ်မောင်းနေလဲဆိုတော့ ဥပဒေထဲမှာပါတာက တိုင်းတာစစ်ဆေးတဲ့အခါမှာ တွေ့ရှိတဲ့ချတ်ယွင်းချက်၊ လိုအပ်ချက်တွေက ဘေးအန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းနိုင်မှုအပေါ်မှာ သက်ရောက်မှုမရှိဘူးဆိုရင် ပြေးဆွဲခွင့်ပြုနိုင်တယ်ဆိုပြီးတော့ သတ်မှတ်ပါရှိတယ်။ ဒါကြောင့် ခုတ်မောင်းခွင့်ရှိပါတယ်။ သူ့ခုတ်မောင်းလိုင်စင်ကလည်း ၁-၁-၂၀၁၆ ခုနှစ်က ထုတ်ပေးပြီးတော့ နှစ်ကုန်ပိုင်းအထိ သက်တမ်းရှိပါတယ်၊

သူတို့လွှန်းတင်နိုင်တဲ့နေရာက မုံရွာပဲရှိပါတယ်။ မုံရွာပဲရှိတော့ မုံရွာမှာလာပြီး လွှန်းတင်စစ်ဆေးဖို့ အခက်အခဲလည်း ရှိကောင်းရှိမှာပါ။

လုပ်ထုံးလုပ်နည်းအရ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီရေယာဉ်အမျိုးအစား ရွှေသီဟကို ၂၀၁၄-၂၀၁၅ မှာ ခရီးသည် ၈၆ ဦး တင်နိုင်တယ်လို့ သတ်မှတ်ထားတာရှိပါတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ တိုင်းတာစစ်ဆေးတဲ့အခါမှာ ယာယီသက်သေခံလက်မှတ်တွင် ၃၆ ဦးထိ လျှော့ချပြီးတော့ သတ်မှတ်ပေးခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ ကလေးဝမြို့နားက လောင်းဂရိတ်ဝဲမှာ ဇမ္ဗူထွန်းဆိုတဲ့ ရေယာဉ်နစ်မြုပ်မှုဖြစ်ခဲ့ပါတယ်။ ရေကြောင်းသယ်ယူပို့ဆောင်ရေးရဲ့ဘေးကင်းလုံခြုံရေးကို အထူးဂရုပြုပြီး ပြန်လည်သုံးသပ်ပြီးတော့ ဌာနဆိုင်ရာညှိနှိုင်း အစည်းအဝေးလုပ်ပြီး တွက်ချက်တဲ့ဖော်မြူလာတွေရှိပါတယ်။ ဒါတွေကိုသတ်မှတ်ပြီး တော့ ခရီးသည်ဦးရေကို လျှော့ချခဲ့တာဖြစ်ပါတယ်။ ၃၆ ဦး သတ်မှတ်ခဲ့တာကို ခရီးသည် ၂၀၀ ကျော်ပါတယ်ဆိုတော့ တစ်အချက်က ခရီးသွားပြည်သူတွေက သီတင်းကျွတ်ကာလဖြစ်တယ်၊ စာမေးပွဲဖြေဖို့ရှိတဲ့အတွက် ဒီရက်ပိုင်းမှာရောက်ချင်ဇောနဲ့ ခရီးသည် ဝန်ပိုတင်တဲ့ဟာကို သူတို့မှာ ဂရုမပြုခဲ့ဘဲနဲ့ လိုက်ပါစီးနင်းခဲ့တာပဲဖြစ်ပါတယ်။

ဒီလိုတင်တာကို စစ်ဆေးတာမရှိဘူးလားဆိုတော့ နည်းဥပဒေအရဆို ကျွန်တော်တို့က စနစ်တကျပြေးဆွဲရေးဆိုင်ရာ ကော်မတီတွေ ဖွဲ့ထားတာရှိပါတယ်။ ဒီအဖွဲ့တွေဟာ ရေယာဉ်ပိုင်ရှင်တွေ၊ ရေယာဉ်အသင်းတွေနဲ့ စုဖွဲ့ထားတာရှိပါတယ်။ ဒီအသင်းတွေအနေနဲ့က ထိရောက်စွာစနစ်တကျ မဆောင်ရွက်နိုင်တဲ့အပိုင်းတွေ ရှိပါတယ်။ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်းပြောရင် သူတို့အနေနဲ့ကလည်း လုပ်ရကိုင်ရတာခက်မှာပါ။ ခရီးသွားပြည်သူတွေက သွားချင်တယ်။ ဒီလောက်ဆိုတော်ပြီ မတက်ရဘူးလို့ တားဆီးတဲ့ကိစ္စဟာ တော်တော်ခက်တဲ့ကိစ္စလို့ မြင်ပါတယ်။ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဆိုတာလည်း တိုင်းဒေသကြီးဥပဒေ၊ နည်းဥပဒေတွေမှာ ကြည့်မယ်ဆိုရင် မုံရွာ၌ပဲရှိပါတယ်။

ဟုမ္မလင်းကနေ ကြားဆိပ်ကမ်းတွေမှာလည်း စစ်ဆေးရေးအဖွဲ့ဆိုတာ မရှိပါဘူး။ ဒီမှာကတော့ ဌာနဆိုင်ရာပါပြီး ဖွဲ့စည်းထားတဲ့ စစ်ဆေးရေးအဖွဲ့တွေရှိပါတယ်။ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနကလည်း ဦးစီးဦးဆောင်ပြီး တိုင်းဒေသကြီးအဖွဲ့နဲ့ ပုဂ္ဂလိကကဏ္ဍဖြစ်တဲ့ ရေယာဉ်အသင်းတွေ ရေယာဉ်ပိုင်ရှင်တွေနဲ့ ပူးပေါင်းညှိနှိုင်းပြီးတော့ နောက်ဒီလိုဖြစ်ရပ်မျိုးမဖြစ်စေဖို့အတွက် အဘက်ဘက်ကနေ ညှိနှိုင်းပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီလိုဖြစ်ရပ်မျိုးဖြစ်တဲ့အခါမှာ ရေယာဉ်ပိုင်ရှင်ကတော့ အဓိကပါ။ ရေယာဉ်အုပ်၊ ရေယာဉ်စက်ခန်းအုပ်တို့ကတော့ ရေယာဉ်ချွတ်ယွင်းချက်ကြောင့်ဖြစ်သွားတဲ့ မတော်တဆဖြစ်ရပ်ဆိုရင်တော့ ရေယာဉ်အုပ်က အဓိကဖြစ်ပါတယ်။ ဥပဒေတွေမှာလည်း အရေး ယူဆောင်ရွက်ဖို့ ပြစ်ဒဏ်တွေ၊ နည်းလမ်းတွေရှိပါတယ်။ ပိုင်ရှင်နှစ်ဦးထဲက တစ်ဦးက တော့ ဖမ်းဆီးထားမိပြီလို့ သိရှိထားပြီးဖြစ်ပါတယ်။ ရေယာဉ်အုပ်ကတော့ လက်ရောက် မဖမ်းရမိသေးဘူးဆိုတာကို သိရှိရပါတယ်၊ သက်ဆိုင်ရာဥပဒေအရ ကျွန်တော်တို့က သူတို့အပေါ်မှာ ထိထိရောက်ရောက်အရေးယူသွားမှာ ဖြစ်ပါတယ်။

# မုန်တိုင်းကြောင့် ပင်လယ်ပြင် ငါးဖမ်းလုပ်သားများ ရွှေ့ပြောင်းပေးခဲ့

**ရေး အောက်တိုဘာ ၂၄**

ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်လျက်ရှိသော မုန်တိုင်း အန္တရာယ်ကျရောက်ရန်ရှိသည့်အတွက် မွန်ပြည်နယ် ရေးမြို့နယ် အတွင်းရှိ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေကြသော ငါးဖမ်းလှေများနှင့် ကျားဖောင်ရေလုပ်သားများ၊ ကမ်းခိုရပ်နားရေးနှင့် ရေလုပ်သားများကို ကယ်ရီလှေများဖြင့် ရွှေ့ပြောင်းစေခဲ့ကြောင်း သိရသည်။

ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေလုပ်ငန်းရှင်တို့ပူးပေါင်း၍ အောက်တိုဘာ ၂၂ ရက်က စတင်ကာ ကြိုတင် ကာကွယ်ရေးလုပ်ငန်းများနှိုးဆော်ခြင်း၊ ငါးဖမ်းလှေများ ကမ်းခို ရပ်နားခြင်း၊ ကျားဖောင်ပေါ်တွင် အခြေပြုလုပ်ကိုင်နေသောရေလုပ်သားများကို ကယ်ရီလှေများဖြင့် ရွှေ့ပြောင်းစေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း ငါးလုပ်ငန်းဌာနဦးစီးမှူး ဦးဇော်မင်းဦးက ပြောသည်။

အဆိုပါ ရေးမြို့နယ်ပင်လယ်ပြင်အတွင်း ကမ်းနီးကမ်းဝေး ငါးဖမ်းစက်လှေပေါင်းမှာ ၄၁၉ စင်းရှိပြီး ရေလုပ်သားပေါင်း ၃၈၄၂ ဦးရှိကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ မှတ်တမ်းများအရ သိရသည်။ **နေမျိုးထွဋ် (ရေး)**





# ကျောင်းသား ကျောင်းသူများ မုန်တိုင်းအန္တရာယ်ကင်းဝေးစေရန် အခြေခံပညာကျောင်းများ ခေတ္တပိတ်ထား

**ကန်ကြီးထောင့် အောက်တိုဘာ ၂၄**

ကျောင်းသား ကျောင်းသူလေးများ မုန်တိုင်းဘေးအန္တရာယ်မှ ကင်းဝေးစေရန် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား အောက်တိုဘာ ၂၄ ရက်မှ ၂၅ ရက်အထိ နှစ်ရက်တာ ခေတ္တပိတ်ထားကြောင်း သိရသည်။

ကန်ကြီးထောင့်မြို့နယ်အတွင်းတွင် အခြေခံပညာအထက်တန်းကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၁၀ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၇၆ ကျောင်းနှင့် ဘကကျောင်းခုနစ်ကျောင်း စုစုပေါင်းကျောင်းပေါင်း ၂၀၀ ရှိပြီး အဆိုပါကျောင်းများအား အောက်တိုဘာ ၂၄ မှ ၂၅ ရက်အထိ နှစ်ရက် ခေတ္တကျောင်းပိတ်ထားကြောင်း သိရသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်အတွင်းရှိ အခြေခံပညာသင်ကျောင်းများအားလုံး အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်ကို ကျောင်းပိတ်ရန်နှင့် မုန်တိုင်းဖြတ်ကျော်ပြီးပါက အခြေအနေကို စာရင်းပေးပို့ကြရန်နှင့် မိမိတို့ကျောင်းရှိ အရေးကြီးစာရွက်စာတမ်းများ စနစ်တကျ ထုပ်ပိုးသိမ်းဆည်းရန်တို့ကို သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများက ညွှန်ကြားထားကြောင်း သိရသည်။

**အောင်မင်း၊ နန်းထိုက် (ပြန်/ဆက်)**

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်

**ဝါးခယ်မ အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မ မြို့နယ်တွင် မုန်တိုင်း၏အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်မှ ဒေသခံပြည်သူများကို ကာကွယ်ရေးနှင့် ကူညီကယ်ဆယ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် အောက်တိုဘာ ၂၄ ရက်မှစတင်ကာ သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ရပ်ကွက်များ၊ ကျေးရွာများတွင် နေထိုင်ကြသည့် ပြည်သူများ သတိပြုနေထိုင်ကြရေးကို ကျယ်ကျယ်ပြန့်ပြန့်သတိပေးနှိုးဆော်မှုများဆောင်ရွက်ထားရှိပြီး မုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ်တွေ့ကြုံလာပါက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်နိုင်ရေး၊ ကယ်ဆယ်ရေးစခန်းများ အသင့်ထားရှိစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး ဦးဆောင်ပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကြီးကြပ်မှုကော်မတီဝင်များ၊ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများတွေ့ဆုံကာ ညှိနှိုင်းပေါင်းစပ်မှုများ ပြုလုပ်ထားရှိကြောင်း သိရသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မော်တော်ယာဉ်များ၊ ရေယာဉ်များ၊ ဝါးခယ်မမြို့ပေါ်နှင့် ကျုံမငေးမြို့တွင် စုစုပေါင်းလူအင်အား ၅၀၀၀ ဆံ့ ကယ်ဆယ်ရေးစခန်း ငါးနေရာ စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ စားနပ်ရိက္ခာအတွက် ဆန်နှင့်စားသောက်ကုန်များ အသင့်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**



# မုန်တိုင်းသတိပေးခြင်း လုပ်ငန်းများ ဆောင်ရွက်

**ဘုတ်ပြင်း အောက်တိုဘာ ၂၄**

ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်နေသည့်မုန်တိုင်းကြောင့် ဒေသခံပြည်သူများ ကြိုတင်သတိပြုသိရှိနိုင်ရေး မုန်တိုင်းသတိပေးချက်ကြော်ငြာခြင်းလုပ်ငန်းကို မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၊ မီးသတ်ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၂၃ ရက် ညပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဘုတ်ပြင်းမြို့နယ်သည် ကမ်းရိုးတန်းဒေသမြို့ဖြစ်သည့်အတွက် မြို့ပေါ်ရပ်ကွက်နှင့် ရေဆိပ်အနီးတွင်နေထိုင်သည့် ပြည်သူများအား မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်လွှင့်သည့် မုန်တိုင်းသတိပေးချက်များကို သိရှိလိုက်နာနိုင်ရန်နှင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ပင်လယ်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများ ယခု ရက်ပိုင်းအတွင်း ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ခြင်းမပြုကြရေး မြို့နေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆင်ခြင်နိုင်ကြစေရန် မြို့နယ်မီးသတ်ဦးစီးဌာန ပူးပေါင်းအဖွဲ့မှ အသံချဲ့စက်များဖြင့် လိုက်လံနှိုးဆော် အသိပေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

# ယာယီခိုလှုံနေသည့် အိမ်ထောင်စုဝင်များ ဘူးသီးတောင်မြို့သို့ ပြန်လည်ရောက်ရှိ

**ဘူးသီးတောင် အောက်တိုဘာ ၂၄**

မောင်တောမြို့နယ်၌ အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သောဖြစ်စဉ်များကြောင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ အိမ်ထောင်စုဝင်များသည် စစ်တွေမြို့၌ ယာယီခိုလှုံနေကြပြီး ယခုအခါ မိမိနေရပ်သို့ ပြန်လည်သွားရောက်လိုသည့်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အိမ်ထောင်စုမိသားစုဝင်အချို့ကို မိမိနေရပ်အသီးအသီးသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိရာ အောက်တိုဘာ ၂၃ ရက် နံနက် ၈ နာရီက စစ်တွေမြို့မှ မလိခအမြန် ရေယာဉ်ဖြင့် သာယာကုန်းကျေးရွာ၊ ကံသာကျေးရွာ၊ ရွာသာယာကျေးရွာ၊ အောင်ဇလကျေးရွာ၊ မောရဝတီကျေးရွာနှင့် အောင်သာယာကျေးရွာတို့မှ အိမ်ထောင်စု ၁၄ စုတွင် လူဦးရေ ကျား ၁၂ ဦး၊ မ ၂၉ ဦး စုစုပေါင်း ၄၁ ဦးတို့ကို တင်ဆောင်ထွက်ခွာလာရာ မွန်းတည့် ၁၂ နာရီတွင် ဘူးသီးတောင်ဆိပ်ကမ်းသို့ရောက်ရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အိမ်ထောင်စုဝင်များအား မိမိနေရပ်အသီးသီးသို့ ပြန်နိုင်ရေးအတွက် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့၌ မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို အောက်တိုဘာ ၂၃ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှပူးပေါင်း၍ မြို့ပေါ်ရှိရပ်ကွက်များအတွင်း မုန်တိုင်းအန္တရာယ် အရေးပေါ်ကြိုတင်ကာကွယ်နိုင်ရန် အသံချဲ့စက်များဖြင့် လိုက်လံ နှိုးဆော်ပေးစဉ်**
ပြုံးမောင်မောင်(ပြန်/ဆက်)

## မုန်တိုင်းအန္တရာယ်ကျရောက်သောဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးသတိပေးနှိုးဆော်ချက်

မုန်တိုင်းအန္တရာယ်ကျရောက်ပြီးသည့်အခါ ရေကြီးမှုအန္တရာယ် ၊ ရုတ်တရက်ရေလွှမ်းမိုးမှုအန္တရာယ်၊ မိုးကြိုးအန္တရာယ်၊ မြေပြိုမှုအန္တရာယ်၊ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်၊ ထိခိုက်မှုအန္တရာယ်၊ မြွေကိုက်မှုအန္တရာယ်နှင့်အအေးမိ၍ဖျားနာခြင်း၊ အဆုတ်ရောင်ခြင်း၊ ကူးစက်ရောဂါများဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အစာအဆိပ်သင့် ရောဂါနှင့်အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။ သို့ဖြစ်ပါ၍ -

၁။ မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်မုန်တိုင်းကျရောက်ပြီးနောက် လိုက်နာဆောင်ရွက်ရမည့် သတိပေးချက်များကို တိကျစွာလိုက်နာပါ။
၂။ သက်ဆိုင်ရာမှ ညွှန်ကြားချက်ရမှသာ ယာယီနားခိုနေသောအဆောက်အအုံ၊ အမိုးအကာများအောက်မှ ထွက်ခွာပါ။
၃။ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်ရှိ၍ သတိပြုသွားလာပါ။
၄။ မြွေအန္တရာယ်ကြုံတွေ့ရတတ်သဖြင့် သတိပြုကြပါ။
၅။ ထိခိုက်ဒဏ်ရာရရှိပါက ဆေးရုံများနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုဆေးခန်းများတွင် ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။
၆။ ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် အစားအစာနှင့်ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများဖြစ်ပွားနိုင်သဖြင့် ကျိုချက်ထားသော ရေ (သို့မဟုတ်) ကလိုရင်းဆေးခတ်ထားသော ရေကိုသာသောက်ပါ။ မြစ်ရေ၊ ချောင်းရေနှင့် မသန့်ရှင်းသောရေများကို မသောက်ပါနှင့်။
၇။ အစာအဆိပ်သင့်မှုမဖြစ်စေရန် ရေမျောအစားအစာများနှင့် စည်သွတ်ဘူးများ၊ အခြားအမျိုးအမည်မသိ အစားအစာများ မစားသောက်ပါနှင့်။ (အစားအစာများကို မစားသောက်မီ စစ်ဆေးပါ။)
၈။ ရက်လွန်အစားအစာများနှင့်လတ်ဆတ်မှုမရှိသော အစားအစာ၊သိုးနေသော အစားအစာများနှင့် သန့်ရှင်းမှုမရှိသော အစားအစာများကို မစားပါနှင့်။ အမှည့်လွန်အသီးများမစားပါနှင့်။
၉။ သောက်သုံးရေ အရင်းအမြစ်များနှင့် ရေတွင်းရေကန်များအနီးအညစ်အကြေး မစွန့်ပါနှင့်။ (ယင်လုံအိမ်သာကို သုံးစွဲပါ။)
၁၀။ အအေးမမိစေရန် အမိုးအကာအောက်တွင်နေပါ။နွေးထွေးသော အဝတ်များဝတ်ဆင်ထားပါ။ (ကလေးသူငယ်များကို အထူးဂရုစိုက်ပါ။)
၁၁။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ကြပါ။
၁၂။ နာမကျန်းဖြစ်ပါက ကျန်းမာရေးဌာနတွင် ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ဆိုမာလီ ပင်လယ်ဓားပြများ အာရှဒေသဓားစာခံများအား ပြန်လွှတ်ပေး

**မိုဂါဒစ်ရှူး အောက်တိုဘာ ၂၄**

ဆိုမာလီ ပင်လယ်ဓားပြများသည် လွန်ခဲ့သည့် ငါးနှစ်နီးပါးခန့်က ပြန်ပေးဆွဲသွားသော အာရှဒေသမှဓားစာခံ ၂၆ ဦးကို ပြန်လည်လွှတ်ပေးခဲ့ကြောင်း ညှိနှိုင်းရေးအဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့သည်။



အိုမန်အလံလွှင့်ထူထားသော ငါးဖမ်းသင်္ဘောတစ်စင်းဖြစ်သည့် အက်ဖ်ဗွီနာဟမ်-၃ သင်္ဘောကို ၂၀၁၂ခုနှစ် မတ်လက ဆယ်ချီလီတောင်ပိုင်းတွင် ပြန်ပေးဆွဲသွားခဲ့ကြောင်း ဒေသတွင်း ညှိနှိုင်းရေးမှူး ဂျွန်စတိဒ်က ပြောကြားခဲ့သည်။

သင်္ဘောသား ၂၉ ဦးကို ပြန်ပေးဆွဲသွားသော်လည်း ပြန်ပေးဆွဲစဉ်ကာလအတွင်း တစ်ဦးသေဆုံးခဲ့ပြီး ဖမ်းဆီးထားစဉ်ကာလအတွင်း နေမကောင်းဖြစ်ရာမှ နောက်ထပ်နှစ်ဦး သေဆုံးသွားခဲ့သည်။ ကျန်ရှိသည့် ပြန်ပေးဆွဲခံရသူ ၂၆ ဦးမှာ ပြန်ပေးဆွဲထားစဉ် ကာလအတွင်း ဆိုမာလီကျွန်းပေါ်၌ နေထိုင်ခဲ့ရကြောင်း စတိဒ်က ပြောကြားခဲ့သည်။

ပြန်ပေးဆွဲခံ သင်္ဘောသားများမှာ တရုတ်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဖြစ်ကြောင်းနှင့် ၎င်းတို့သည် လေးနှစ်ကျော် ငါးနှစ်တာကာလခန့် မိသားစုနှင့်ခွဲခွာခဲ့ရပြီး အလွန်ဆိုးရွားသော အခြေအနေများနှင့် နေထိုင်ခဲ့ရကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဥရောပသမဂ္ဂအရာရှိများသယ်ဆောင်လာသော လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွား



**မော်တာ အောက်တိုဘာ ၂၄**

အပေါ့စားလေယာဉ်တစ်စင်း အောက်တိုဘာ ၂၄ ရက်က ကျွန်းနိုင်ငံလေးဖြစ်သော မော်တာမှ ပျံတက်ပြီးမကြာမီ ပျက်ကျမှုဖြစ်ပွားခဲ့ရာ လေယာဉ်ပေါ်ပါ လူငါးဦး သေဆုံးခဲ့ကြောင်း လေကြောင်းလိုင်းဆိုင်ရာ သတင်းရင်းမြစ်များနှင့် မျက်မြင်သက်သေများက ပြောခဲ့သည်။

လေဆိပ် တာဝန်ခံများက ပျက်ကျခဲ့သော လေယာဉ်ပေါ်တွင် ဥရောပသမဂ္ဂ နယ်စပ်ရေးရာ အေဂျင်စီ ဖရန်တက်ဇ်မှ အရာရှိများပါရှိနိုင်ကြောင်း ကနဦးတွင် ပြောကြားခဲ့သည်။ သို့သော်လည်း ဖရန်တက်ဇ်အဖွဲ့က ယင်းဒေသတွင် လေယာဉ်ဖြင့် သွားလာခြင်းမပြုလုပ်ခဲ့ကြောင်း သို့ရာတွင် လေယာဉ်ပေါ်တွင် အဖွဲ့ဝင်အရာရှိများ ပါ၊ မပါမသိရသေးကြောင်း ပြောကြားခဲ့သည်။

လေယာဉ်သည် လစ်ဗျားရှိ မစ်ရာတာဒေသသို့ ဦးတည်ပျံသန်းစဉ် ဂရင်းနစ်စံတော်ချိန် ၅ နာရီခွဲတွင် ပျက်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပျက်ကျရာလေယာဉ်မှ မီးခိုးငွေ့များ ပေါက်ကွဲထွက်လာမှုကို ရုပ်သံဖိုင်တွင် တွေ့ရမည်ဖြစ်သည်။

**(ရိုက်တာ)**

# အိန္ဒိယရဲများမြို့တော်ဒေလီ၌ ကာစီနိုလောင်းကစားဝိုင်းအားဖမ်းဆီး

**ဒေလီ အောက်တိုဘာ ၂၄**

အိန္ဒိယရဲများက မြို့တော်ဒေလီတွင် တရားမဝင် ကာစီနိုလောင်းကစားဝိုင်းအား ဝင်ရောက်စီးနင်းခဲ့ရာ ၃၆ ဦးအား ဖမ်းဆီးနိုင်ခဲ့ကြောင်း အများစုမှာ လုပ်ငန်းရှင်များဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

သတင်းပေးချက်အရ ဒေလီတာဝန်ရှိရဲများက တောင်ပိုင်းဒေလီရှိ နက်ဘ်ဆာရိုင် လယ်တောအိမ်ထဲတွင် ဝင်ရောက်စီးနင်းခဲ့ရာ တရားမဝင်ကာစီနိုဝိုင်းကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။ "လူ ၃၆ ဦးကိုအနီရောင်ခင်းထားသည့် စားပွဲဝိုင်းကြီးနှင့်အတူ ကစားနေသည့် အံစာတုံးများဖြင့် ဖမ်းဆီးရမိခဲ့ပါတယ်" တာဝန်ရှိသူများက ပြောခဲ့သည်။ ထို့အပြင် အရက်ပုလင်းအတော်များများနှင့် ဇိမ်ခံကား ၁၀ စီးကျော်ကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း ရဲများက ပြောသည်။

**(ဆင်ဟွာ)**

# ပါကစ္စတန်တပ်ဖွဲ့ဝင်နှင့် အိန္ဒိယနိုင်ငံနယ်ခြားလုံခြုံရေးတပ်ဖွဲ့တို့နှင့် ပစ်ခတ်စဉ် အိန္ဒိယဘက်မှ တစ်ဦးကျဆုံး

**ဆရီနာဂါ အောက်တိုဘာ ၂၄**

ကက်ရှ်မီးယားအပြည်ပြည်ဆိုင်ရာနယ်စပ်ရှိ ပါကစ္စတန်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် အိန္ဒိယနိုင်ငံ နယ်ခြားလုံခြုံရေးတပ်မှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားတစ်ဦးမှာလည်း ဒဏ်ရာများရရှိခဲ့ကြောင်း အရာရှိများက အောက်တိုဘာ ၂၄ ရက်တွင် ပြောသည်။

နှစ်ဖက်အဖွဲ့များသည် ဂျမ္မူမြို့အနောက်တောင်ဘက် ၄၅ ကီလိုမီတာခန့်အကွာတွင် ထိတွေ့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပါကစ္စတန်တပ်ဖွဲ့များသည် လွန်ခဲ့သောညက အိန္ဒိယနိုင်ငံမှ နယ်ခြားလုံခြုံရေးတပ်ဖွဲ့ကို ပစ်ခတ်ခဲ့ရုံသာမက အရပ်သားများနေထိုင်သည့် အဗ္ဗဒူလီယန်၊ ကာရိတာနာကာ့ဒ်၊ အာနီယာနှင့် ကျူးစ်ဝဲလ်ဒေသများကိုပါ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ပြောခဲ့သည်။

**(ဆင်ဟွာ)**

# မိုဆူးလ်ထိုးစစ်အတွင်း အိုင်အက်စ်တို့ တိုက်ခိုက်မှုအရှိန်မြှင့်

**မိုဆူးလ် အောက်တိုဘာ ၂၄**

မိုဆူးလ်မြို့၌ အီရတ်နှင့် ကာ့ဒ်တပ်ဖွဲ့ဝင်များက ထိပ်တိုက်ထိုးစစ်ဆင်နွှဲနေစဉ်အတွင်း ၎င်းတပ်ဖွဲ့များ၏ ထိုးစစ်အင်အားလျော့နည်းစေရန်အတွက် အိုင်အက်စ် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အောက်တိုဘာ ၂၄ ရက်တွင် ၎င်းတို့၏ တန်ပြန်တိုက်စစ်ကို အရှိန်မြှင့်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

ထိုးစစ်ပထမရက်သတ္တပတ်အတွင်း အိုင်အက်စ် အကြမ်းဖက်သောင်းကျန်းသူများ သိမ်းပိုက်ထားသော ရွာနှင့်မြို့ပေါင်း ၈၀ ခန့်ကို ပြန်လည်သိမ်းပိုက်ယူနိုင်ခဲ့ပြီး ဒုတိယရက်သတ္တပတ်အတွင်း တိုက်ပွဲများအပြင်းထန်ဆုံးဖြစ်ပွားရာ မိုဆူးလ်မြို့အစွန်၌ အီရတ်နှင့် ကာ့ဒ်တပ်ဖွဲ့ဝင်များ အနီးကပ်ပူးပေါင်း တိုက်စစ်ဆင်နေကြောင်း သိရသည်။

အီရတ်နှင့်ဆီးရီးယားတွင် အိုင်အက်စ်တို့ သိမ်းပိုက်ထားသော နေရာများအား ကယ်လီဖိတ်နိုင်ငံအဖြစ် မကြေညာနိုင်စေရန် မိုဆူးလ်တိုက်ခိုက်မှုကို ဆောင်ရွက်ခဲ့ရာ ယင်းတိုက်ခိုက်မှုသည် နှစ်ပေါင်း ၁၃ နှစ်အတွင်း အကြီးမားဆုံးစစ်ပွဲ ဖြစ်ပွားခဲ့ပြီး လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ အမြောက်အမြား လိုအပ်လျက်ရှိကြောင်း သိရသည်။

**(ရိုက်တာ)**

# Calais ရှိ ဒုက္ခသည်စခန်းများကို ပြင်သစ်အစိုးရ ရှင်းလင်းမှုများစတင်လုပ်ဆောင်

**ပြင်သစ် အောက်တိုဘာ ၂၄**



ပြင်သစ်အစိုးရက Jungle ဟုခေါ်သောနေရာရှိ ယာယီတဲများကို လိုက်လံရှင်းလင်းနေသောကြောင့် လက်ဆွဲအိတ်များ၊ ပစ္စည်းပစ္စယများကိုင်ဆောင်ထားသော ရွှေ့ပြောင်းအခြေချသူရာပေါင်းများစွာသည် အောက်တိုဘာ ၂၄ ရက်က ပြန်လည်အခြေချနေထိုင်မှုများပြုရန် Calais အပြင်ဘက်တွင် စီတန်းစောင့်ဆိုင်းနေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ယာယီတဲများ လိုက်လံရှင်းလင်းမှုကို ဆန္ဒပြသည့်အနေဖြင့် ရွှေ့ပြောင်းအခြေချသူအုပ်စုငယ်များသည် အိမ်သာရေချိုးခန်းများအား မီးများရှို့ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခဲများဖြင့် ပစ်ပေါက်ခြင်းပြုလုပ်နေစဉ်တွင် လက်နက်ကိုင်ရဲတပ်ဖွဲ့များသည် ကုန်လှောင်ရုံပတ်ဝန်းကျင်တွင် ဖြန့်ကြက်နေရာယူထားကြပြီး ကာကွယ်မှုများ ပြုလုပ်ထားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အစိုးရက စစ်ပွဲ၊ ဆင်းရဲခေါင်းပါးမှု၊ လူသားချင်းဆိုင်ရာဘေးဒုက္ခများကြောင့် ထွက်ပြေးတိမ်းရှောင်လာသော ရွှေ့ပြောင်းအခြေချသူများ၏စခန်း စုစုပေါင်း ၆၅၀၀ ခန့်ကို ပိတ်သိမ်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ၎င်းတို့အား ပြင်သစ်နိုင်ငံတစ်ဝန်းရှိ ဒုက္ခသည် ခံလှုံရာ နေရာ ၄၅၀တွင် ပြန်လည်နေရာချထားမှုများပြုလုပ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရွှေ့ပြောင်းဒုက္ခသည်များမှာ အနောက်အာဖရိကန်နိုင်ငံများနှင့် အာဖဂန်နစ္စတန်၊ ဆီးရီးယား၊ အီရီထရီးယားနိုင်ငံတို့မှ ဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

# စပိန်နွားရိုင်းသတ်ပွဲ ရိုးရာဓလေ့ပွဲတော်တစ်ခုအဖြစ် ဆက်လက်ရှင်သန်နိုင်ပါ့မလား

**တင်လင်းအောင်**



နွားရိုင်းသတ်ပွဲဟာ စပိန်၊ ပေါ်တူဂီ၊ ပြင်သစ်နိုင်ငံတောင်ပိုင်းဒေသတွေနဲ့ မက္ကဆီကို၊ ကိုလံဘီယာ၊ အီကွေဒေါ၊ ဗင်နီဇွဲလားနဲ့ ပီရူးနိုင်ငံတွေပါမကျန် အချို့လက်တင်အမေရိကနိုင်ငံတွေမှာပါ ကျင်းပတဲ့ ရိုးရာပွဲတော်တစ်ခုဖြစ်ပါတယ်။

နွားရိုင်းသတ်ပွဲဆိုတာ နွားရိုင်းတစ်ကောင်သို့မဟုတ် တစ်ကောင်ထက်ပိုတဲ့ နွားရိုင်းတွေကို လူတွေက နွားတိုက်ကွင်းအတွင်း အကြိတ်အနယ်အသက်ချင်းလဲကာ တိုက်ခိုက်တဲ့ပွဲပဲဖြစ်ပါတယ်။ အဲဒီနွားရိုင်းသတ်ပွဲတွေကို သွေးမြေကျအားကစားအဖြစ် သတ်မှတ်နိုင်သော်လည်း တကယ့်လက်တွေ့မှာတော့ အဲဒီနွားရိုင်းသတ်ပွဲတွေဟာ အမှန်စင်စစ်အားကစားတစ်ခုမဟုတ်ဘဲ အဆင့်အတန်းမြင့်သော ရိုးရာယဉ်ကျေးမှုဓလေ့ပွဲတော်တစ်ခုဖြစ်တဲ့ စပိန်ယဉ်ကျေးမှုရဲ့ပြယုဂ်တစ်ခုပဲဖြစ်ပါတယ်။

သမိုင်းမစတင်မီကာလ မက်ဆိုပိုတေးမီးယားခေတ် မြေထဲပင်လယ်ဒေသမှာ နွားတွေကို ပူဇော်ပသခြင်းနဲ့ နွားရိုင်းသတ်ပွဲတွေဟာ နက်ရှိုင်းစွာ ပတ်သက်ဆက်နွှယ်လျက်ရှိပါတယ်။ ရာဇဝင်မှာ ထင်ရှားကျော်ကြားတဲ့ ဂီဂါမက်ရှ်နဲ့ အန်ကီဒူတို့ဟာ ကောင်းကင်ဘုံက နွားရိုင်းကို အောင်မြင်စွာ သုတ်သင်နိုင်ခဲ့ရာမှ နွားရိုင်းသတ်ပွဲ အစပြုတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ အဲ့ဒီခေတ်အယူအဆအရ နွားရိုင်းတွေဟာ ဖျက်ဆီးလို့မရတဲ့ အလွန်အင်အားကြီးမားသော သတ္တဝါများဖြစ်တယ်လို့ဆိုပါတယ်။ ရာဇဝင်လာ ဂီဂါမက်ရှ်နှင့် အန်ကီဒူတို့ဟာ နွားရိုင်းကောင်တွေကို အချိန်အတော်ကြာအောင် တိုက်ခိုက်အနိုင်ယူခဲ့တာကို အစွဲပြုကာ နွားရိုင်းသတ်ပွဲများကို စပိန်နိုင်ငံတစ်ဝန်း နှစ်စဉ်ကျင်းပခဲ့ကြပါတယ်။

**နွားရိုင်းသတ်ပွဲဟာ စပိန်၊ ပေါ်တူဂီ၊ ပြင်သစ်နိုင်ငံတောင်ပိုင်းဒေသတွေနဲ့ မက္ကဆီကို၊ ကိုလံဘီယာ၊ အီကွေဒေါ၊ ဗင်နီဇွဲလားနဲ့ ပီရူးနိုင်ငံတွေပါမကျန် အချို့လက်တင် အမေရိကနိုင်ငံတွေမှာပါ ကျင်းပတဲ့ ရိုးရာပွဲတော်တစ်ခုဖြစ်ပါတယ် . . .**

သို့သော်လည်း မကြာသေးမီကကောက်ယူခဲ့တဲ့ လူထုစစ်တမ်းတွေအရ နွားရိုင်းသတ်ပွဲတွေဟာ လူထုထောက်ခံမှုတွေ ကျဆင်းလာခဲ့ပါတယ်။ လွန်ခဲ့တဲ့လကလည်း လူထောင်ပေါင်းများစွာဟာ မြို့တော်မက်ဒရစ်လမ်းများပေါ်ကိုထွက်ကာ နွားရိုင်းသတ်ပွဲများ အဆုံးသတ်ရေးအတွက် ဆန္ဒပြခဲ့ကြပါတယ်။ ဆန္ဒပြသူတွေက နွားရိုင်းသတ်ပွဲဟာ အကြင်နာတရားခေါင်းပါးတဲ့ပွဲ၊ ရက်စရာကောင်းတဲ့ပွဲလို့ ရေးထိုးထားတဲ့ နဖူးစည်း စာတမ်းတွေကို ကိုင်ဆောင်ပြီး ဆန္ဒပြခဲ့ကြပါတယ်။ စပိန်တိရစ္ဆာန်ဆိုင်ရာ အခွင့်အရေးအဖွဲ့ ပက်မာကလည်း တိရစ္ဆာန်များကို နိုင်ငံရေးစစ်ပွဲမှာ အသုံးချနေတယ်လို့ဆိုကာ ဝေဖန်မှုတွေပြုခဲ့ရုံတင်မက တိရစ္ဆာန်များအကြောင်း နကန်းတစ်လုံးမှ မသိသလို ဂရုစိုက်မှုလည်းမရှိဟု ဝေဖန်ပြောကြားခဲ့ပါတယ်။

တစ်ဖက်ကလည်း နွားရိုင်းသတ်ပွဲနဲ့ ပတ်သက်ပြီး ဆန့်ကျင်သူများရှိသလို တစ်ဖက်ကလည်း ထောက်ခံသူများရှိကြောင်းသိရပါတယ်။ မကြာသေးမီက စပိန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဟာ ကတ်တယ်လိုးနီးယားဒေသ အစိုးရက ပြဋ္ဌာန်းထားတဲ့ နွားရိုင်းသတ်ပွဲ တားဆီးမှုကို ပယ်ချလိုက်တဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်မှာ လေ့လာဖတ်ရှုလိုက်ရပါတယ်။ တရားရုံးက နွားရိုင်းသတ်ပွဲတွေဟာ စပိန်ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ဖြစ်တယ်လို့ဆိုကာ ဒေသအစိုးရရဲ့ နွားရိုင်းသတ်ပွဲတားဆီးမှုကို ပယ်ချလိုက်တာကြောင့် ကတ်တယ်လိုးနီးယား ဒေသအစိုးရနဲ့ မက်ဒရစ်ဗဟိုအစိုးရတို့အကြား နိုင်ငံရေးဆိုင်ရာ တင်းမာမှုတွေမြင့်တက်လာကြောင်း သိရပါတယ်။

ကတ်တယ်လိုးနီးယားပြည်နယ်ဆိုတာကတော့ စပိန်နိုင်ငံမြောက်ပိုင်းမှာ တည်ရှိပါတယ်။ ချမ်းသာပြီး ကိုယ်ပိုင် ဘာသာစကား၊ ကိုယ်ပိုင်ယဉ်ကျေးမှုတွေ ထွန်းကားတဲ့ ဒေသတစ်ခုဖြစ်ရုံသာမက ပြင်းထန်ပြီး တက်ကြွသော၊ လွတ်လပ်စွာလှုပ်ရှားမှုများ အားကောင်းသောဒေသတစ်ခုလည်းဖြစ်ပါတယ်။ ယင်းဒေသဟာ စပိန်ကနေပြီး ၂၀၁၂ခုနှစ်မှာ ခွဲထွက်တဲ့ ပထမဆုံးအစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါတယ်။ ကတ်တလန်အစိုးရ ပြောရေး ဆိုခွင့်ရှိသူ နီးဆက်ပ်မွန်တီက ၎င်းရဲ့အစိုးရဟာ ဗဟိုအစိုးရအား ယင်းကိစ္စကို အကောင်အထည်မဖော်နိုင်အောင်ပြုလုပ်မယ်ဆိုပြီး ပြောခဲ့ပါတယ်။ ဘာစီလိုနာ မြို့တော်ဝန်ကလည်း ဘာစီလိုနာဟာ ၂၀၀၄ခုနှစ်ကစပြီး နွားရိုင်းသတ်ခြင်းကို ဆန့်ကျင်ခဲ့ကြောင်း ပြောခဲ့ပါတယ်။

အများပြည်သူ့ရေးရာ ကတ်တလန်ဝန်ကြီး ဂျိုးဇက်ရူးလ်ကလည်း စပိန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက သူတို့ဘာကိုလိုချင်သလဲဆိုတာကို ဆုံးဖြတ်ချက်ချနိုင်ကြောင်း၊ ဒါပေမယ့်လည်း ကတ်တယ်လိုးနီးယားမှာ နွားရိုင်းသတ်ပွဲတွေမရှိစေရေး ကတ်တလန်အစိုးရက ဆုံးဖြတ်ချက်ချထားပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

နွားရိုင်းသတ်ပွဲများဟာ ဂုဏ်တက်စေတဲ့ပွဲများအဖြစ် စပိန်မျိုးဆက်များကြားနှစ်ပရိစ္ဆေဒကြာမြင့်စွာ ကျော်ကြားလာခဲ့ပါတယ်။ နွားရိုင်းသတ်ပွဲတွေကို ထောက်ခံတဲ့ စပိန်ဝန်ကြီးချုပ် မာရီယာနိုရာဂျိုင်းက နွားရိုင်းသတ်ပွဲတွေဟာ စပိန်နိုင်ငံမှာ အမြစ်တွယ်နေတဲ့ ရှေးကျတဲ့ ရိုးရာယဉ်ကျေးမှုဖြစ်ကြောင်းပြောကြားခဲ့ပါတယ်။ တရားရုံးက နွားရိုင်းသတ်ပွဲများဟာ စပိန်ယဉ်ကျေးမှုဖြစ်တဲ့အတွက် နွားရိုင်းသတ်ပွဲတွေကို တားဆီးခြင်း မတားဆီးခြင်းဟာ ဗဟိုအစိုးရရဲ့ချမှတ်ရမယ့် ဆုံးဖြတ်ချက်ဖြစ်ကြောင်း ပြောခဲ့ပါတယ်။ မက်ထရစ်သမ္မတဟောင်း အက်စ်ပါရန်ဇာ အဂွီရီက ၎င်းရဲ့တွစ်တာစာမျက်နှာမှာ ကတ်တယ်လိုးနီးယားဒေသကို နွားရိုင်းများပြန်လာမည်ဖြစ်ကြောင်း၊ သန်းနဲ့ချီသော စပိန်လူမျိုးများနဲ့ နိုင်ငံတကာပရိသတ်များက ယင်းဆုံးဖြတ်ချက်အပေါ် အောင်ပွဲခံကြမည်ဖြစ်ကြောင်းပြောခဲ့ပါတယ်။

ဘာစီလိုနာသတင်းစာဖတ်သူ ၃၅၀၀၀ ကို အွန်လိုင်းစစ်တမ်းကောက်ယူရာမှာလည်း စုစုပေါင်း ၆၈ ရာခိုင်နှုန်းလောက်က နွားရိုင်းသတ်ပွဲတွေကို ဆန့်ကျင်နေကြောင်း သိရပါတယ်။ ယခုအခါမှာ နွားရိုင်းသတ်ပွဲတွေဟာ လူငယ်များအကြား ရေပန်းစားမှု နည်းပါးလာကြောင်း သိရပါတယ်။

(Ref: Reuters; Wikipedia 21-10-2016)



## ဆိုမာလီမြို့တော် မိုဂါဒစ်ရှူးတွင် အသေခံကားဗုံးခွဲတိုက်ခိုက် နှစ်ဦးသေဆုံး



**မိုဂါဒစ်ရှူး အောက်တိုဘာ ၂၄**

ဆိုမာလီမြို့တော် မိုဂါဒစ်ရှူးတွင် အောက်တိုဘာ ၂၃ ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်ရေးသမားတစ်ဦး၏ တိုက်ခိုက်မှုကြောင့် နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံအာဏာပိုင်တစ်ဦးက ပြောကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

ဘူဒီရီပြည်နယ် ဒယ်ဂျာကာ ဒက်ချ်စွန်း အထိမ်းအမှတ် အဆောက်အအုံအနီးတွင် အသေခံဗုံးခွဲသမားတစ်ဦးက ၎င်း၏ကားဖြင့် တိုက်ခိုက်ခဲ့ကြောင်း အခင်းဖြစ်ပွားရာနေရာမှနေ၍ ဘွန်ဒီရီ ပြည်နယ်ရဲမင်းကြီး ကွက်ဆင်အဘူဒါလီက သတင်းထောက်များကို ပြောကြားခဲ့သည်။

ဒယ်ဂျာကာဒက်ချ်စွန်းအထိမ်းအမှတ်အဆောက်အအုံသည် ကျော်ကြားသောနေရာတစ်ခုဖြစ်ကြောင်း ရဲမင်းကြီးကဆက်လက်ပြောကြားခဲ့သည်။ ရဲများနှင့် မျက်မြင်သက်သေများက ပေါက်ကွဲမှုအလွန်ကြီးကြောင်း ပြောကြားခဲ့သည်။ “ကျွန်တော်တို့ ဒယ်ဂျာကာအနီးမှာ ပေါက်ကွဲသံကြီးကို ကြားလိုက်ရတယ်။ လူတိုင်းပြေးလွှားနေတာကို တွေ့လိုက်ရတယ်။ နောက်တော့မှ ကားဗုံးပေါက်ကွဲတာကို သိလိုက်ရတယ်”ဟု မျက်မြင်သက်သေ ဟက်ဆန်ရှိုင်းယားက ဆင်ဟွာသို့ပြောခဲ့သည်။

မည်သည့်အဖွဲ့၏လက်ချက်ဟုမသိရသေးကြောင်း သို့သော်လည်း ဆိုမာလီအခြေစိုက် အစ္စလမ္မစ်အုပ်စု အယ်လ်ရှာဘတ်က နိုင်ငံအတွင်း မကြာခဏဆိုသလို မိုဂါဒစ်ရှူးတွင် ဖောက်ခွဲတိုက်ခိုက်မှုများ ပြုလုပ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ **(ဆင်ဟွာ)**

# လယ်ယာမြေများနှင့်ပတ်သက်၍ ဖြေရှင်းရာတွင် မျှတမှုမရှိခြင်းကြောင့် လယ်သမားနှင့် ရေလုပ်သားများ ဆန္ဒဖော်ထုတ်

**မအူပင် အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သောင်ဇာ:ကျေးရွာအုပ်စုမှ ဦးကျော်နိုင်ဦး၊ ဦးမြသောင်း၊ ဦးအေးမင်းနိုင် ဦးဆောင်သော တောင်သူနှင့် ရေလုပ်သား ၈၀ ခန့်သည် ကျေးရွာအုပ်ချုပ်ရေးမှူးအား ကျေနပ်မှုမရှိသဖြင့် အောက်တိုဘာ ၂၄ ရက် မွန်းတည့် ၁၂ နာရီက မအူပင်မြို့ရေလဲလမ်းဆုံ ထိပ်မှ ရေလဲလမ်းနှင့် ကမ်းနားလမ်းတစ်လျှောက် အမှတ်(၄)ရပ်ကွက် တိုးရွှေဝါခန်းမရှေ့အထိ ဆိုင်းဘုတ်များကိုင်ဆောင်ကာ ရေလုပ်သားများနှင့် တောင်သူလယ်သမားများကို ဖိနှိပ်မှုအလိုမရှိ စသည့် ကြွေးကြော်သံများဖြင့် လှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ဆန္ဒဖော်ထုတ်ရခြင်းမှာ ကျေးရွာအုပ်ချုပ်ရေးမှူးက ယခင် လုပ်ကိုင်ခွင့်ရရှိသည့် ကျေးရွာ ဆည်မြောင်းတာအတွင်း လုပ်ကိုင်ခွင့်မပေးခြင်း၊ လယ်ယာမြေများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရာတွင် မျှတမှုမရှိခြင်းကြောင့် ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ကြောင်း ဆန္ဒပြခေါင်းဆောင် ဦးမြသောင်းက ပြောပြသည်။

**(ခရိုင် ပြန်/ဆက်)**

# ဒလတံတားတည်ဆောက်ရေးစီမံကိန်းဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်

**ဒလ အောက်တိုဘာ ၂၄**

ရန်ကုန်မြစ်ကိုဖြတ်ကျော်၍ ရန်ကုန်ဘက် ဘုန်းကြီးလမ်းနှင့် ဒလဘက် ကမာကဆစ်ရပ်ကွက် ပိုလ်မင်းရောင်လမ်းတို့ကို ဆက်သွယ်တည်ဆောက်မည့် ရွှေရောင်အိပ်မက်ဟု တင်စားခေါ်ဝေါ်နေသော မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်နိုင်ရေးအတွက် စီမံကိန်းဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက ဒလမြို့ ကမာကဆစ်အနောက်ကျောင်းတိုက်ပင်မကျောင်းဆောင်အပေါ်ထပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီး(မြို့ပြ)တည်ဆောက်ရေးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက စီမံကိန်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ Eguard Environmental Services Co.,Ltd. မှ အကြီးတန်းအတိုင်ပင်ခံအရာရှိ ဒေါ်မြတ်မွန်ဆွေက ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း (ESIA)ဆောင်ရွက်ရန် လိုအပ်ချက်နှင့် နည်းလမ်းများ၊ လူထုတွေ့ဆုံပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်၊ မူဝါဒ၊ ဥပဒေရေးရာနှင့်အဖွဲ့အစည်းကန့်သတ်ချက်၊ စီမံကိန်းဆိုင်ရာဖော်ပြချက်နှင့်ရွေးချယ်နိုင်သည့် အခြားနည်းလမ်းများ၊ ပတ်ဝန်းကျင်ဆိုင်ရာဖော်ပြချက်၊ ထိခိုက်သက်ရောက်မှုများနှင့် ဆန်းစစ်ခြင်း၊ ထိခိုက်မှုလျှော့ချနိုင်မည့် နည်းလမ်းများ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးနှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်၊ လူထုနှင့်တွေ့ဆုံညှိနှိုင်းခြင်းနှင့် ထုတ်ပြန်ခြင်းစသည့် ESIA ဆိုင်ရာအချက်အလက်ကိုးချက်ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဦးကျော်ရင်၊ ဦးမောင်မောင်၊ ဦးမြင့်ဦးနှင့် တက်ရောက်လာကြသော မြို့ခံပြည်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးအကြံပြုကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

အလားတူ ယင်းနေ့နံနက်ပိုင်းက လမ်းမတော်မြို့နယ် အထက(၁) မြမာလာခန်းမ၌ အဆိုပါ တံတားတည်ဆောက်ရေးစီမံကိန်းဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း ဆွေးနွေးပွဲကို ကျင်းပခဲ့ရာ လမ်းမတော်မြို့နယ်နေပြည်သူအများစုက လိုလားသော်လည်း ဘုန်းကြီးလမ်းနေ တိုက်ခန်းပိုင်ရှင်များက ကန့်ကွက်ခဲ့ကြကြောင်း သိရသည်။

ဒလမြို့သူမြို့သားများ၏ ရွှေရောင်အိပ်မက် အဆိုပါတံတားသည် ကြိုးဆိုင်းလေးလမ်းသွားတံတားဖြစ်ပြီး ရေလမ်းကင်းလွတ်အမြင့်ပေ ၁၆၀၊ အရှည် ၆၁၄၄ ပေ၊ ရေလမ်းကင်းလွတ် အရှည် ၈၂၃ ပေ၊ ယာဉ်တစ်စီးချင်းခံနိုင်ဝန် ၇၅ တန်ဖြစ်ပြီး၊ ချဉ်းကပ်တံတားအမြင့် ဒလဘက် ၁၄၁ ပေ၊ ရန်ကုန်ဘက် ၁၃၈ ပေဖြစ်ကြောင်းနှင့် အသံပိုငြိမ်သည့် Noise Barrier တပ်ဆင်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဌွေး(ဒလ)**

## တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၄**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ (**မြန်မာ့အလင်း**)

# ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ အချိန်မီ၊ အချိန်ကိုက် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးသင့်သည့် သီးနှံပုံစံများ နှိုးဆော်ချက်

စိုက်ပျိုးရေးဦးစီးဌာနသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံစေပြီး အကျိုးအမြတ်များသည့် လယ်ယာသီးနှံများနှင့် အာဟာရပြည့်ဝသော လယ်ယာထွက်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိရာ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အသုံးပြုနိုင်စေရေး၊ ပြောင်းလဲဖြစ်ပေါ်နေသော ရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံပုံစံများကို အောက်ဖော်ပြပါ အခြေခံအချက်များဖြင့် ဆောင်ရွက်သွားရန် လိုအပ်ပါသည်-

၁။ ရေရရှိမှုသေချာသည့် ဆည်ရေသောက်ဧရိယာများတွင် စပါးအခြေခံသီးနှံပုံစံများကို နှစ်သီး (သို့မဟုတ်) သုံးသီးစိုက်ပျိုးသွားရန်၊ ဆည်ရေလုံလောက်မှုမရှိသော ဧရိယာများတွင် စပါးအပြီး သီးထပ်သီးနှံများအဖြစ် ရေလိုအပ်ချက်နည်းသော (ပဲမျိုးစုံ၊ ဆီထွက်သီးနှံ)၊ သက်တမ်းတိုမျိုးများ ရွေးချယ်စိုက်ပျိုးရန်။

၂။ မိုးကောင်းသောက် ဧရိယာများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုလျော့နည်းသောဒေသများရှိ လယ်မြေဧရိယာဖြစ်ပါက သက်တမ်းတိုအထွက်ကောင်းမျိုးများဖြင့် နှစ်သီးပုံစံဖြင့် စိုက်ပျိုးသွားရန်။

၃။ မိုးကောင်းသောက် ဧရိယာများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုလျော့နည်းသော ဒေသများရှိ ယာမြေဧရိယာဖြစ်ပါက သက်တမ်းတိုအထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်၍ သီးညှပ်ပုံစံဖြင့် စိုက်ပျိုးသွားရန်။

၄။ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုများသောဒေသများရှိ ရေလွှမ်းမိုးမှု၊ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်သော ဧရိယာများ၌ ရေမြုပ်ခံစပါးမျိုး ပြောင်းလဲစိုက်ပျိုး၍ ရေကျသွားပါက သက်တမ်းတို အထွက်ကောင်းသော စပါးမျိုးများ (ရက် ၉၀၊ ရွှေသွယ်ရင်၊ သီးထပ်ရင်၊ ဆင်းနွယ်ရင်၊ ရွှေမြန်မာ၊ ရတနာအောင်၊ ရတနာတိုး၊ IR-747၊ MR-9၊ ထွန်းသီရိ၊ ရွှေမနော်၊ ရေဆင်း-၃) စသည့်မျိုးများ ဦးစားပေးစိုက်ပျိုးရန်။

၅။ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရွာသွန်းမှုများသော ဒေသများရှိ ရေလွှမ်းမိုးမှု၊ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်သော ဧရိယာများ၌ ရေကျသွားပါက စပါးစိုက်ရန် အချိန်မမီပါက ပြောင်းသီးနှံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံသီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စားဖိုဆောင်သီးနှံများကို အကျိုးအမြတ်ရှိပြီး ဒေသ ရေမြေနှင့်ကိုက်ညီသော သီးနှံများကို ရွေးချယ်စိုက်ပျိုးသွားရန်။

၆။ ယာမြေဧရိယာတွင် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ပါက သီးညှပ်ပုံစံ (သို့မဟုတ်) သီးနှံသစ်တောပုံစံ စိုက်ပျိုးသွားရန်။

၇။ သီးနှံများရွေးချယ်ရာတွင် သက်တမ်းတိုသော သီးနှံမျိုးကွဲနှင့် ရေလိုအပ်ချက်နည်းသော သီးနှံများကို ဦးစားပေးရွေးချယ်ရန်။

၈။ ဖြစ်ပေါ်နေသော ရာသီဥတုနှင့် ကိုက်ညီသည့် စိုက်ပျိုးသင့်သည့် သီးနှံပုံစံများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးများ၊ ဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ် တရားရုံးတို့အားစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေသည် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ကော့မှူးမြို့နယ်တရားရုံးနှင့် ကွမ်းခြံကုန်းမြို့နယ်တရားရုံးတို့ကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက သွားရောက် ကြည့်ရှုစစ်ဆေးသည်။

တရားသူကြီးချုပ်သည် ကော့မှူးမြို့နယ်တရားရုံးနှင့် ကွမ်းခြံကုန်းမြို့နယ်တရားရုံးများရှိ တရားသူကြီးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကြန့်ကြာမှုခင်းများ အမြန်ပြီးပြတ်ရေး၊ မှုခင်းလက်ကျန်များ လျော့နည်းကျဆင်းရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးနှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များအား လမ်းညွှန်မှာကြားသည်။ ထို့နောက် ယင်းမြို့နယ်များရှိ ရဲတပ်ဖွဲ့အချုပ်စခန်းများအား သွားရောက်ကြည့်ရှုပြီး အချုပ်ခန်းများ သန့်ရှင်းမှု၊ လုံခြုံမှုရှိစေရေးနှင့် အချုပ်သားများ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိခံစားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အချုပ်သားများ၊ ရဲစခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုလတ် (သတင်းစဉ်)**

# ယာဉ်အတွင်းမှ အရေးကြီးကတ်ပြားများ၊ ငွေနှင့်ပစ္စည်းများ ဖောက်ထွင်းခံရ

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် နဝဒေးအိမ်ရာ နဝဒေးဈေးလမ်းရှိ B(85) ( A-1) အိမ်ရှေ့၌ ရပ်နားထားသော ဟိုက်ဂျက် 7G----- ယာဉ်၏ ဦးခေါင်းအတွင်းမှ ငွေကျပ်နှစ်သောင်း၊ ဖုန်းတစ်လုံး၊ မြို့နယ်သတင်းထောက်ကတ်၊ မြန်မာနိုင်ငံစာရေး ဆရာအသင်းဝင်ကတ်၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဝင်ကတ်၊ မှတ်ပုံတင်ကတ်၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်တို့ကို အောက်တိုဘာ ၂၂ရက် ညပိုင်းက ဖောက်ထွင်းခံရကြောင်း သိရသည်။

"နွားဦးတိုက်ဆရာတော် ဗုဒ္ဓဂယာသွားဖို့ လေယာဉ်လက်မှတ်ဝယ်မယ့် ငွေကျပ်ငါးသိန်းကို အဲ့ဒီညက ကားခေါင်းထဲမှာထားခဲ့ပြီးမှ အိမ်ထဲကိုပြန်ယူခဲ့လို့မပါသွားတာ။ အိမ်ရှေ့မှာ ကားရပ်တာကြာပြီ။ တစ်ခါမှမကြုံဖူးဘူး။ ဖောက်ထွင်းမှုတွေက အတင့်ရဲလာကြပြီ။ ဖုန်းနဲ့ ငွေကိုမနှမြောဘူး။ သတင်းထောက်ကတ်နဲ့ ကားလိုင်စင်ပါသွားတာ နှမြောတယ်။ အိမ်ရှေ့လည်း စိတ်မချရသလို အိမ်ထဲလည်း မလုံခြုံဖြစ်နေပြီ။ ရဲစခန်းကိုတော့အကြောင်းကြားထားတယ်" ဟု ထန်းတပင်မြို့နယ် မြန်မာ့အလင်းသတင်းထောက် ဦးသာဖြန်း(ထန်းတပင်)က ပြောသည်။

**(၁၆၄)**

## အောက်တိုဘာ ၂၄ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက် (တနင်္လာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၀၀၀ မှ ၄၅၅၀၀ |
| ၂။ | ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၁၉၀၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၀၀၀ မှ ၁၉၅၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၂၀၀၀ |
| ၅။ | မိုးသုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၄၀၀၀ |
| ၆။ | နွေသီးထပ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၁၇၅၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၁၀၀၀၀ |
| ၈။ | ပဲစင်းငုံနီ RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၀၁၁၀၀၀ |
| ၉။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ပဲခူး၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၀၀ မှ ၁၈၃၅ |
| ၁၀။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၈၀၀ မှ ၁၆၀၀ |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၂၂၅ မှ ၄၄၀၀ |
| ၁၂။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၂၀၀ မှ ၄၂၅၀ |
| ၁၃။ | ငရုတ်ရှည် | အိန္ဒိယ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၁၀၀ မှ ၄၁၅၀ |
| ၁၄။ | ငရုတ်(မိုးထောင်) | ပျော်ဘွယ်၊ ကျောက်ဆည် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၀၀ မှ ၃၀၀၀ |
| ၁၅။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၇၀ မှ ၈၂၀ |
| ၁၆။ | နာနတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀ မှ ၁၃၀၀ |
| ၁၇။ | မာလကာသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀ မှ ၂၅၀ |
| ၁၈။ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀ မှ ၂၇၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။**

# ကျောက်ပန်းတောင်း-ချောက်ကားလမ်း၌ အဝေးပြေးယာဉ်တစ်စီး လမ်းချော် တိမ်းမှောက်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ အောက်တိုဘာ ၂၄ ရက် နံနက် ၆ နာရီက ဆင်တပ်ကျင်းကျေးရွာလမ်းခွဲအနီး ကျောက်ပန်းတောင်း-ချောက် ကားလမ်း မိုင်တိုင်အမှတ်(၃၉၂/၂)၌ ရန်ကုန်-ကျောက်ပန်းတောင်း-ချောက်-တညောင် ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်တစ်စီး လမ်းချော်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်း - ချောက်ကားလမ်း မိုင်တိုင်အမှတ်(၃၉၂/၂)၌ ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ကျောက်ပန်းတောင်း-ချောက် ကားလမ်းမကြီးအတိုင်း ကျောက်ပန်းတောင်းဘက်မှ ချောက်ဘက်သို့ ယာဉ်မောင်းရဲဖုန်းအောင် မောင်းနှင်သော ရန်ကုန်-ကျောက်ပန်းတောင်း-ချောက်- တညောင်ပြေးဆွဲနေသည့် 4/G ---- အောင်ဇေယျ ခရီးသည်တင်ယာဉ်သည် မိုင်တိုင်အမှတ်(၃၉၂/၂)အရောက် လမ်းချော်၍ အရှိန်မထိန်းနိုင်ဖြစ်ကာ လမ်း၏ ဝဲဘက်ခြမ်းရှိ လမ်းဘေးရေမြောင်းအတွင်း တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည် ၃၀ အနက် ၁၂ ဦး ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့ပြီး သေဆုံးသူမရှိကြောင်း သိရသည်။ ဒဏ်ရာရရှိသူများအား ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ယာဉ်မဆင်မခြင်မောင်းနှင်သူ ရဲဖုန်းအောင် ပတ္တမြားရပ်ကွက် ချောက်မြို့နေသူအား အရေးယူထားရှိပြီး အဆိုပါယာဉ်တိမ်းမှောက်ရာသို့ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် Volunteer Group အဖွဲ့မှ လူငယ်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



# သံတောင်ကြီးမြို့နယ် ကရာချီးကျေးရွာ၌ ဗုံးပေါက်ကွဲ၍ လူငါးဦးဒဏ်ရာရ

**သံတောင်ကြီး အောက်တိုဘာ ၂၃**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ် လိပ်ပြာကြီး အထက်ကျေးရွာအုပ်စု ကရာချီးကျေးရွာ မြောက်ဘက်မိုင် ၂၀ခန့်တွင် အောက်တို ဘာ ၂၃ ရက် နံနက် ၁၁ နာရီခန့်က ကရာချီးကျေးရွာနေ စောယွာမာဒါဆိုးတို့ မိသားစုသည် ခရစ်ယာန်ဘုရားရှိခိုး ကျောင်းမှအပြန် မိဘများဖြစ်သော ဦးစောနယ်ဆင်၊ ဒေါ်နော်အဲမလေးဖော၊ အဒေါ်နော်ဂျဲဖော၊ တူဖြစ်သူ စောရှဲလ်ဝီးတို့နှင့်အတူ နေအိမ်နောက်ဖေး မီးဖိုချောင်တွင် ထမင်းစားနေစဉ် မီးဖိုချောင်အောက်မှ ဗုံးဟုယူဆရသော ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် ကရာချီးကျေးရွာနေ စောယွာမာဒါဆိုး (၃၀နှစ်)၊ ဒေါ်နော်အဲမလေးဖော (၆၂နှစ်)၊ နော်ဂျဲဖော(၄၉နှစ်)၊ စောရှဲလ်ဝီး(၂၆နှစ်)၊ ဦးစောနယ်ဆင် (၅၇နှစ်)တို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဓာတ်မှန်ရိုက် စစ်ဆေးကုသနိုင်ရန်အတွက် သံတောင်ကြီးပြည်သူ့ဆေးရုံမှ တောင်ငူခရိုင်ပြည်သူ့ဆေးရုံသို့ ည၇ နာရီ ၁၀ မိနစ်တွင် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်-မန္တလေး အမြန်လမ်း၌ ယာဉ်ဆင့်ကဲတိုက်မှုဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၄**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အမှတ်(၃) လမ်းဆုံ အမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၁၆/၆) နှင့် (၁၆/၇) ကြား၌ ယနေ့ညနေ ၅ နာရီခန့်က ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း စောဘိုထွေး မောင်းနှင်လာသော အီဆူဇူးယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် မြေသားလမ်းပေါ်ရောက်ရှိ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်မောင်း စောဘိုထွေးအား အမှုဖွင့် အရေးယူထားသည်။

အလားတူ ယင်းမိုင်တိုင်ကြား၌ နေပြည်တော်ဘက်မှ ယာဉ်မောင်း ဦးကြည်သန်း မောင်းနှင်လာသော Elite ခရီးသည်တင်ယာဉ်မှာ ရှေ့တွင်တိမ်းမှောက်နေသော အီဆူဇူးယာဉ်ကို အကူအညီပေးရန် အရှိန်လျှော့ပြီး လမ်းဘေးချရပ်စဉ် ယာဉ် မောင်း ဦးကျော်ထွန်း မောင်းနှင်လာသော မဟာခရီးသည်တင်ယာဉ်က အရှိန်မထိန်းနိုင် ဘဲ Elite ယာဉ်အား နောက်မှ ဝင်တိုက်မိခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် Elite ခရီးသည်တင်ယာဉ်မှ လေးဦးနှင့် မဟာခရီးသည်တင်ယာဉ်မှ ရှစ်ဦး စုစုပေါင်း ၁၂ ဦး ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် လှည်းကူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ သို့ပါ၍ ယာဉ်ကို ပေါ့လျော့စွာ မောင်းနှင်သူ မဟာခရီးသည်တင်ယာဉ်မောင်းအား အမှတ်(၃) အမြန်လမ်းရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# နေအိမ်မီးလောင်မှုကြောင့် ၇၁ နှစ်အရွယ် အဘိုးအိုတစ်ဦးသေဆုံး

**ဗန်းမော် အောက်တိုဘာ ၂၄**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ဆေးလိပ်မီးမှတစ်ဆင့် မီးကူးစက်လောင်ရာ လူနေအိမ်တစ်လုံး ဆုံးရှုံးခဲ့ပြီး (၇၁နှစ်)အရွယ် အဘိုးအိုတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီခန့်က ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက် ဘူဒိုဇာကုန်း၌ အိမ်ရှင် ဦးမခေါ်တူး(၇၁နှစ်)သည် မြေးဖြစ်သူ မောင်အောင်ထွဲ(၄နှစ်) နှင့်အတူ နေထိုင်နေစဉ် ဦးမခေါ်တူးသောက်သုံးသည့် ဆေးလိပ်မီးမှတစ်ဆင့် မီးကူးစက်ကာ (၃ × ၂ )ပင် ထရံကာ၊ သက်ငယ်မိုး၊ ဝါးခင်းနေအိမ်တစ်လုံး မီးလောင်မှု ဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် လေဖြတ်၍လမ်းကောင်းစွာမလျှောက်နိုင်သူ အိမ်ပိုင်ရှင် ဦးမခေါ်တူးသည် မီးလောင်သေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဗန်းမော်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**

# တရားမဝင် အေးခဲပုစွန်များ ဖမ်းဆီးရမိ

**မြဝတီ အောက်တိုဘာ ၂၃**

ထိုင်းနိုင်ငံမှ တရားမဝင်တင်သွင်းလာသည့် မွေးမြူရေးပုစွန်များ မြဝတီမြို့၌ အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။

ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင် ဦးစီးမှူးနှင့်မြဝတီမြို့မရဲစခန်းမှရဲတပ်ဖွဲ့ဝင်များသည် အောက်တိုဘာလ ၂၃ ရက် နံနက်ပိုင်းက မြဝတီမြို့မှကုန်သွယ်ရေးဇုန်သို့ သွားရာလမ်းကြောင်း၌ ထိုင်းဘက်မှဝင်လာ သောယာဉ်များကို စစ်ဆေးစဉ် တရားမဝင်တင်ဆောင်လာသော အေးခဲပုစွန် ၂၇၅ ဗာ (ကာလတန်ဖိုးမှာ ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ) ဖမ်းဆီးရမိသဖြင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား ကရင်ပြည်နယ် ရေချိုငါးဥပဒေဖြင့် အရေးယူထား ကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# မြိတ်မြို့၌ အကောက်အခွန်မဲ့ ဘီယာ ပါကင် ၃၁၇၀ အားဖျက်ဆီး

**မြိတ် အောက်တိုဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အကောက်ခွန်ဦးစီးဌာန၌ အောက်တိုဘာ ၂၄ရက် နံနက်၁၁ နာရီက ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံထုတ် Chang Beer ပါကင်၂၅၅၀ နှင့် Singa Beer ပါကင် ၆၂၀ စုစုပေါင်းဘီယာ ပါကင် ၃၁၇၀ ကို တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆောင်သော တားမြစ် ကုန်စည်ဖျက်ဆီးရေးအဖွဲ့မှ လမ်းကြိတ်စက်ဖြင့် ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံထုတ် ဘီယာများကို မေ ၁၈ ရက်က မြိတ်တောင်ကျေးရွာအုပ်စု ကုန်းဖောက်ကျေးရွာ အထပ်သား စက်ရုံနံဘေး လန်ဘားသစ်စက်အနီး၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သောအဖွဲ့က ဖမ်းဆီးရမိခဲ့သော ထိုင်းနိုင်ငံမှတရားမဝင် တင်ဆောင်လာသည့် ကာလတန်ဖိုး ငွေကျပ်သိန်း (၃၇၆ ဒသမ ၄၀) ခန့်ရှိအကောက်ခွန်မဲ့ ဘီယာများဖြစ်ကြောင်း၊ ၎င်းတားမြစ်ကုန်စည်ဘီယာများကို အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး ဖျက်ဆီးခြင်းဖြစ်ကြောင်း မြို့နယ်အကောက်ခွန်ဦးစီးဌာနရုံးမှ သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# သမက်နှင့် ယောက္ခမ ရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွား

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၂၄**

ဆင်ပေါင်ဝဲမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ အောက်တိုဘာ ၂၃ ရက် ညပိုင်းက ယောက္ခမဖြစ်သူနှင့် သမက်ဖြစ်သူတို့ ရန်ဖြစ်ရာ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း ကိုးပင်နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မစပယ်လှိုင်(၂၆နှစ်) ဆင်ပေါင်ဝဲမြို့နယ် ဇီးဖြူကုန်းကျေးရွာနေသူသည် အောက်တိုဘာ ၂၃ ရက် ညနေ ၆ ခန့်က ရွာအနောက်ဘက်ပိုင်းရှိ အရန်သားဖွားဆရာမ မဖြူစင်လှိုင်နေအိမ်သို့ အလည်သွားရောက်စဉ် နေအိမ်၌ ခင်ပွန်းဖြစ်သူ သန့်ဇင်လင်း(၂၈နှစ်)သည် ယောက္ခမဖြစ်သူ အောင်ကျန် (၆၄နှစ်) ၏ ဆွေမျိုးများကို ညစ်ညမ်းစွာဆဲဆိုရမ်းကားနေသဖြင့် မစပယ်လှိုင်၏ ဖခင်ဖြစ်သူ အောင်ကျန်က ဆဲဆိုခြင်းမပြုရန် တားမြစ်ရာ သန့်ဇင်လင်းသည် အရိုးအသွား ခုနစ်လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းကို ခါးကြား၌ ထိုးထားပြီး အရှည်သုံးပေခန့်ရှိ ဝါးဆစ်ပိတ်တုတ်ကို ကိုင်ဆောင်ကာ ဦးအောင်ကျန်၏ နေအိမ်ဝိုင်းအတွင်းသို့ဝင်ရောက်၍ ဦးအောင်ကျန်အား တုတ် ဖြင့်ရိုက်ခဲ့ရာ အောင်ကျန်က သန့်ဇင်လင်းအား ဝင်ရောက်လုံးထွေးစဉ် သန့်ဇင်လင်း၏ခါးတွင် အသင့်ပါလာသော ဓားအားယူ၍ ထိုးလိုက်ရာ သန့်ဇင်လင်းတွင် ထိုးသွင်းဒဏ်ရာများရရှိခဲ့ပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း တရားလို၏ တိုင်ကြားချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပက်သက်၍ ဦးအောင်ကျန်ကို အရေးယူပေးပါရန် အောက်တိုဘာ ၂၄ ရက်တွင် မစပယ်လှိုင်က တရားလိုပြုတိုင်ကြားခဲ့သောကြောင့် ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**



# ကြံခင်းမြို့နယ်၌ တရားမဝင်ကျွန်းသစ်များဖမ်းဆီးရမိ

**ကြံခင်း အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပိုးစုကြီးအုပ်စု ချင်းရွာကြီးကျေးရွာအနီး၌ကျွန်းသစ်နှင့်သစ်ခွဲသားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဟသ်ာတခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းဦးဆောင်သော သစ်တောဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက် ညနေ ၅ နာရီခွဲက သတင်းအရ သွားရောက်ရှာဖွေရာ ပိုးစုကြီးအုပ်စု ချင်းရွာကြီး ကျေးရွာအနီး ပတော်ချောင်းဘေး ဝါးဘိုးခြံအတွင်း ဦးတိုင်းကျော်ပိုင်ဆိုင်သော ကျွန်းသစ်လေးလုံး(၀ ဒသမ ၁၃ တန်)၊ ကျွန်းတိုင် ၂၂ လုံး (၀ ဒသမ ၆၂ တန်)၊ ဦးသိန်း အောင်ပိုင်ဆိုင်သော ကျွန်းသစ်ခြောက် လုံး (၀ ဒသမ ၂၃ တန်)၊ ကျွန်းတိုင် ၂၄ လုံး (၀ ဒသမ ၆၈ တန်)၊ ဦးဆန်းဝင်း ပိုင်ဆိုင်သော ကျွန်းတိုင်အလုံး ၂၀ (၀ ဒသမ ၅၉ တန်)၊ ကျွန်းခွဲသား ၇၆ ချောင်း (၀ ဒသမ ၁၈၅၆)တန်၊ ဦးမောင်ဌေးပိုင်ဆိုင်သော Chang Chal ၂၂ ကောင်တစ်လုံး၊ ဂျင်ဒေါင်းအင်ဂျင် ၃၀ ကောင် တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ ဦးမိုးဝင်းပိုင်ဆိုင်သော သုံးဘီးဆိုင်ကယ်တစ်စီး၊ အခြားခွဲသား၂၅ ချောင်း (၀ ဒသမ ၇၅၆၈ တန်) ဖမ်းဆီးရမိသဖြင့် ကြံခင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ၂၀၁၆ ဘောလုံးရာသီ MNL အကောင်းဆုံးဆု အောင်သူ ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် MFF-MNL Awards Night ကို အောက်တိုဘာ ၂၃ ရက် ညပိုင်းက ရန်ကုန်မြို့ရှိ Novotel ဟိုတယ်၌ ကျင်းပရာ ၂၀၁၆ ရာသီအတွက် MNL အကောင်းဆုံးဆုကို ရတနာပုံ တိုက်စစ်မှူး အောင်သူက ရရှိခဲ့သည်။

ဆုပေးပွဲတွင် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ ဆုများချီးမြှင့်ရာ ၂၀၁၄ ရာသီ MNL အကောင်းဆုံးဆုရသီဟစည်သူ(ရတနာပုံ)၊ ၂၀၁၅ ရာသီနှင့် ၂၀၁၆ ရာသီနှစ်နှစ်ဆက်တိုက် MNL အကောင်းဆုံးဆု အောင်သူ(ရတနာပုံ)တို့အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယကဦးအောင်ကိုဝင်းက ဆုတံဆိပ်နှင့်ငွေကျပ်သိန်း ၂၀ စီ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသမီးအကောင်းဆုံးဆုရခင်မာလာထွန်း၊ MFF Platinum ဆုရ ဦးခင်မောင်ထွေး (ပျဉ်းမနား)၊ MFF Best Service ဆုရ ဦးဘန်နီတင်အောင်၊ MFF Honourable ဆုရ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအုပ်ချုပ်သူဒေါ်မြတ်မြတ်ဦးနှင့် ယူ-၂၀ ကမ္ဘာ့ဖလား အမျိုးသမီးပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ခွင့်ရထားသည့် ကွင်းလယ်ဒိုင် ဒေါ်သိန်းသိန်းအေး၊ အသန့်ရှင်းဆုံးအသင်းဆုရရှိသော MNL-2(ပထမတန်း)ပြိုင်ပွဲအတွက် ၂၀၁၄ ရာသီ ငွေကြယ်ပွင့်လေးများအသင်း၊ ၂၀၁၅ ရာသီဒဂုံအသင်း၊ ၂၀၁၆ ရာသီ ငွေကြယ်ပွင့်လေးများအသင်း၊ MNL ပြိုင်ပွဲအတွက် ၂၀၁၄ ရာသီ၊ ကမ္ဘောဇအသင်း(ယခုရှမ်းယူနိုက်တက်)၊ ၂၀၁၅ ရာသီ ကမ္ဘောဇ(ယခုရှမ်းယူနိုက်တက်)၊ ၂၀၁၆ ရာသီ Southern အသင်း။

အခြားလိဂ်ပြိုင်ပွဲများ၏ အကောင်းဆုံးဆုများကို MNL -2 လူငယ်ပြိုင်ပွဲ၌ ၂၀၁၄ ရာသီတွင် ချမ်းမြေ့အောင်(ဒဂုံ)၊ ၂၀၁၅ ရာသီတွင် အောင်ဇင်ဖြိုး (Horizon)၊ ၂၀၁၆ ရာသီတွင် သက်ဝေမိုး (မြဝတီ)၊ MNL-2 ပြိုင်ပွဲ၌ ၂၀၁၄ ရာသီတွင် အောင်စိုးမိုး (ရခိုင်)၊ ၂၀၁၅ ရာသီတွင် ချမ်းဦး (Horizon)၊ ၂၀၁၆ ရာသီတွင် ရဲဝေယံမိုး (မြဝတီ)၊ MNL လူငယ်ပြိုင်ပွဲ၌ ၂၀၁၄ ရာသီတွင် စောနိုင်မိုးအောင်(ရန်ကုန်)၊ ၂၀၁၅ ရာသီတွင် ရန်ခ(ရန်ကုန်)၊ ၂၀၁၆ ရာသီတွင် ဝေလင်းထွန်း(Southern) တို့ ရရှိပြီး ဂိုးသွင်းအများဆုံးဆုများကို MNL-2 လူငယ်ပြိုင်ပွဲ ၂၀၁၄ ရာသီတွင် မင်းကိုကို(ဒဂုံ)၊ ၂၀၁၅ ရာသီတွင် အာကာ (မြဝတီ)၊ MNL-2 ပြိုင်ပွဲ ၂၀၁၄ ရာသီတွင် ဘမ်ဘာ(ဟံသာဝတီ)၊ ၂၀၁၅ ရာသီတွင် ချီကာ(Horizon)၊ ၂၀၁၆ ရာသီတွင် ဒိုနယ်(မနောမြေ)၊ MNL လူငယ်ပြိုင်ပွဲ ၂၀၁၄ ရာသီတွင် စောနိုင်မိုးအောင်(ရန်ကုန်)၊ ၂၀၁၅ ရာသီတွင် ရန်ခ (ရန်ကုန်)၊ ၂၀၁၆ ရာသီတွင် ပူးတွဲရရှိခဲ့သည့် ဝေလင်းထွန်း (Southern)၊ စောဖွေး(ချင်း)နှင့် တည်ငြိမ်မင်း(ရခိုင်)၊ MNL ပြိုင်ပွဲ ၂၀၁၄ ရာသီနှင့် ၂၀၁၅ ရာသီတွင် ဆီဇာ(ရန်ကုန်)၊ ၂၀၁၆ ရာသီတွင် ပူးတွဲရရှိခဲ့သော ဝင်းနိုင်စိုး၊ မာတူနာ (ရတနာပုံ)နှင့် ခရစ္စတိုဖာ(ရောဝတီ) တို့ကို ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဒေါက်တာ စိုင်းဆမ်ထွန်းနှင့် ဦးပြည့်ဖြိုးတေဇ၊ ကလပ်အသင်းပိုင်ရှင်များက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။




၂၀၁၄ ရာသီ MNL အကောင်းဆုံးဆုရသီဟစည်သူ၊ ၂၀၁၅၊ ၂၀၁၆ ရာသီ MNL အကောင်းဆုံးဆုရ အောင်သူတို့အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဒုတိယဥက္ကဋ္ဌဒေါက်တာစိုင်းဆမ်ထွန်းတို့နှင့်အတူ တွေ့ရစဉ်

**သတင်း-ရဲရင့်ရှိုင်း၊ဓာတ်ပုံ-ဖိုးသော်ဇင်**

# ရွှေတောင်မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်

**ရွှေတောင် အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်/ကျေးအသင်းပေါင်းစုံ မိုးရာသီအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကိုအောက်တိုဘာလ တတိယပတ်က ရွှေတောင်မြို့ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။ ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ ရပ်/ ကျေးများမှ အသင်းပေါင်း ၂၇ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဗိုလ်လုပွဲတွင် သရက်တောအသင်းက ဒုရင်ဒုတိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ တံခွန်စိုက်ဆုဖလား ရရှိသည်။ သရက်တောအသင်းက ပထမ၊ ဒုရင်ဒုတိုအသင်းက ဒုတိယ၊ ကျီးသဲအသင်းက တတိယနှင့်ဆည်ကြီးကုန်းအသင်းက စတုတ္ထဆုများ ရရှိကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုအတွက် ဆန်ခါတင်ကစားသမားအချို့ထွက်ပေါ်

ကမ္ဘာ့ဘောလုံးပရိသတ်များမျှော်လင့်နေသည့် ၂၀၁၆ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု (FIFA Ballon d'Or) အတွက် ကျော်ကြားသည့် ဘောလုံးသမားများအနက်မှ ဆန်ခါတင် ကစားသမား ၃၀ ထုတ်ပြန်မည်ဖြစ်ရာ ၎င်းတို့အနက်မှ ကစားသမား ၁၅ ဦး အမည်စာရင်းကို အောက်တိုဘာ ၂၄ ရက်ကထုတ်ပြန်ခဲ့သည်။

အဆိုပါကစားသမားများမှာ ရီးရဲမက်ဒရစ်မှ စီရော်နယ်ဒို၊ ဂါရက်ဘေးလ်နှင့် တိုနီ ခရူး၊ ဘာစီလိုနာမှ အင်နီယေစတာ၊ အက်သလက်တီကိုမှ ဂရစ်ဇ်မန်း၊ ဒီယေဂိုဂိုဒင်နှင့် ကိုကီ၊ မန်စီးတီးမှအဂူရိုနှင့် ဒီဘရိုင်း၊ ဂျူဗင်တပ်စ်အသင်းမှဘတ်ဖွန်၊ ဟီဂူအင်နှင့် ဒိုင်ဘာလာ၊ ဘိုင်ယန်မြူးနစ်မှ လီဝမ်ဒေါ့စကီး၊ ဒေါ့မွန်မှအူဘာမီယန်နှင့် မန်ယူနှင့် ပီအက်စ်ဂျီကစားသမားဟောင်းဖြစ်သည့် အီဗရာဟီမိုဗစ်တို့ဖြစ်သည်။

၂၀၁၅ ခုနှစ်က ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကိုဘာစီလိုနာမှ မက်ဆီက ရရှိပြီး ၂၀၁၃ နှင့် ၂၀၁၄ အတွက်ရီးရဲမှ စီရော်နယ်ဒိုက ရရှိခဲ့သည်။ ၂၀၀၇ ခုနှစ်နောက်ပိုင်းမှစ၍ အဆိုပါဆုအတွက် မက်ဆီနှင့် စီရော်နယ်ဒိုတို့ကသာ တစ်လှည့်စီယူသလို ဖြစ်ခဲ့သဖြင့် နာမည်ကြီး ဘောလုံးသမားအချို့ကပင် ဝေဖန်မှုပြုခဲ့ကြသည်။

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ပြင်သစ်ဘောလုံး မဂ္ဂဇင်းကကြီးမှူး၍ ၁၉၅၆ ခုနှစ်ကစတင်ကာချီးမြှင့်ခဲ့ပြီး လွန်ခဲ့သည့်ခြောက်နှစ်က ဖီဖာနှင့်ပူးပေါင်းပြီး FIFA Ballon d'Or အဖြစ် ချီးမြှင့်ခဲ့သည်။

ယခုနှစ်အတွက် ဆုရရှိရန်ရေပန်းစားမှုအဖြစ် ချန်ပီယံလိဂ်ဖလားနှင့် ဥရောပဖလားဆွတ်ခူးရရှိရန် ကြိုးပမ်းပေးခဲ့သည့် ရီးရဲမက်ဒရစ်နှင့် ပေါ်တူဂီအသင်း တိုက်စစ်မှူး စီရော်နယ်ဒိုက ကမ္ဘာ့ဘောလုံးအသိုင်းအဝိုင်းကြားတစ်ပြေးနေသည်။ **သီဟ**

## ဥရောပလိဂ်ဘောလုံးပွဲစဉ်များ အနိုင်/အရှုံး

| | | | | | |
|---|---|---|---|---|---|
| ချယ်လ်ဆီး | ၄-၀ | မန်ယူ | အမ်ပိုလီ | ၀-၀ | ချီယေဗို |
| ကိန်း | ၀-၂ | စိန့်အီတီယန် | တိုရီနို | ၂-၂ | လာဇီယို |
| မက်ဇ် | ၂-၄ | နိုက်စ် | ဘိုလော့နာ | ၁-၁ | ဆက်ဆူအိုလို |
| ပီအက်စ်ဂျီ | ၀-၀ | မာဆေး | ရိုးမား | ၄-၁ | ပါလာမို |
| လိုက်ပစ်ဇ် | ၃-၁ | ဝါဒါဘရီမင် | ဆယ်တာဗီဂို | ၄-၁ | ဒီပို |
| ရှော်လ်ကေး | ၃-၀ | မိန့်ဇ် | ဆီဗီလာ | ၁-၀ | အေတီမက် |
| အူဒီးနိစ် | ၃-၁ | ပက်စ်ကာရာ | မာလာဂါ | ၄-၀ | လီဂန်နက်စ် |
| အတ္တလန္တာ | ၂-၁ | အင်တာ | ဗီလာရီးရဲ | ၂-၁ | လက်စ်ပါးမက် |
| ကက်ဂလီယာရီ | ၃-၅ | ဖီအို | ရီးရဲ | ၂-၁ | ဘီဘာအို |
| ခရိုတုန်း | ၁-၂ | နာပိုလီ | | | |

**သီဟ**

# မန္တလေးဒေသဇုန်အဆင့်တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးဒေသ ဇုန်အဆင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက်အထိ မန္တလေးတက္ကသိုလ်အားကစားကွင်း၌ ပြိုင်ပွဲဝင် အသင်း ငါးသင်းပါဝင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇုန်အဆင့် ဘောလုံးပြိုင်ပွဲတွင် ကျောက်ဆည်ဒေသအသင်း၊ မန္တလေးဒေသ(ဆေးပညာ) အသင်း၊ မန္တလေးဒေသ (မိတ္ထီလာ) အသင်း၊ မန္တလေးဒေသ(ပညာရေး) အသင်းနှင့် မန္တလေးဒေသ(နည်းပညာ) အသင်းတို့က အောက်တိုဘာ ၂၅ ရက်တွင် နံနက်ပွဲအဖြစ် ကျောက်ဆည်ဒေသအသင်းနှင့် မန္တလေးဒေသ(မိတ္ထီလာ)အသင်း၊ ညနေပွဲတွင် (ဆေးပညာ) အသင်းနှင့် (ပညာရေး) အသင်း၊ အောက်တိုဘာ ၂၆ ရက် နံနက်ပွဲတွင် နည်းပညာအသင်းနှင့် ဆေးပညာအသင်း၊ ညနေပွဲတွင် မိတ္ထီလာအသင်းနှင့်ပညာရေးအသင်း၊ အောက်တိုဘာ ၂၇ ရက် နံနက်ပွဲတွင် ပညာရေးအသင်းနှင့် ကျောက်ဆည်ဒေသအသင်း၊ ညနေပွဲတွင်(နည်းပညာ) အသင်းနှင့် ကျောက်ဆည် ဒေသအသင်း၊ အောက်တိုဘာ ၂၈ ရက် နံနက်ပွဲတွင် ပညာရေးအသင်းနှင့်နည်းပညာအသင်း၊ ညနေပွဲတွင် ကျောက်ဆည်အသင်းနှင့် ဆေးပညာအသင်း၊ အောက်တိုဘာ ၂၉ ရက်နံနက်ပွဲ တွင်ဆေးပညာ အသင်းနှင့် မိတ္ထီလာဒေသအသင်း၊ ညနေပွဲတွင် နည်းပညာအသင်းနှင့် ကျောက်ဆည်အသင်းကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အောက်တိုဘာ ၃၁ ရက်တွင် ဗိုလ်လုပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ကိုသံနိုင်ဦး၏ နိုင်ငံသားစိစစ်ရေးမှတ်ပုံတင် ၅/မရန (နိုင်)၂၅၈၄၈၇ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၂၂၇၅၇၅၇

**ပျောက်ဆုံးကြောင်း**
ကျွန်တော်များ Very Good Flower Mining Co., Ltd ၏ ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်အမှတ် ထသက-(၂၁၅၉၈/၉-၁-၂၀၀၈)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၈၂-၅၁၈၉၀

**တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်**
စစ်တွေမြို့၊ ရဲနွယ်စုရပ်ကွက်နေ ဦးရွှေသာဦး၏သမီး ဒေါ်သန်းသန်းရွှေ ၁၁/မတန(နိုင်)၀၀၇၀၃၉ နှင့် ဒေါ်မသန်းရွှေမှာ တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၉-၁၁-၁၉၅၆ ဖြစ်ပါကြောင်း။

**နောက်ဆုံးနံပါတ်ကားရောင်းမည်**
2011 SUZUKI SWIFT စတီယာရင် Volume ဘက်မှန်မီး ခြောက် Alloy 2-wheel ကီလိုနည်းကားသန့် (MDY-လိုင်စင်) Push Stars Auto Gear
ဖုန်း-၀၉-၂၅၂၈၅၇၇၉၈၈၊ ၀၉-၇၃၀၅၇၀၉၂

**Myanmar Mediland Co.,Ltd မှ ဝန်ထမ်းအလိုရှိသည်**
၁။ အရောင်းဝန်ထမ်း မ (၃) ဦး
ပညာအရည်အချင်း - အထက်တန်းအောင်(သို့မဟုတ်)ဘွဲ့ရ အတွေ့အကြုံရှိသူ ဦးစားပေးမည်။
ဆက်သွယ်ရန်-၀၉-၆၂၆၃၂၈၃၅၊ ၀၉-၂၆၂၆၀၉၂၉၁
၆၂×၆၃၊ ၂၈×၂၉လမ်းကြား၊ မြနန္ဒာလမ်းသွယ်၊ အောင်တော်မူဘုရားအနီး၊ မန္တလေးမြို့




**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်စိုးသီဟကျော် ၁၂/ဥကတ(နိုင်)၁၇၉၈၀၅ ၏ TANKER လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၄၉၁၇၅၂

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၂၈**

ဦးအသေးလေး **နှင့်** ဒေါ်ခင်မာအေး
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ ချောင်းသာလမ်း၊ အမှတ်-၆၂၅(က)နေ တရားပြိုင် ဒေါ်ခင်မာအေး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မြေနှင့်နေအိမ်အရောင်းအဝယ် ရောင်းကြေးကျန်ငွေအား လက်ခံပြီးအရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မြေနှင့်အိမ်လက်ရောက်ပေးအပ်စေလိုမှု(သို့)မြေနှင့်အိမ် အရောင်းအဝယ်စရန်ပေးပဋိညာဉ်စာချုပ်အရ စရန်ငွေနှစ်ဆဖြစ်သော ငွေကျပ် ၄၄၀၀၀၀၀၀/-(ကျပ်သိန်းလေးရာ့လေးဆယ်တိတိ)ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် နိုဝင်ဘာ ၄ ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် အောက်တိုဘာ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မောင်မြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

**ပြောင်းလဲခေါ်ဆိုပါရန်**
မရမ်းကုန်းမြို့နယ်နေ ဦးကျော်မင်းဦး (၁၂/မရက(နိုင်)၁၂၉၂၀၀) ၏သားဖြစ်သူ မောင်မြတ်နိုးဖုံးသူအား မောင်ဟိန်းသူအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ဟိန်းသူအောင်

**ဖခင်အမည်မှန်**
သထုံမြို့နယ်၊ အလက နောင်ကုလားရွာကြီးကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မလှဲလှဲစိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းခက်၁၀/ခဆန(နိုင်)၀၁၈၄၉၂ ဖြစ်ပါကြောင်း။ **ဦးမျိုးမင်းခက်**

**ဝန်ထမ်းအလိုရှိသည်**
* မော်တာစက်ချုပ် (မ)
* အိမ်အကူ (မ)
လစာညှိနှိုင်းပေးမည်။
PH:09-454115080

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 1E/9085 ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ (ရွာသာကြီး)

# ဆေးပညာသတင်းဆန်းများ(၁၄၄)

## ဒေါက်တာကံညွန့်

**သက်ကြီးအမေ့လွန်ရောဂါကို ကုသနိုင်တော့မည်**

ယခုဖော်ပြလိုတဲ့ သတင်းကလည်း အထူးဝမ်းသာစရာ သတင်းပါ။ Alzheimer's Disease ခေါ်တဲ့ သက်ကြီးအမေ့လွန်ရောဂါကို ဦးနှောက်ထဲကို Gene တစ်ခု ထိုးထည့်ပေးလိုက်တာနဲ့ ပျောက်အောင်ကုနိုင်တော့မယ်ဆိုတဲ့ သတင်းပါ။ ဒီ Gene Therapy ကို တွေ့ရှိခဲ့သူတွေကတော့ အင်္ဂလန်နိုင်ငံ လန်ဒန် Imperial College က ဦးနှောက်အာရုံကြော ဆရာဝန်ကြီးတွေနှင့် ဆေးသိပ္ပံပညာရှင်တွေပဲ ဖြစ်ပါတယ်။ သူတို့အဆိုအရ PGCI ALPHA အမည်ရှိ Gene ကို ထိုးပေးရတာဖြစ်ပြီး ဒီဆေးဟာ ရောဂါဖြစ်စမှာ စထိုးနိုင်ရင် ရောဂါတိုးတက်လာမှုမရှိဘဲ ပြန်ကောင်းနိုင်တယ်လို့ ဆိုပါတယ်။ ဒီဆေးဟာ ဦးနှောက် Cells တွေမှ အနည်ထိုင်ပြီး ဖြစ်ပေါ်လာတဲ့ Amyloid Beta Peptide Plaque ဖြစ်ပေါ်လာမှုကို တားဆီးပေးနိုင်တယ်လို့ ဆိုပါတယ်။ ဒီ Plaque အနည်ထိုင်မှုဟာ ဦးနှောက်ထဲက Nerve Cells တွေကို ပျက်စီးစေပြီး ဒီ Alzheimer ရောဂါဖြစ်ရတာဖြစ်ပါတယ်။

ဒီ Alzheimer ရောဂါဟာ ကမ္ဘာ့တစ်လွှား လူပေါင်း ၄၇ ဒသမ ၅ သန်းကျော် ခံစားနေရတဲ့ Dementia ခေါ် သူငယ်ပြန်ရောဂါတွေထဲမှာ အများဆုံးပါဝင်တဲ့ ရောဂါအမျိုးအစားတစ်မျိုးဖြစ်ပါတယ်။ ပထမ ကိုယ်ချက်ချင်းလုပ်ပြီးသွားအလုပ်ကို မေ့တတ်ပြီး (ဥပမာ ဆေးသောက်ပြီးရက်နဲ့ မသောက်ရသေးဘူးလို့ ထင်တာ)ကိုယ့်အိမ်ကနေအပြင်ထွက်လိုက်ရင် ကိုယ့်အိမ်ဘယ်မှာရှိမှန်း မမှတ်မိနိုင်အောင် ဖြစ်တတ်တဲ့ရောဂါပါ။ ဒီ Gene Therapy ပေါ်လာတာဟာ အသက်ကြီးလာရင်မဖြစ်မနေ ဒီရောဂါကို ရင်ဆိုင်ရမယ့် အသက် ၆၀ ကျော်အရွယ်တွေအတွက် ဝမ်းသာစရာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**သုံးဖက်မြင်ပုံရိပ်ဖော် စကင်နာ**

ဆေးပညာလောကမှာ ဆေးကုသရေးလုပ်ငန်းအပြင် ရောဂါရှာဖွေရေးအတွက် နည်းအမျိုးမျိုးကိုလည်း သိပ္ပံပညာရှင်တွေက တီထွင်ဖန်တီးပေးခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရောဂါရှာဖွေရေးနဲ့ ရောဂါအတွက် တိတိကျကျဆုံးဖြတ်ချက်ချတဲ့အခါ ဒီတွေ့ရှိချက်တွေကို အထောက်အကူယူခဲ့ကြရတာ ဖြစ်ပါတယ်။ CT Scan, MRI, PET စတဲ့ ခေတ်မီတဲ့စမ်းသပ်နည်းတွေဟာ ယခုလောလောဆယ်မှာ ဆေးပညာရှင်တွေအတွက် အထောက်အကူပြု အသုံးဝင်နေတာဖြစ်ပါတယ်။ ဒီအထဲက ရောဂါကိုထဲထဲဝင်ဝင်စမ်းသပ်စရာမရှိဘဲ စမ်းသပ်နိုင်တဲ့ 3D Scanner ဟာလည်း စောစောကဖော်ပြခဲ့တဲ့စမ်းသပ်နည်းတွေ မသုံးနိုင်တဲ့ ဆေးရုံဆေးခန်းတွေမှာ အထူးအသုံးဝင်ခဲ့ပါတယ်။ ဒီ 3D Scanner ဟာ သွေးကြောကြီးတွေရဲ့နံရံမှာ Chlolestrol Plaque နှလုံးနံရံမှာရှိတဲ့ Plaque တွေကို သိနိုင်ပြီး အရိုး Cartilage အဆစ်တို့ရဲ့ အခြေအနေတွေကိုလည်း ရိုးရိုးဓာတ်မှန်ထက် သာလွန်ပြီး သိနိုင်ပြီဖြစ်ပါတယ်။ နယူးဇီလန် Wellington မြို့ ကမ္ဘာ့ပထမဦးဆုံး 3D Scanner ကို တီထွင်နိုင်ခဲ့သူတွေကတော့ သူတို့ဟာ ၂၀၁၂ ခုနှစ်ကလည်း တိရစ္ဆာန်ကြီးတွေဖြစ်တဲ့ သိုး၊ ဆိတ်၊ နွားတွေကို သုံးနှစ်တိုင်တိုင် ကြိုတင်လေ့လာပြီးမှ ဒီ 3D Scanner ကို လူတွေမှာ အသုံးပြုထုတ်လုပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ဆေးပညာမှာ ဆရာဝန်တွေအတွက် အထောက်အကူပြုတဲ့ စမ်းသပ်ကိရိယာတွေရဲ့ ကဏ္ဍဟာလည်း အရေးပါကြောင်း တင်ပြလိုက်ရပါတယ်။

**အကြောက်လွန်ရောဂါပျောက်စေတဲ့ မင်းကွတ်သီး**

အခုဖော်ပြလိုတဲ့သတင်းကလည်း ဝမ်းသာစရာသတင်းပါ။ ကျွန်တော်တို့ နေ့စဉ် သီးနှံအရောင်းဆိုင်တွေမှာ တွေ့နေရတဲ့ Mangosteen ခေါ်တဲ့ မင်းကွတ်သီးဟာ ဦးနှောက်နဲ့ပတ်သက်တဲ့ စိတ်ရောဂါတစ်ခုကို ပျောက်ကင်းအောင်ကုနိုင်တဲ့ ဆေးကောင်းတစ်ခုဖြစ်တယ်ဆိုတဲ့ သတင်းပါ။ ဒါကို တွေ့ရှိခဲ့သူတွေကတော့ Australlia နိုင်ငံ Queensland University က ဆေးသုတေသနပညာရှင်တွေ ဖြစ်ပါတယ်။ သူတို့ဟာ ကနဦးလေ့လာထားချက်ထဲက မင်းကွတ်သီးအခွံမှာ Antioxidant အာနိသင်အများအပြားပါရှိပြီး ဒီအခွံကပင် စိတ်ရောဂါတချို့ကို သက်သာစေတာဖြစ်တယ်လို့ ဆိုပါတယ်။ ယခု Queens lands University က စမ်းသပ်မှုဟာ နှစ်နှစ်ကြာပြုလုပ်ခဲ့တာဖြစ်ပြီး ရောဂါပျောက်ကင်းခြင်း၊ ဘေးထွက်ဆိုးကျိုးမရှိခြင်းတို့က တခြားဆေးဝါးတွေထက် သာလွန်ကြောင်း ပြသနေတယ်လို့ ဆိုပါတယ်။ ဒီမင်းကွတ်သီးကြောင့် ပျောက်ကင်းနိုင်တဲ့ စိတ်ရောဂါကတော့ Sochizophrenia ခေါ်တဲ့ အကြောက်လွန်စိတ်ရောဂါဖြစ်ပြီး တခြား Psychosis စိတ်ကယောက်ကယက်ဖြစ်တတ်တဲ့ရောဂါကိုပါ ပျောက်ကင်းနိုင်ကြောင်း တင်ပြလိုက်ရပါတယ်။

**ဆီးကျိတ်ရောဂါနဲ့ အင်ဒရိုဂျင်ဟော်မုန်း**

နောက်ဖော်ပြလိုတဲ့သတင်းကတော့ အမျိုးသားတွေအတွက်ပါ။ Prostate Cancer ခေါ်တဲ့ ဆီးကျိတ်ကင်ဆာခံစားနေရတဲ့ ဝေဒနာရှင်တွေပေးနေတဲ့ ADT လို့ အတိုကောက်ခေါ်တဲ့ Androgen Deprivation Therapy ခေါ်တဲ့ ကုထုံးမှာ ယောကျ်ား Homone တစ်ခုဖြစ်တဲ့ Androgen ဟော်မုန်းကိုမပေးဘဲထားရပါတယ်။ ဒီကုထုံးဟာ ဆီးကျိတ်ကင်ဆာဖြစ်သူတွေကို နှလုံးရောဂါ၊ ဆီးချိုရောဂါတို့ဖြစ်ပြီး အသက်အန္တရာယ်ရှိနိုင်တယ်လို့ ဆိုပါတယ်။

ဒီတွေ့ရှိချက်ကိုတော့ Boston မြို့ Brigham ဆေးရုံကင်ဆာဌာနက ဆရာဝန်ကြီးတွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ ၁၉၉၇ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်အတွင်း ဆီးကျိတ်ကင်ဆာ လူပေါင်း ၅၀၇၇ ဦးကို လေ့လာခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် ဒီဆီးကျိတ်ကင်ဆာရောဂါ ကုသနေချိန်မှာ နှလုံးရောဂါအခြေအနေကိုပါ တစ်ပါတည်း စမ်းသပ်မှတ်တမ်းယူထားပြီး ကုသပေးသင့်ကြောင်း အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။

**အသည်းနဲ့ပတ်သက်နေတဲ့ နှလုံးရောဂါ**

နောက်ဖော်ပြလိုတဲ့သတင်းကတော့ အသည်းနဲ့ပတ်သက်နေတဲ့ နှလုံးရောဂါတစ်ခုအကြောင်းပါ။ NAFLD လို့ အတိုကောက်ခေါ်တဲ့ Non-Alcoholic Fatty Liver Disease ခံစားနေရသူတွေဟာ နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ ပိုဖြစ်နိုင်ခြေရှိတယ်ဆိုတဲ့ သတင်းပါ။ ဒီတွေ့ရှိချက်ကိုတော့ Massachasclte ဆေးရုံ၊ Harvard Medical School နှင့် Austria နိုင်ငံ ဗီယင်နာမြို့က ဆေးပညာရှင်တွေ တွေ့ရှိခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့ဟာ NAFLD Fatty Live ရှိတဲ့ ဝေဒနာရှင် ၄၄၅ ဦး CT ဓာတ်မှန်ရိုက်ယူခဲ့ရာမှာ ၁၈၂ ဦး၊ ၄၁ ရာခိုင်နှုန်းမှာ Cozomary Plaque သိသိသာသာတွေ့ရပြီး ၅၉ ရာခိုင်နှုန်းမှာတော့ ဖြစ်စအခြေအနေတွေ့ရှိခဲ့တယ်လို့ ဆိုပါတယ်။

ဒီလူတွေဟာ နှလုံးရောဂါဖြစ်နိုင်ခြေရှိတဲ့အတွက် ကုသမှုကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ပေးခြင်းဖြင့် အသက်အန္တရာယ်ဖြစ်နိုင်မှုက လွတ်မြောက်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ဒီလိုအသည်းရောဂါရှိတဲ့ ဝေဒနာရှင်တိုင်းကို နှလုံးရောဂါ အတွက် စောင့်ကြည့်သင့်ကြောင်း အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။

**အာကာသသူရဲကောင်းတွေ သူငယ်ပြန်ရောဂါဖြစ်နိုင်**

အာကာသလေ့လာရေးစခန်းတွေ အမျိုးမျိုးပစ်လွှတ်ပြီး အာကာသလေ့လာရေးလုပ်ငန်းတွေကို လုပ်ခဲ့ကြရာမှာ အာကာသနဲ့ပတ်သက်တဲ့ ကျန်းမာရေးထိခိုက်နိုင်မှုတွေကိုလည်း ဓာတ်ခွဲခန်းတွေနှင့် တစ်မျိုး၊ အာကာသက ပြန်လာတဲ့ အာကာသသူရဲကောင်းတွေကို တိုက်ရိုက်စမ်းသပ်ပြီး တစ်မျိုး စမ်းသပ်လာခဲ့ကြပါတယ်။ ယခုအခါ လေ့လာချက်အရ အာကာသခရီးပြန် အာကာသသူရဲကောင်းတွေတချို့မှာ Dementia ခေါ် သူငယ်ပြန်စိတ်ရောဂါဖြစ်နိုင်ကြောင်း တွေ့ရှိခဲ့ရပါတယ်။ ဒါဟာ ဦးနှောက်ပိုင်းဆိုင်ရာနဲ့ပတ်သက်ပြီး ပထမဦးဆုံး တွေ့ခဲ့တာဖြစ်ပါတယ်။ သူတို့အခေါ် Space Brain ခေါ်တဲ့ ရောဂါအတွက် သူတို့ဟာ UCI ခေါ် University of Califonia Irvin မှာ ရှိတဲ့ ယင်းဓာတ်ခွဲခန်းမှာ ယင်း Nasa Space Radiation Laboratory New York တို့မှာ သေချာစွာ စမ်းသပ်ခဲ့တာဖြစ်ပါတယ်။ သူတို့ အဆိုအရ Galactic Cosmic Rays Astronauts တွေရဲ့ဦးနှောက်ကို ထိခိုက်နိုင်တယ်လို့ ဆိုပါတယ်။ ဒါကို ဓာတ်ခွဲခန်းက ကြွက်တွေမှာလည်း တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဓာတ်ခွဲခန်းက ကြွက်တွေမှာ ခြောက်လကြာ ဒီ Cosmic Rays တွေ ဖြတ်သန်းပြီးတာနှင့် ဦးနှောက်ဆဲလ်ရောင်ရမ်းခြင်း၊ Neurones များ ပျက်စီးခြင်းတို့ တွေ့ရတယ်လို့ ဆိုပါတယ်။

ကမ္ဘာ့လူသားတွေအတွက် ကိုယ်စားပြု အာကာသလေ့လာရေးတွေ ပြုလုပ်နေတဲ့ အာကာသသူရဲကောင်းတွေအတွက် ယခုတွေ့ရှိချက်ကို စိတ်မကောင်းစရာ သတင်းတစ်ခုအဖြစ် ဖော်ပြလိုက်ရပါတယ်။

> **ဆေးပညာလောကမှာ ဆေးကုသရေးလုပ်ငန်းအပြင် ရောဂါရှာဖွေရေးအတွက် နည်းအမျိုးမျိုးကိုလည်း သိပ္ပံပညာရှင်တွေက တီထွင်ဖန်တီးပေးခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရောဂါရှာဖွေရေးနဲ့ ရောဂါအတွက် တိတိကျကျ ဆုံးဖြတ်ချက်ချတဲ့အခါ ဒီတွေ့ရှိချက်တွေကို အထောက်အကူယူခဲ့ကြရတာဖြစ်ပါတယ်။**

# လှိုင်ကော်တွင် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပမည်

**လှိုင်ကော် အောက်တိုဘာ ၂၄**

ပထမအကြိမ် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်(တန်ဆောင်မုန်းလပြည့်နေ့)တွင် ကယားပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူး၍ လှိုင်ကော်မြို့ မင်္ဂလာရပ်ကွက်အတွင်းရှိ မိုးကောင်းဘုရားကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးကော်မတီထံမှ သိရသည်။

မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် ညနေ ၃ နာရီတွင် စတင်ဖွင့်လှစ်၍ ရွှေတောင်၊ ငွေတောင်နှင့် ပတ္တမြားတောင်အမည်ရှိ လက်ရက်ကန်းစင်သုံးစင်တို့မှ မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ခြင်း၊ မြန်မာ့ဆိုင်းဝိုင်း၊ ဒိုးပတ်၊ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေခြင်း၊ မိုးကောင်းဘုရားကြီးအား မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ကျောင်းကိုးကျောင်းမှ သံဃာတော်ကိုးပါးအား အရုဏ်ဆွမ်းကပ်ခြင်း၊ ဧည့်သည်များအား ဧည့်ခံကျွေးမွေးခြင်း၊ သံဃာတော်အရှင်သူမြတ်တို့ထံမှ သီလခံယူဆောက်တည်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခြင်း၊ ဆုချီးမြှင့်ခြင်းစသည့်အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# ဖန်းမော်-မြစ်ကြီးနားကားလမ်းနံဘေး၌ ထောင်ထားသည့် မိုင်းအား ရှင်းလင်းဆောင်ရွက်ပေး

**ဖန်းမော် အောက်တိုဘာ ၂၄**

ကချင်ပြည်နယ် ဖန်းမော်မြို့နယ်တွင် ဖန်းမော်-မြစ်ကြီးနားကားလမ်းနံဘေး၌ထောင်ထားသည့် အဝေးထိန်းမိုင်းအား နှစ်ရက်ဆက်တိုက်တွေ့ရှိရပြီး သက်ဆိုင်ရာမှ ဖောက်ခွဲရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

ဖန်းမော်မြို့နယ် မအူပင်ကျေးရွာအနီး ဖန်းမော်-မြစ်ကြီးနားကားလမ်းနံဘေးတွင် အောက်တိုဘာ ၂၀ ရက် ညနေ ၅ နာရီခွဲက မသင်္ကာဖွယ်အထုပ်တစ်ထုပ်တွေ့ရှိကြောင်း သတင်းအရ ဖန်းမော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သက်ထွန်း ဦးစီးသော တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးသိန်းဝေမြင့်နှင့်အဖွဲ့တို့က သွားရောက်စစ်ဆေးခဲ့ကြရာ အဆိုပါလမ်းမကြီးနှင့် ၁၀ ပေခန့်အကွာ တောစပ် ကုန်းကမူပေါ်တွင် ဝိုင်ယာကြိုးများဖြင့် ပတ်ထားသည့် အထုပ်တစ်ထုပ်အား တွေ့ရှိရကြောင်း ကျေးရွာသားတစ်ဦးက ရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

ယင်းနောက် ည ၈ နာရီခန့်တွင် နယ်မြေခံတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး မိုင်းအားကြည့်ရှုစစ်ဆေး၍ လမ်းသွားလမ်းလာများအား ရှင်းလင်းရပ်တန့်စေကာ ည ၉ နာရီခွဲတွင် မိုင်းကိုဖျက်ဆီးခဲ့သည်။ မိုင်းအား စိစစ်ရာ တွင် အလျား ၁၂ လက်မခန့်၊ အနံ ခြောက်လက်မပတ်လည်ခန့်ရှိ သံဘူးအတွင်း မီးလောင်ကျွမ်းနေသော ယမ်းမှုန့်များနှင့် ခဲစ၊ သံစများပူး၍ ချည်ထားသော ဓာတ်ခဲခြောက်လုံးကို တွေ့ရှိရပြီး အဝေးထိန်းရီမုမိုင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

အောက်တိုဘာ ၂၁ ရက် နံနက် ၁၁ နာရီတွင် နယ်မြေခံတပ်မတော်နှင့် ရဲတပ်ဖွဲ့တို့က အောက်တိုဘာ ၂၁ ရက်က အခင်းဖြစ်နေရာနှင့် ပေ ၃၀ ခန့်အကွာ ဖန်းမော်-မြစ်ကြီးနား ကားလမ်းမကြီးနှင့် ၁၀ ပေခန့်အကွာရှိ အုန်းနဲပင်ပေါ်ခွကြားတွင် ထောင်ထားသော မိုင်းကိုထပ်မံတွေ့ရှိကာ သက်မဲ့မိုင်းအဖြစ်သို့ ပြောင်းလဲလုပ်ဆောင်ခဲ့ပြီး ပြည်သူများအေးချမ်းစွာ ဖြတ်သန်းသွားလာနိုင်ရေး ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ညောင်ဦးမြို့ မဏိစည်သူဈေးအနီးလမ်းဘေးဝဲ၊ ယာများတွင် စည်းကမ်းမဲ့ရပ်တန့်ထားသည့်ယာဉ်များကြောင့် လမ်းပိတ်ဆို့မှုများ နေ့စဉ်ကြုံတွေ့နေရ

**ညောင်ဦး အောက်တိုဘာ ၂၄**



ညောင်ဦးမြို့နယ်သည် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေတစ်ခုဖြစ်သည့်အတွက် ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးဧည့်သည်များကညောင်ဦးမြို့ပေါ်ရှိ မဏိစည်သူဈေးကြီးအတွင်းသို့ လာရောက်လေ့လာလည်ပတ်မှုများရှိရာ မဏိစည်သူဈေးကြီး အနီးလမ်းဘေးဝဲ၊ ယာများတွင် မော်တော်ယာဉ်မောင်းနှင်ကြသူအချို့က မိမိတို့၏ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကိုအချိန်ကြာမြင့်စွာ စည်းကမ်းမဲ့ရပ်တန့်ထားမှုများရှိနေပြီး လမ်းအသုံးပြုသွားလာကြသူများနှင့် ဈေးဝယ်သူများအတွက် ယာဉ်လမ်းပိတ်ဆို့မှုများနေ့စဉ်လိုလို ကြုံတွေ့နေရကြောင်း မြို့ခံပြည်သူများထံမှ သိရသည်။

"အချို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေ မဏိစည်သူဈေးကြီးအတွင်းကို ဝင်ရောက်လေ့လာမှုတွေလုပ်ကြပါတယ်။ ဒီလိုမျိုး ဒေသခံပြည်သူတွေနဲ့ နိုင်ငံခြားသား ဧည့်သည်တွေ ဝင်ထွက်သွားလာနေတဲ့ လူစည်ကားရာ မဏိစည်သူလမ်းကြီး အနီးလမ်း ဘေး ဝဲ၊ ယာတွေမှာ မော်တော်ယာဉ်မောင်းနှင်ကြသူအချို့က မိမိတို့ရဲ့ မော်တော်ယာဉ်နဲ့ မော်တော်ဆိုင်ကယ်တွေကို အချိန်ကြာမြင့်သည်အထိ စည်းကမ်းမဲ့ရပ်တန့်မှုတွေက နေ့တိုင်းလိုလို ပြုလုပ်နေကြပါတယ်။ နံနက်ပိုင်း လူအလွန်စည်ကားနေတဲ့အချိန်ဆိုတော့ ပိုဆိုးပါတယ်။ ဒါ့အပြင် မော်တော်ဆိုင်ကယ်စီးရေတွေ ပိုများလာတဲ့အတွက် လည်းယာဉ်ကြောပိတ်ဆို့မှုတွေအပြင် ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်စေနိုင်ပါတယ်။ နောက်ပြီး မဏိစည်သူဈေးကြီးအနီးနားက သွားလာအသုံးပြုနေရတဲ့ လမ်းတွေဟာ ညောင်ဦး၊ မြင်းခြံ၊ ပခုက္ကူမြို့နှင့်ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ချောက်မြို့တွေအထိ သွားလာအသုံးပြုနေတဲ့ လမ်းတွေဖြစ်လို့ ဈေးအနီးစည်းကမ်းမဲ့ ယာဉ်ရပ်တန့်ထားတဲ့ ယာဉ်တွေကြောင့် ယာဉ်လမ်းပိတ်ဆို့မှုတွေဖြစ်ကာ ခရီးသွားပြည်သူတွေအတွက် နေ့စဉ်စိတ်အနှောင့်အယှက်ဖြစ်စေပါတယ်။ ဒါ့ကြောင့်နေ့စဉ်လိုလို ကြုံတွေ့နေရတဲ့ မဏိစည်သူဈေးအနီးလမ်းဘေးဝဲ၊ ယာတွေမှာအချိန်ကြာမြင့်စွာစည်းကမ်းမဲ့ ရပ်တန့်ထားတဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေကို ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေနဲ့ လမ်းအသုံးပြုသွားလာသူဒေသခံပြည်သူများယာဉ်အန္တရာယ်နဲ့ ယာဉ်လမ်းပိတ်ဆို့မှု တွေမဖြစ်အောင် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်" ဟုညောင်ဦးမြို့ဒေသခံတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မြစ်ကမ်းပါးများပြိုကျမည့်အန္တရာယ်ကြောင့် ကျောက်စရစ်ထုတ်ယူမှုအား ဒေသခံများကန့်ကွက်၍ လုပ်ငန်းများရပ်ဆိုင်း

**ပန်းတောင်း အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သောင်ကြီးကျေးရွာအနီးရှိ ဧရာဝတီမြစ်အတွင်း အကွက်အမှတ်(၁၀၇)မှ ကျောက်စရစ်ထုတ်ယူခြင်းလုပ်ငန်းအား ဒေသခံများက ကမ်းပါးပြိုမည်ကိုစိုးရိမ်ကာ ကန့်ကွက်မှုများကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ဒေသခံများနှင့် ရေလယ်ကျွန်းအုပ်စု သောင်ကြီးကျေးရွာ ရွာလယ်ဓမ္မာရုံ၌ အောက်တိုဘာ ၂၁ ရက် မွန်းလွဲပိုင်းက တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဒေသခံတောင်သူများက ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကျေးရွာပေါင်းများစွာ ကမ်းပါးများပြိုကျခဲ့၍ လူနေအိမ်များရွှေ့ပြောင်းကြရကြောင်း လက်ရှိ ကျောက်စရစ်ထုတ်လုပ်မှုလုပ်ငန်းမှာ တစ်ဦးတစ်ဖွဲ့၏ စီးပွားရေးလုပ်ငန်းဖြစ်ပြီး ယင်းလုပ်ငန်းများကြောင့်ပင် လက်ရှိဒေသတွင်းမှ ကျေးရွာများမှာ မြစ်ကမ်းပါးများပြိုကျမည့်အန္တရာယ်နှင့်ကြုံတွေ့ကြရသည့်အတွက် ကန့်ကွက်ရခြင်းဖြစ်ကြောင်း ဒေသခံပြည်သူများ၏တင်ပြချက်အပေါ် တက်ရောက်လာသည့် တာဝန်ရှိသူများက အပြန်အလှန်ဆွေးနွေးခဲ့ကြပြီးနောက် ကျောက်စရစ်ထုတ်လုပ်သည့်လုပ်ငန်းများကို ရပ်ဆိုင်းလိုက်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

---

## သီပေါမြို့သန့်ရှင်းသာယာလှပရေး ပရဟိတလူငယ်များစုပေါင်းအမှိုက်ကောက်

**သီပေါ အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်သန့်ရှင်းသာယာလှပရေးအတွက် ဦးတင်အောင်စိုးဦးဆောင်သော လူငယ်ပရဟိတ လူမှုရေးအဖွဲ့ လူငယ်မောင်မယ် ၂၅၀ တို့သည် အောက်တိုဘာ ၂၂ ရက် နံနက်မှစတင်ကာ မဟာမြတ်မုနိဘုရားကြီး သာသနာ့ကုန်းမြေနှင့် မိုင်းပွန်လမ်းတစ်လျှောက်တို့တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးဖြိုးပြည့်ဟိန်းနှင့် မြို့သန့်ရှင်းသာယာလှပရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းချစ်လှိုင်တို့ကြီးကြပ်ကာ ကောက်ယူရရှိသည့် ကြွပ်ကြွပ်အိတ်များ၊ အမှိုက်သရိုက်များကို မြို့နယ်စည်ပင်သာယာရေးဌာန အမှိုက်သိမ်းယာဉ်များဖြင့် မြို့ပြင်အမှိုက်စွန့်ပစ်ရာသို့ သယ်ဆောင်မီးရှို့ဖျက်ဆီးခဲ့ကြသည်။

သီပေါမြို့နယ်သည် မန္တလေး-လားရှိုး- မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးနှင့် ဒုဋ္ဌဝတီမြစ်ကမ်းနဖူးပေါ်တည်ရှိသည့် သာယာလှပသောမြို့ဖြစ်သည်နှင့်အညီ နေ့စဉ်ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အဝင်အထွက်များရာ ဒေသဖြစ်၍ သဘာဝဂေဟစနစ် မပျက်ယွင်းစေရန် သန့်ရှင်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

---

## တောင်သူမျိုးရွေးချယ်ခြင်းလက်တွေ့သရုပ်ပြ

**သဲကုန်း အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်သဲကုန်းမြို့နယ် ပွဲပြည့်မျိုးသန့်ခြံ၌ ACIAR MYRICE Project နှင့် ပူးပေါင်းဆောင်ရွက်သည့် မိုးစပါးမျိုး ၁၀ မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်စိုက်ပျိုးပြသခဲ့ပြီးတောင်သူအဆင့် မျိုးရွေးချယ်ခြင်းလက်တွေ့သရုပ်ပြပွဲကို အောက်တိုဘာ ၂၁ ရက်နံနက် ၈ နာရီကျင်းပခဲ့သည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးလှမြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သဲကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်မှမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူးက အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနမှ သုတေသနပညာရှင် Dr.Romeo V.Labios မှ ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးသင့်သည်အကောင်းဆုံး သီးနှံစိုက်စနစ်အလေ့အကျင့်ကောင်းများ အကြောင်းရှင်းလင်းပြီး စိုက်ပျိုးရေးသုတေသနဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါ်တင်တင်မြင့်က ဒေသနှင့်ကိုက်ညီသည့်စပါးမျိုးရွေးချယ်ခြင်း တောင်သူအဆင့် မျိုးရွေးချယ်မှုနည်းစနစ်များအား လက်တွေ့ကွင်းဆင်းရွေးချယ်ပြသဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---

# ရန်ကုန်မြို့ တန်ဖိုးနည်းအိမ်ရာများ လာမည့်နိုဝင်ဘာလအတွင်း စတင်ရောင်းချမည်



ဆောက်လုပ်ပြီးစီးနေသော ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ အဆောက်အအုံများ

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော ရန်ကုန်မြို့တန်ဖိုးနည်းအိမ်ရာများကို ယခုလာမည့် နိုဝင်ဘာလအတွင်းတွင် အိမ်ရာမရှိသေးသော ပြည်သူများအား စတင်အကောင်အထည်ဖော် ရောင်းချပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းအောင်အေးက ပြောကြားသည်။

ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park တွင် ကျင်းပသည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော တန်ဖိုးနည်းအိမ်ရာ အရောင်းပြပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယညွှန်ကြားရေးမှူးက မီဒီယာများအား ပြောကြားခဲ့ခြင်းဖြစ်သည်။ "ယခု မြန်မာနိုင်ငံမှာ ပထမဆုံးပြပွဲအနေနဲ့ ကျင်းပပေးတဲ့ တန်ဖိုးနည်းအိမ်ရာ အရောင်းပြပွဲကတော့ အိမ်ရာမရှိသေးတဲ့ပြည်သူတွေ သိသင့်သိထိုက်တဲ့အချက်တွေကို သိစေချင်လို့ ပြသပေးတဲ့ပွဲပါ။ ရောင်းတဲ့ အစီအစဉ်ကတော့ ကျွန်တော်တို့ လာမယ့် နိုဝင်ဘာလထဲလောက်မှာ စတင်အကောင်အထည်ဖော် ရောင်းချသွားနိုင်ဖို့ စီစဉ်နေပါတယ်။ ရောင်းတဲ့အခါ အများပြည်သူသိအောင်နဲ့ ပွင့်လင်းမြင်သာမှုရှိအောင် သတင်းစာတွေမှာ ကြော်ငြာသွားမယ်။ ကြော်ငြာပြီးတော့ ရောင်းချမယ်ဆိုပေမယ့်လည်း တကယ်တော့ ဆောက်လုပ်ရေးနဲ့ အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှာ ဝယ်ယူလိုတဲ့ တိုက်ခန်းတန်ဖိုးရဲ့ ရာခိုင်နှုန်း ၃၀ ငွေစုဆောင်းပြီးတဲ့သူတွေကို အစဉ်လိုက် ဦးစားပေး ရောင်းချသွားမှာဖြစ်တယ်။ အဲဒါတွေကိုလည်း ပွင့်လင်းမြင်သာမှုရှိအောင် သတင်းစာတွေက ကြော်ငြာပြီးတော့ ရောင်းချပေးသွားမှာပါ"ဟု ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ယခုရောင်းချပေးမည့် တန်ဖိုးနည်းအိမ်ရာတိုက်ခန်းများကို ယခင်အစိုးရလက်ထက်က အကောင်အထည်ဖော် တည်ဆောက်ခဲ့သော ဒဂုံဆိပ်ကမ်းရှိ ကနောင်တန်ဖိုးနည်းအိမ်ရာနှင့် ယုဇနတန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)၊ (၂) နှင့် အပိုင်း(၃)ရှိ တိုက်ခန်းများထဲမှ ထုတ်နုတ် ရောင်းချပေးသွားမည်ဖြစ်သည်။ ထို့အပြင် လှိုင်သာယာ ရွှေလင်ပန်း အပိုင်း (၃) တိုက်ခန်းများကိုလည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ရောင်းချပေးရာတွင် အမှန်တကယ် အိမ်လိုအပ်မည့်သူ၊ ကိုယ်ပိုင်အိမ်မရှိသူ၊ မိသားစုတစ်ခုရဲ့အိမ်ထောင်ဦးစီးဖြစ်သူ၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် ငွေစုဆောင်းပြီး အခြေခံစုငွေရာခိုင်နှုန်း ၃၀ ပေးသွင်းထားသူများနှင့် ယင်းဘဏ်မှ ဆက်လက်ငွေချေးမှာဖြစ်သည့်အတွက် တစ်လမိသားစုတစ်ခုလုံး ဝင်ငွေကျပ်သုံးသိန်းနှင့် ငါးသိန်းကြားရရှိသူစသည့် အခြေခံအချက်များနှင့် ပြည့်စုံသူများကို ရောင်းချပေးမည်ဖြစ်သည်။

ဝယ်ယူလိုသည့် ပြည်သူများအနေဖြင့်လည်း ကုမ္ပဏီဝန်ထမ်းဖြစ်လျှင် ဝင်ငွေကျပ် သုံးသိန်းမှ ငါးသိန်းအထိရှိကြောင်း ကုမ္ပဏီမှထောက်ခံချက် (သို့မဟုတ်) ကုမ္ပဏီမှထောက်ခံရန် အခက်အခဲရှိလျှင် ယင်းလစာဝင်ငွေ အမှန်တကယ်ရရှိမှုကို သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ထပ်ဆင့်ထောက်ခံပေးရမည် ဖြစ်သည်။ ရိုးရိုးပြည်သူများအနေဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ အခြားလိုအပ်သည့် အထောက်အထားများနှင့် ဝန်ထမ်းများဖြစ်လျှင် ဌာနဆိုင်ရာ အကြီးအကဲ ထောက်ခံချက်၊ သန်းခေါင်စာရင်း စသည့် လိုအပ်သည့် အထောက်အထားများပါရှိရမည်ဖြစ်သည်။

ယခုရောင်းချပေးမည့် တိုက်ခန်းများ၏ တန်ဖိုးမှာ အနည်းဆုံး ကျပ်သိန်း ၉၀ ကျော်မှ ကျပ်သိန်း ၆၀၀ အထိရှိကာ နေရာဒေသ၊ အထပ်မြင့်အလွှာ၊ တိုက်ခန်းအမျိုးအစားအပေါ် မူတည်ကာ ဈေးနှုန်းများ ပြောင်းလဲသွားမည်ဖြစ်သည်။ ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ယခုအခါ တန်ဖိုးနည်းအိမ်ရာ ၂၂၀၀ ကျော် ရောင်းချရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းပေါင်း ၆၀၀ ကျော်ကို ရောင်းချပေးသွားမည်ဖြစ်ကာ ကျန်တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းပေါင်း ၁၅၀၀ ကျော်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရက ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခန်းပေါင်း ၈၀၀၀ ပါဝင်သော ငွေကျပ်သိန်း ၁၀၀ အောက် တန်ဖိုးနည်းအိမ်ရာများကိုလည်း နှစ်နှစ်အတွင်း အပြီးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့မှာက အိမ်ခန်းပေါင်း ၆၀၀ ကျော်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို လွှဲထားတာက အိမ်ခန်းပေါင်း ၁၅၀၀ လောက် ရှိတယ်။ ပေါင်းလိုက်ရင် ၂၀၀၀ လောက် လတ်တလော ရောင်းချပေးနိုင်မှာပါ။ နောက်ထပ်ငွေကျပ်သိန်း ၁၀၀ အောက်ရှိမယ့် အိမ်ခန်းပေါင်း ၈၀၀၀ လောက်ကိုလည်း အခု လှိုင်သာယာနဲ့ သန်လျင်မှာ စတင်အကောင်အထည်ဖော်နေပါပြီ။ ခုဆိုရင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခန်းပေါင်းတစ်သိန်းလောက် ကြိုးစားပြီး အကောင်အထည်ဖော်မယ်ပြောပါတယ်။ တကယ်တော့ နှစ် ၂၀ ကနေ နှစ် ၃၀ အထိ နှစ်ရှည်ပေးနိုင်မယ်ဆိုရင် အိမ်ဝယ်ယူသူတွေရဲ့ ပေးဆပ်နိုင်စွမ်းအား ဒီထက်ပိုလာမယ်။ အဲဒီလို နှစ်များလာရင် လစဉ်ပေးဆပ်မှုက ငွေကျပ် ၃၀၀၀၀ နဲ့ ၅၀၀၀၀ ကြားဆိုရင် လက်ရှိအိမ်ငှားနေရတဲ့ဘဝကနေ လွတ်သွားပြီး အိမ်ပိုင်ဆိုင်တဲ့ အနေအထားရောက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကလည်း ၁၅နှစ်၊ နှစ် ၂၀ အထိ ပေးနိုင်အောင် မူဝါဒတွေပြင်ဆင်နေတယ်။ ခုဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေကို တန်ဖိုးနည်းအိမ်ရာဖြည့်ဆည်းပေးနိုင်ဖို့ မတည်ပေးထားတဲ့ လည့်ပတ်ရန်ပုံငွေက ဘီလီယံ ၁၀၀ ရှိပါတယ်" ဟု ဒုတိယ ညွှန်ကြားရေးမှူးက ဆက်လက်ရှင်းပြသည်။

တန်ဖိုးနည်းအိမ်ရာများ ရောင်းချရာတွင် အမှန်တကယ် မလိုအပ်ဘဲ လျှောက်ထားသူများ၊ တစ်ဖက်လှည့်ဖြင့် အလွဲသုံးစားပြုလုပ်ကာ ဝယ်ယူသူများ၊ အလွဲသုံးစား တစ်မျိုးတစ်ဖုံ ပြုလုပ်ဝယ်ယူသူများ စသည်ဖြင့် ယခင်ကကဲ့သို့ လိမ်လည်မှုအမျိုးမျိုး ပေါ်ပေါက်တွေ့ရှိခဲ့လျှင် နာမည်ပျက်စာရင်း ကြေညာခြင်း၊ ငွေပြန်အမ်းခြင်း၊ တိုက်ခန်းပြန်လည်သိမ်းဆည်းခြင်း စသည့်စည်းကမ်းချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုဖွင့်လှစ်ပြသသော မြန်မာနိုင်ငံ၏ပထမဆုံး တန်ဖိုးနည်းအိမ်ရာ အရောင်းပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်လွင်၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဇော်၊ House.com.mm မှ Cofounder နှင့် မန်နေဂျင်းဒါရိုက်တာ Mr. NiteshKhirwal တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းအသီးသီးကို လိုက်လံကြည့်ရှုခဲ့ကြသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

---

# ကြက်သွန်နီကုန်စည်ဒိုင်ဈေးထက်ဈေးပိုပေးဝယ်ရ၊ ပြည်တွင်းဈေးမြင့်၍ ယခင်နှစ်ကဲ့သို့ တရုတ်ကြက်သွန်နီများ ရန်ကုန်ဈေးကွက်သို့ဝင်ရောက်လာ

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်ဈေးကွက်၌ အောက်တိုဘာ ၂၂ ရက်က ဆိပ်ဖြူကြက်သွန်နီလက်ကားတစ်ပိဿာ ဈေးနှုန်းငွေကျပ် ၂၅၀-၅၅၀-၈၅၀-၁၀၅၀ ကျပ်နှုန်း၊ မြင်းခြံ ငွေကျပ် ၃၅၀-၈၀၀-၁၀၀၀-၁၂၅၀ နှုန်း၊ ကုန်စည်ဒိုင်ဈေးနှုန်းတွင် ငွေကျပ် ၉၀၀-၁၂၀၀-၁၄၀၀ ဟု ဖော်ပြထားသော်လည်း ဈေးကွက်တွင် တစ်ပိဿာ ငွေကျပ် ၁၀၀-၁၅၀-၂၀၀ အပိုဈေးပေး ဝယ်ယူနေရသည်။ အောက်တိုဘာ ၂၄ ရက် တနင်္လာနေ့တွင်လည်း ဈေးနှုန်းထပ်မံမြင့်တက်လျက်ရှိသည်ဟု မြစ်ဝကျွန်းပေါ်ဒေသသို့ ကြက်သွန်နီ ဝယ်ယူပေးပို့နေသော ကိုထွန်းက ပြောသည်။

ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာလျှင် လက်ကားဈေးနှုန်းဒိုင်ဖွင့်ဈေးထက် ငွေကျပ် ၁၅၀ မှ ၂၀၀ နှုန်း ပစ္စည်းအခြေအနေပေါ်မူတည်၍ ဈေးအပိုပေးဝယ်ယူနေရသည်။ မြင်းခြံ ကြက်သွန်နီများသည် ခွဲတမ်းသဘောဖြင့် ရောင်းချနေရာလိုသလောက် ဝယ်မရဘဲရှိနေသည်ဟု အဝယ်တော်များကပြောဆိုနေကြသည်။

ပြည်တွင်းဈေးတက်လာသဖြင့် တရုတ်ကြက်သွန်နီအလုံးကြီးများ အောက်တိုဘာ ၂၁ ရက်မှစ၍ ရန်ကုန်ဈေးကွက်သို့ဝင်ရောက်လာပြီး အဝါရောင်အမျိုးအစား တစ်ပိဿာ ငွေကျပ် ၉၀၀၊ အနီရောင်အမျိုးအစားတစ်ပိဿာငွေကျပ် ၁၀၀၀ ဖြင့် ရောင်းချမှုများ တွေ့လာရသည်။ ယင်းတရုတ်ကြက်သွန်နီများ ရန်ကုန်အရောက်ဈေးနှုန်းမှာ တစ်ပိဿာငွေကျပ် ၇၅၀ ဝန်းကျင်ရှိသည်ဟု ရေတမာလမ်းရှိပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ကိုတူးက ပြောသည်။

ရန်ကုန်ဈေးကွက်တွင် ယခုရက်ပိုင်း ကြက်သွန်နီဈေး မြှင့်တင်ရောင်းချမှုကြောင့် မော်လမြိုင်ဈေးကွက်တွင်လည်း ကြက်သွန်နီ လတ်/ကြီး တစ်ပိဿာငွေကျပ် ၁၂၀၀၊ ရှယ် ငွေကျပ် ၁၄၀၀ ဈေးနှုန်းရှိပြီး အညာဒေသမှ မော်လမြိုင်သို့ ကြက်သွန်နီတိုက်ရိုက်ဝင်ရောက်နေသည်ဟု မော်လမြိုင်မြို့နေ ကြက်သွန်နီကုန်သည် ဦးအေးက ပြောသည်။

၂၀၁၅ နှစ်ကုန်ပိုင်းတွင် ပြည်တွင်းကြက်သွန်နီဈေးနှုန်းများမြင့်တက်မှုများခဲ့သဖြင့် ပြည်တွင်းတွင် ကြက်သွန်နီစိုက်ပျိုးမှုများပြားလာပြီး အထွက်ပိုများလာသည်။ သို့သော် အောက်တိုဘာလလယ်ဝန်းကျင်ထိပြည်တွင်း ကြက်သွန်နီဈေးနှုန်းပုံမှန်သာရှိနေသဖြင့် ကြက်သွန်နီလက်ဝယ်ထားရှိသူများ အကျိုးအမြတ်ရရှိရန်မျှော်လင့်ချက်နည်းနေချိန် ယခုရက်ပိုင်းအတွင်း ဈေးနှုန်းမြင့်တက်မှုများလာခြင်းဖြစ်သည်။

ပြည်တွင်းကြက်သွန်နီဈေးနှုန်းသည် ပြည်ပကြက်သွန်နီဈေးနှုန်းများထက် ဈေးပိုမိုမြင့်တက်လာလျှင် ဈေးကွက်သဘာဝအရ ပြည်ပကြက်သွန်နီများပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြင့် စားသုံးသူများဈေးနှုန်းကြီးမြင့်မှုခံစားလာရခြင်းကို လျော့ကျစေနိုင်သည်ဟု ဈေးကွက်လေ့လာသူတစ်ဦးက ပြောသည်။ အောက်တိုဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရန်ကုန်ဈေးကွက်၌ ကြက်သွန်နီပိဿာချိန် ၁၂၆၀၀၀ စီ၊ အောက်တိုဘာ ၂၂ ရက်တွင် ပိဿာချိန် ၉၆၀၀၀ စီ အသီးသီးဝင်ရောက်နေသော်လည်း ဈေးတက်ချိန်ဖြစ်သဖြင့် အလုအယက်ဝယ်ယူနေရကြောင်း သိရသည်။

**ခင်ဆိုင်**

# သရေခေတ္တရာမြို့ဟောင်းအတွင်း ခင်ဘကုန်းအား တူးဖော်ခြင်းလုပ်ငန်းများပြုလုပ်

**ပြည် အောက်တိုဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့အနီးရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ရှေးဟောင်းသရေခေတ္တရာမြို့ဟောင်းအတွင်းမှ ရှေးပေလွှာများ တွေ့ခဲ့ဖူးသည့် ခင်ဘကုန်းအား အောက်တိုဘာလ ဒုတိယပတ်မှ စတင်၍ တူးဖော်မှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။ ယခုပြန်လည်တူးဖော်ရခြင်းမှာ မူလခေတ်လက်ရာများနှင့် အဆောက်အအုံပြန်လည်ရုပ်လုံးပေါ်လာကာမူလတန်ဖိုးများ ထိန်းသိမ်းနိုင်ရန် စနစ်တကျ တူးဖော်ခြင်းဖြစ်ကြောင်း ကမ္ဘာ့အမွေအနှစ်ဌာနခွဲ သရေခေတ္တရာဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောသည်။



လက်ရှိတူးဖော် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်စဉ်မှာပင် ရှေးဟောင်းပျူခေတ်လက်ရာ ရွှေပြားအပိုင်းနှင့်ရွှေတိုရွှေစများ၊ မယ်တော်မာယာရုပ်ပုံဟုယူဆရသည့် လက်ရာမြောက်မြေမီးဖုတ်ရုပ်ကြွအပိုင်းအစများ တူးဖော်ရရှိခဲ့သည်။

အဆိုပါသရေခေတ္တရာရှေးဟောင်းဇုန်ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အဖြစ် ၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်က ကာတာနိုင်ငံ ဒိုဟာမြို့တွင်ကျင်းပသည့် (၃၈) ကြိမ်မြောက်ကမ္ဘာ့အမွေအနှစ် အဆင့်သတ်မှတ်ရေးညီလာခံတွင်တက်ရောက်ကြသော ၂၁ နိုင်ငံမှ အသိအမှတ်ပြုသတ်မှတ်ခဲ့ခြင်းလည်း ဖြစ်သည်။

**ကိုလွင်(ဆွာ)**

# ယာဉ်မတော်တဆမှုကြောင့် ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား ပြည်နယ်ဝန်ကြီးချုပ် သွားရောက်အားပေး

**ဒီးမော့ဆို အောက်တိုဘာ ၂၄**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ဒေါတမကြီးကျေးရွာသို့ သွားသောလမ်း မိုင်တိုင် (၁၆/၇ - ၁၇) မိုင်ကြား ဒေါဖုကျေးရွာအနီးတွင် အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက ယာဉ်မောင်း ကျော်စွာဦး မောင်းနှင်လာသည့် 2H/---- ဒန်ဘာယာဉ်သည် ဆည်မြောင်းရပ်ကွက်မှ ခရီးသည်များနှင့် ဆည်မြောင်ဝန်ထမ်းများ လိုက်ပါလျက် ဒေါတမကြီးအုပ်စု ဒေါညေးခူ ဘုန်းကြီးကျောင်း ကထိန်ခင်းသွားရောက်စဉ် လမ်းအဆင်း ကားဘရိတ်ပေါက်ပြီး ချောက်ထဲထိုးကျကာ သစ်ပင်အားဝင်တိုက်မိ၍ တိမ်းမှောက်သွားရာ ယာဉ်ပေါ်ပါသူ ၃၅ ဦးမှ ငါးဦးသေဆုံးပြီး ကျန် ၃၀မှာ လွိုင်ကော်ပြည်သူ့ဆေးရုံနှင့် ဒီးမော့ဆိုမြို့နယ် ဆေးရုံတို့၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုများခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆဖြစ်ပွားခဲ့သည့်လူနားများအား ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဥပဒေချုပ်၊ ပြည်နယ်ပြည်သူ့ဆေးရုံးကြီးမှ တာဝန်ရှိသူတို့က အောက်တိုဘာ ၂၀ ရက် ညနေ ၃ နာရီခွဲက လွိုင်ကော်ပြည်သူ့ဆေးရုံနှင့် ဒီးမော့ဆိုမြို့နယ် ဆေးရုံသို့ သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများကိုလည်းပေးအပ်ခဲ့ကြောင်း သိသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ချင်းနှစ်သစ်ကူး (Tho) ပွဲတော် ဟားခါး၌ ကျင်းပ

**ဟားခါး အောက်တိုဘာ ၂၄**

ချင်းတိုင်းရင်းသားတို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ချင်းနှစ်သစ်ကူး(Tho)ပွဲတော်ကို အောက်တိုဘာ ၂၂ ရက်က ဟားခါးမြို့ ကာဆင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို Vau Hla သီချင်း သီဆို၍ ဖွင့်လှစ်ကြပြီး သိက္ခာတော်ရ ဆရာတော် ထလာထောန်းက အဖွင့်ဆုတောင်းကာ ပွဲတော်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်သောခ့်မဲင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးယိုးတို့က နှုတ်ခွန်းဆက် အမှာစကားပြောကြားကာ သိက္ခာတော်ရဆရာတော်ငွန် ထောင်းမန်က ချင်းအမျိုးသားတစ်ရပ်လုံးအတွက် အထူးဆုတောင်းပေးသည်။ ( **ပြည်နယ် ပြန်/ဆက်** )




# ပြည်ထောင်စုလွှတ်တော်မှချပေးသည့် ရန်ပုံငွေကျပ် သိန်း ၁၀၀၀ ဖြင့် သထုံတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၂၆ ခု ဆောင်ရွက်မည်

**သထုံ အောက်တိုဘာ ၂၄**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ယခုနှစ်အတွက် ပြည်ထောင်စုလွှတ်တော်မှချထားပေးသည့် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ကို အသုံးပြုကာ ရေရရှိရေး၊ လမ်းတံတားလုပ်ငန်းများနှင့် အခြားလုပ်ငန်းများ စုစုပေါင်းလုပ်ငန်း ၂၆ ခုကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၈ အုပ်စုနှင့် ရပ်ကွက်သုံးခုတို့၌ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ကျေးလက်တွေက တင်ပြလာတဲ့ လိုအပ်ချက်တွေထဲကမှ အမှန်တကယ် လိုအပ်ပြီးတော့ ဒီနှစ်အတွက် အရေးကြီးလိုအပ်နေတဲ့ လုပ်ငန်းလည်းဖြစ်မယ်ဆိုရင် မြို့နယ်လုပ်ငန်းကော်မတီက စိစစ်အတည်ပြုတယ်။ ပြီးရင် ပြည်နယ်အစိုးရကိုတင်ပြတဲ့အခါ အတည်ပြုချက်ရရင် လုပ်ငန်းတစ်ခုကို ငွေကျပ်သိန်း ၅၀ နဲ့ အောက် ရပ်ကွက်ကျေးရွာအလိုက် သက်ဆိုင်ရာ တည်ဆောက်ရေး ကော်မတီတွေဆီ ရန်ပုံငွေကို ခွဲဝေပေးသွားမှာပါ။ ဒီနေရာမှာ ငွေကျပ်သိန်း ၅၀ အထက် ပိုပြီးကုန်ကျမယ့် လုပ်ငန်းတွေကိုတော့ မပါဘူး။ အဲဒါတွေကိုတော့ ကျန်တဲ့ ဒေသဖွံ့ဖြိုးရေးလုပ်နေတဲ့ နတလတို့ ကျေးလက်ဦးစီးတို့လို ဌာနတွေနဲ့ ချိတ်ပေးမှာပါ”ဟု မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရေးကော်မတီ အတွင်းရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက ပြောသည်။



လုပ်ငန်းအားလုံးကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အလေလွင့်မရှိဘဲ အချိန်မီပြီးစီးနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများက စိစစ်မှုများပြုလုပ်ပြီး ယခုနှစ်တွင် ကျန်ရှိခဲ့သည့်လုပ်ငန်းများကို လာမည့်နှစ်များတွင် ဦးစားပေး အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပြည်ထောင်စုလွှတ်တော်မှ ချပေးသည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ စတင်ရရှိချိန်မှ ယနေ့အချိန်ထိ သုံးနှစ်တာကာလအတွင်း သထုံမြို့နယ်အတွင်းရှိ ကျေးရွာရပ်ကွက် ၄၀ ကျော်တွင် လမ်း၊ တံတား၊ မီးလင်းရေး၊ ရေရရှိမှုလုပ်ငန်းများအား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခုနှစ်တွင် ရေရရှိရေး လုပ်ငန်း ၁၅ ခု၊ လမ်းလုပ်ငန်း ငါးခု၊ တံတားလုပ်ငန်း သုံးခု၊ အခြားလုပ်ငန်းသုံးခုအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရေးသင်တန်းဖွင့်

**လှိုင်းဘွဲ အောက်တိုဘာ ၂၄**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူအထူးဒေသရှိ တိုက်ပွဲရှောင်ကျေးလက်နေပြည်သူများမိမိတို့ဒေသသို့ ပြန်လည်ရောက်ရှိသည့်အချိန်တွင် ရာသီဥတုနှင့်လိုက်လျောညီထွေစွာဖြင့် ဈေးကွက်ဝင်သီးနှံပင်များစိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် အောက်တိုဘာ ၂၂ ရက် နံနက်က ပန်းဝတ်မှုန်ခန်းမ၌ သင်တန်းဖွင့်လှစ်ပေးခဲ့သည်။

ရှေးဦးစွာ လှိုင်းဘွဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းနိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ဘိန်းစာပင်များစိုက်ပျိုးထားမှုသတင်းအရ သွားရောက်စစ်ဆေး

**မြိတ် အောက်တိုဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် သကျက်ကျေးရွာအုပ်စု ကျွဲထိန်းကုန်းရွာ၏ မြောက်ဘက် သုံးမိုင်ခန့်အကွာ ဘန်းကြုပ်ဒေသ ဒေသအခေါ် (ကုလားလမ်း)အနီးတွင် ဘိန်းစာပင်များစိုက်ပျိုးထားကြောင်း သတင်းအရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်နှင့် ဝန်ထမ်းများ၊ တနင်္သာရီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမောင်နှင့် တပ်ဖွဲ့ဝင်များ၊ တနင်္သာရီမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်ဇော်၊ ရဲသတင်းတပ်ဖွဲ့မှ ရဲအုပ်စောမြင့်ဦးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘိန်းစာပင်များ စိုက်ပျိုးထားသော သကျက်ကျေးရွာအုပ်စုသို့ အောက်တိုဘာ ၂၀ ရက်က သွားရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါပူးပေါင်းအဖွဲ့နှင့်အတူ နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးထိန်လင်းအောင်ဦးစီး တပ်ဖွဲ့ဝင်များ၊ KNU မှ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး ပဒိုထီးဝါပါလေးဦးနှင့်အဖွဲ့၊ ညောင်ပင်ကွင်းနယ်မြေ ပြည်သူ့စစ် တပ်ဖွဲ့ဝင် ခြောက်ဦး၊ သကျက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးပါ ကိုးဦးတို့အဖွဲ့နှင့်ထပ်မံပူးပေါင်း၍ ဘိန်းစာပင်များ စိုက်ပျိုးထားကြောင်း သတင်းရရှိသောနေရာသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့သွားရောက်စစ်ဆေးခဲ့ရာ ဘိန်းစာပင်များမှာ မြေပြင်မှ အမြင့် ၁၅ ပေ၊ လုံးပတ် ခြောက်လက်မခန့်၊ သက်တမ်းအားဖြင့် သုံးနှစ်ရှိပြီး မြေနှစ်ဧကပေါ်တွင် ဘိန်းစာပင် ၁၀၀၀ ခန့် စိုက်ပျိုးထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး လတ်တလောအခြေအနေတွင် ဘိန်းစာပင်များမှာ ဘန်းကြုပ်ချောင်းရေလျှံမှုကြောင့် သုံးပေခန့် ရေနစ်မြုပ်နေကြောင်း၊ ချောင်းရေကျချိန်မှသာ ဘိန်းစာပင်များကို ရှင်းလင်းနိုင်မည်ဖြစ်ကြောင်း၊ အထက်ပါ ပူးပေါင်းအဖွဲ့များသည် ဒေသခံပြည်သူများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ဝင်များ၊ သတင်းမီဒီယာများနှင့် ပူးပေါင်းကာ ဆက်လက်ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး (မြိတ်)**

# အခမဲ့စက်ချုပ် ပညာသင်တန်းအမှတ်စဉ်(၁၂) မန္တလေးမြို့တွင် ဖွင့်လှစ်သင်ကြားမည်

**မန္တလေး အောက်တိုဘာ ၂၄**

အလုပ်အကိုင်မရှိဆင်းရဲအမျိုးသမီးငယ်များအတွက် ဘဝအသက်မွေးဝမ်းကျောင်းပြုနိုင်ရန် ရည်ရွယ်၍ အခမဲ့စက်ချုပ်ပညာသင်တန်း(စင်တီမီတာ) မေတ္တာစိမ့်စမ်းစက်ချုပ်ပညာသင်တန်းကို မန္တလေးမြို့၌ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

ယခုဖွင့်လှစ်မည့် သင်တန်းတွင် သင်တန်းသူ ၁၅ ဦးသာ လက်ခံသင်ကြားပေးမည်ဖြစ်၍ သင်တန်းတက်လိုသူများ လျှောက်ထားနိုင်ပြီး သင်တန်းတွင်လိုအပ်သော အပ်ချုပ်စက်လှူဒါန်းလိုသူများအနေဖြင့် မေတ္တာစိမ့်စမ်းစက်ချုပ်ပညာသင်တန်း (စင်တီမီတာ)မှ ကြီးကြပ်သူ ဦးအောင်သူရ ဖုန်း-၀၉-၇၈၅၀၂၂၂၅၈၊ ၀၉-၂၆၀၆၀၆၉၃၃ တို့သို့ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# သေရေးအတွက် မခက်ခဲတော့ပါ

ငယ်စဉ်ကတည်းက ကြားလာခဲ့ရသည့်စကားတစ်ခွန်းရှိပါသည်။ "နေရေးထက် သေရေးခက်" ဟု ဆိုကြသည်။ လောကီ၊ လောကုတ္တရာ နှစ်ဖြာအရေးအတွက် မည်သို့သော အခက်အခဲကိုမူ ညွှန်းဆိုသည်ကိုတော့ မသိပေ။ လက်တွေ့ကျသော အခက်အခဲမှာ လူတစ်ဦးတစ်ယောက် သေဆုံးသည်နှင့် ကျန်ရစ်သူမိသားစုတို့မှာ အခက်အခဲများစွာနှင့် တွေ့ကြုံလာရစမြဲဖြစ်သည်။ ငွေကြေးတတ်နိုင်သူအဖို့ တော်သေးသော်လည်း ငွေကြေးမတတ်နိုင်သူ မိသားစုအဖို့ အပူလုံးကြီးက ရင်နှင့်အမျှ ဖြစ်သည်။

အထူးသဖြင့် ရန်ကုန်မြို့ပြကြီးတွင် ဖြစ်သည်။ ဆေးရုံမှာ ဆုံးသည်ဖြစ်စေ၊ ရပ်ကွက်အတွင်းမှာပင်ဆုံးသည်ဖြစ်စေ သေဆုံးသူရုပ်အလောင်းအား နီးစပ်ရာရေဝေး၊ ထိန်ပင် အအေးတိုက်သို့ ဦးစွာပို့ဆောင်ရတော့မည်ဖြစ်သည်။

ဆေးရုံတွင် သေဆုံးပါက ဆရာဝန်၏ သေဆုံးကြောင်း ထောက်ခံချက်လက်မှတ် စာရွက်၊ အလောင်းအား နီးစပ်ရာ သုသာန် အအေးတိုက်သို့ ပို့ဆောင်မှုတို့ကို ဦးစွာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ အချို့သော ဆေးရုံကြီးတို့တွင် သုသာန်နှင့် အဆက်အသွယ်ပြု၍ ဆောင်ရွက်ပေးကြသူများရှိသည်။ သူ့အဆက်အသွယ်နှင့် ကိုယ့်အဆက်အသွယ်ဖြင့် အလောင်းလုသည့် ပုံစံမျိုးနှင့်လည်း ကြုံတွေ့ခဲ့ရဖူးသည်။ ကာယကံရှင်မိသားစုမှာလည်း အပူမီးဖြင့် မလုပ်တတ် မကိုင်တတ်ရှိရာ ကြားမှဆောင်ရွက်သူတို့၏ တောင်းသမျှကို ပေးကြ ဆောင်ရွက်ခဲ့ကြရသည်။

ရပ်ကွက်အတွင်းဖြစ်ပါကလည်း ဆရာဝန်၏ ထောက်ခံချက်၊ သေဆုံးကြောင်း ကျန်းမာရေးဌာန၏ စာရွက်၊ သုသာန်သို့ ပို့ဆောင်ရေးမှာလည်း ကာယကံရှင် မိသားစုတို့အတွက် အခက်အခဲများရှိခဲ့သည်။ အပူမီးတက်ချိန်၌ ဘာကစ၍ဘာကို ကိုင်ရမည်မှန်း မသိဖြစ်လာခဲ့သည်။

ယခုနောက်ပိုင်း လွန်ခဲ့သောဆယ်စုနှစ် နှစ်စုကျော်ကာလမှစ၍ ကွယ်လွန်သူ ဒါရိုက်တာ ဆရာကြီး ဦးသုခ၏ အမြော်အမြင်ကြီးမားမှု၊ ကိုယ်ချင်းစာတရားဖြင့် ရန်ကုန်မြို့တွင် နာရေးကူညီမှုအသင်း စတင်ပေါ်ပေါက်လာခဲ့သည်။ ဆက်လက်၍ ဒါရိုက်တာ သရုပ်ဆောင်မင်းသားဦးကျော်သူ၏ ဦးဆောင်မှုဖြင့် နာရေးအခက်အခဲများ အဆင်ပြေလာခဲ့သည်။ ဝန်ဆောင်မှုအားကောင်းခြင်းကြောင့် အောင်မြင်မှုများစွာဖြင့် လမ်းပြကြယ်တစ်ပွင့်ဖြစ်ခဲ့သည်။

ယခုအခါ ထိုရန်ကုန်နာရေးကူညီမှုအသင်းကို နမူနာယူ၍ မြို့နယ်အတွင်း ရပ်ကွက်တိုင်းနီးပါးပင် နာရေးကူညီမှုအသင်းအဖွဲ့များ ဖွဲ့စည်းကူညီလာကြသည်ကို တွေ့ရသည်။

ပြီးခဲ့သောလအတွင်းက စာရေးသူ၏ အစ်မကြီးတစ်ဦး သေဆုံးသည့်အတွက် သိသိချင်းပင် ဝေဘာဂီမြို့သစ်သို့ ရောက်ခဲ့ရသည်။ နာရေးအိမ်သို့ရောက်သည်နှင့် မြို့နယ်နာရေးကူညီမှုအသင်း (၃ ရပ်ကွက် သံဝေဂ လူမှုကူညီရေးအသင်း)ဥက္ကဋ္ဌ အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင်လူငယ်များ၏ လှုပ်ရှားမှုများကို တွေ့ရသည်။ သေစာရင်းထုတ်ခြင်းမှအစ ရေဝေးသုသာန်သို့ ပို့ဆောင်ခြင်းကို တာဝန်ခွဲဝေဆောင်ရွက်နေကြသကဲ့သို့ မဏ္ဍပ်(ကနားဖျင်း)ထိုး၊ စားပွဲ၊ ကုလားထိုင်ခင်းသူတို့ဖြင့် ကိုယ်စီကိုယ်င ဆောင်ရွက်နေကြသည်။

နာရေးအိမ်ရှင်က "ဒီဘက်ခေတ် နေရေးထက် သေရေးခက်ဆိုတဲ့ စကားက တဖြည်းဖြည်းနဲ့ ပျောက်သွားတော့မှာပါ။ သေဆုံးတယ်ဆိုတာနဲ့ အဖွဲ့လိုက်လာကြတယ်။ အိမ်ရှင်က ဘာမှလုပ်စရာမလိုဘူး။ ဖိတ်စာ၊ ယပ်တောင်၊ ရေဘူးကအစ အားလုံးတာဝန်ယူသွားကြတယ်။ မဆုံးခင်မှာလည်း အောက်ဆီဂျင်ဘူးရအောင် ဆောင်ရွက်ပေးတယ်။ လိုအပ်ရင် လူနာပါစောင့်ပေးကြတယ်" ဟု ပြောသည်။

၎င်းအိမ်၌ ဆုံခဲ့သော ရန်ကင်း ၁၂ လုံးတန်းမှ မိတ်ဆွေတစ်ဦးက "အခု ကျွန်တော်တို့ ရန်ကင်း ၁၂ လုံးတန်းမှာဆို လူငယ်တွေ အတော်ဝင်လာကြပြီ။ မြောက်ဥက္ကလာ(က)ရပ်ကွက် အဖြူရောင်အခမဲ့ နာရေးကူညီမှုအသင်းဆိုရင်လည်း ကားသုံးစီး၊ ခန်းမ၊ သင်္ချိုင်းက အစ တာဝန်ယူဆောင်ရွက်ပေးနေကြတယ်" ဟု ပြောသည်။

ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် လူမှုကူညီရေးအဖွဲ့(နာရေး)ဥက္ကဋ္ဌ ဦးမြအောင်က "ရပ်ကွက်တိုင်းမှာ ဒီလိုနာရေးကူညီမှုအဖွဲ့လေးတွေ ပေါ်လာတာ အလွန်ကောင်းတယ်ဗျာ။ ကာယကံရှင် ကျန်ရစ်သူတွေရဲ့ အပူမီးကို အများကြီး ငြိမ်းစေတယ်။ ကျွန်တော့်ရပ်ကွက်မှာဆို နီးစပ်ရာ အိမ်ထောင်စု ၇၀ လောက်နဲ့ စခဲ့တယ်။ အဲဒီတုန်းကဖြစ်ရင်ငွေကျပ် ၂၀၀၀၀ ထောက်ပံ့တယ်။ ကနားဖျင်း သွားထိုးပေးတယ်။ သေစာရင်းထုတ်ပေးတယ်။ ထိန်ပင်ကို ပို့ပေးတယ်။ အခုဆိုတစ်ရပ်ကွက်လုံးနီးပါး ဝင်လာကြပြီ။ သေဆုံးတာနဲ့ ငွေကျပ် တစ်သိန်းထောက်ပံ့တယ်။ လိုအပ်ရင် ရက်လည်မုန့်ဟင်းခါးပါချက်ပေးတယ်။ ကာယကံရှင်က ဘာမှလုပ်ကိုင်နေစရာ မလိုတော့ဘူး" ဟု ပြောသည်။

ယခုအခါ ရန်ကုန်မြို့တွင် နာရေးဖြစ်ပေါ်လာပါက ကာယကံရှင်တို့မှာ ဟိုယခင်ကကဲ့သို့ ဗျာများစရာမလိုတော့ပေ။ ငွေကြေးမှအစ ဖိတ်စာ၊ ရေဘူး၊ ယပ်တောင်၊ ကနားဖျင်း၊ ရက်လည်မုန့်ဟင်းခါးအထိ လုပ်ဆောင်စရာမလိုလောက်အောင်ပင် ငြိမ်းကြပြီဖြစ်သည်။ အထက်က ဆိုသကဲ့သို့ "နေရေးထက် သေရေးခက်" ဟူသော စကားတွင် နေရေးသာ ခက်ခဲမှုများရှိနေဆဲဖြစ်သော်လည်း သေရေးမှာ မခက်တော့ပြီဖြစ်ရာ လူမှုရေးအသိစိတ်ဓာတ်များ မြင့်မားလာမှု၊ လမ်းလွဲသို့ ခြေချော်နေသည့် လူငယ်လေးများအား ထိန်းကျောင်းမှုဖြင့် ပေါ်ပေါက်လာသည့် လူမှုနာရေးကူညီရေးအဖွဲ့များအား ဂုဏ်ပြုကြိုဆိုရေးသားလိုက်ရပါသည်။ **သန်းမောင်(ရန်ကင်း)**

# ဂျပန်နိုင်ငံမှ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ပင်ဂွင်းငှက်ကိုးကောင် ရောက်ရှိ



တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ရောက်ရှိလာသည့် ပင်ဂွင်းငှက်များအား တွေ့မြင်ရပုံ

**နေပြည်တော် အောက်တိုဘာ ၂၄**

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) တွင် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန်အတွက် Humboldt အမျိုးအစား ပင်ဂွင်းငှက် ကိုးကောင်ကို ထူးကုမ္ပဏီများအုပ်စု၊ တိရစ္ဆာန်ဥယျာဉ်နှင့် ပန်းဥယျာဉ်များဌာန၏ အစီအစဉ်ဖြင့် ဂျပန်နိုင်ငံမှ လေယာဉ်ဖြင့် သယ်ဆောင်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အောက်တိုဘာ ၂၀ ရက် ညနေ ၃ နာရီတွင် ရောက်ရှိခဲ့ပြီး အအေးခန်း မော်တော်ယာဉ်များဖြင့် ဆက်လက်သယ်ဆောင်ခဲ့ရာ တိရစ္ဆာန် ဥယျာဉ်(နေပြည်တော်)သို့ အောက်တိုဘာ ၂၁ ရက်က ရောက်ရှိခဲ့သည်။

အဆိုပါ Humboldt အမျိုးအစား ပင်ဂွင်းငှက်များ၏ နေရင်းဒေသသည် တောင်အမေရိကတိုက် အနောက်ခြမ်းရှိ ချီလီနိုင်ငံနှင့် ပီရူးနိုင်ငံ ကမ်းခြေဒေသများဖြစ်သဖြင့် ပြကွက်အတွင်းရှိ လေနှင့် ရေကူးကန်အတွင်းရှိ ရေတို့အား နေရင်းဒေသနှင့်ကိုက်ညီအောင် အပူအအေး ထိန်းညှိပေးထားခြင်း၊ သဘာဝကျောက်ဆောင်ပုံစံများ ပြုလုပ်ပေးခြင်း၊ ရောဂါပိုးမွှားသန့်စင်စေရန်တို့ကို ဆောင်ရွက်ပေးထားသည်။ ပင်ဂွင်းငှက်များကို ပြကွက်သစ်အတွင်း နေသားကျစေရေး၊ တိရစ္ဆာန်ထိန်းများနှင့် ရင်းနှီးယဉ်ပါးမှုရှိစေရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရာတွင် လိုအပ်သည့် လုပ်ကိုင်ဆောင်ရွက်ပုံ နည်းစနစ်များ သင်ကြားလေ့ကျင့်ရေးတို့ကို ပင်ဂွင်းငှက်များနှင့်အတူ ပြည်ပမှ လိုက်ပါလာသည့် ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပြီး အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် မကြာမီကာလအတွင်း စတင်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# ရေကြောင်းအန္တရာယ်ကင်းရှင်းရေးနှင့် ရေယာဉ်စီးခရီးသွားပြည်သူများ အသက်အန္တရာယ်ထိခိုက်မှုမရှိစေရေး စစ်ဆေး



**ဗန်းမော် အောက်တိုဘာ ၂၄**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ရေကြောင်းအန္တရာယ် ကင်းရှင်းရေးနှင့် ရေယာဉ်စီးခရီးသွားပြည်သူများ အသက်အန္တရာယ်ထိခိုက်မှုမရှိစေရေးအတွက် ဆိပ်ကမ်းမှမထွက်ခွာမီ ရုပ်ပြေးရေယာဉ်များကို အောက်တိုဘာ ၂၂ ရက်က စစ်ဆေးခဲ့ကြောင်း သိရသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေ၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးပိုက်တင်တို့က မြို့မရုပ်ရှုပ်ပြေးရေယာဉ်ဆိပ်ကမ်း၌ ဗန်းမော်မှကသာသို့ ထွက်ခွာမည့် ရွှေဟိဏ်းလင်းရုပ်ပြေးရေယာဉ်အား ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ရေယာဉ်တွင် သတ်မှတ်ထားသော ခရီးသည်ဦးရေထက် ပိုမိုတင်ဆောင်ခြင်း ရှိ မရှိ၊ ရေယာဉ်တွင် သတ်မှတ်ထားသော ဝန်တင်မျဉ်းထက် ပို၍တင်ဆောင်ခြင်း ရှိ မရှိ၊ ရေယာဉ်တွင် သတ်မှတ်ထားသော အသက်ကယ် ပစ္စည်းများနှင့် မီးသတ်ကိရိယာများ ပြည့်စုံမှုရှိ မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**

## မှုခင်းသတင်းတိုများ

### ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် လဝါကျေးရွာဒေသအခေါ် လိပ်ပုတ်ဖျားနှင့် ကျောက်လုံးကြီးဒေသတွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာမဘိမ်းမြို့မရဲစခန်းမှ ရဲအုပ်ကျော်စန်းဝင်းနှင့် နယ်မြေခံတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၂ ရက် နံနက် ၅ နာရီခန့်က ကွန်းကျေးရွာဘက်မှ လဝါကျေးရွာဘက်သို့ ယာဉ်မောင်း မိုးဝင်းအောင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၂၃ ဒသမ ၅၈ ရမ်နှင့် ကျောက်လုံးကြီး ဒေသသွားလမ်းပေါ် ဆူးပုတ်ချောင်းအနီးကမ်းဘေးရှိ ငေါ့ဆီး၏တဲကို ဝင်ရောက်ရှာဖွေရာဘိန်းဖြူ ၄၇ ဒသမ ၅၈ ရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ တို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။ မူးယစ်ဆေးဝါးများလက်ဝယ်တွေ့ရှိသူမိုးဝင်းအောင်(၂၉ နှစ်) မဘိမ်းမြို့နယ်နှင့် ငေါ့ဆီး(၃၈ နှစ်)တို့ကို မဘိမ်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးအရေးယူထားကြောင်း သိရသည်။ **( မြို့နယ် ပြန် / ဆက်)**

### မင်္ဂလာစေ့စပ်ပွဲအပြန်မော်တော်ယာဉ်တိမ်းမှောက် ၁၅ ဦးဒဏ်ရာရရှိ

ပဲခူးတိုင်းဒေသကြီးကျောက်တံခါးမြို့မရဲစခန်းအပိုင် ရန်ကုန်-မန္တလေးကားလမ်းဟောင်း သူဌေးကုန်းကျေးရွာအနီး၌ အောက်တိုဘာ ၂၂ ရက်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲနွယ်ကုန်းမြို့မှမင်္ဂလာစေ့စပ်ပွဲအပြီး ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်မောင်းနိုင်လင်း၂၂နှစ် တံတားဦးကျေးရွာ မြင်းခြံမြို့နယ်နေသူမောင်းနှင်လာသော ဒိုင်နာယာဉ်သည်အရှိန်မထိန်းနိုင်ဘဲ လမ်း၏ညာဘက်မြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါသူ ၁၅ ဦး ဒဏ်ရာရရှိပြီး ကျောက်တံခါးမြို့ ပြည်သူ့ဆေးရုံတွင်အတွင်း (မစိုးရိမ်ရ) ဒဏ်ရာများရရှိကာ ဆေးကုသမှုခံယူနေကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

### တာလေ၌ ယာဉ်တိုက်မှုဖြစ်ပွား၊ တပ်မတော်သား နှစ်ဦးသေဆုံး

ရှမ်းပြည်နယ်အရှေ့ပိုင်းတာလေမြို့ ပါခါးလုံကျေးရွာအနီး ယာဉ်တိုက်မှုဖြစ်ပွားရာ တပ်မတော်သား နှစ်ဦးသေဆုံးပြီး ယာဉ်မောင်းထွက်ပြေးတိမ်းရှောင်သည့် ဖြစ်စဉ် အောက်တိုဘာ ၂၁ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နယ်မြေခံတပ်မှတပ်ကြပ်ကြီး ဇော်မင်းထွန်း(၃၉ နှစ်) ရှေ့တွင်မောင်းနှင်ပြီး နောက်တွင် တပ်ကြပ်ကြီးစာရေး တင်မျိုးဇော်(၃၇ နှစ်)စီးနင်းလိုက်ပါလာသော ဆိုင်ကယ်သည် တာလေမြို့မှ မိုင်းဖြတ်မြို့သို့ တာဝန်ဖြင့် သွားရောက်စဉ် နားယောင်းကျေးရွာအုပ်စု ပါခါးလုံကျေးရွာအနီးတွင် မိုင်းဖြတ်ဘက်မှ ယာဉ်မောင်း (စုံစမ်းဆဲ)မောင်းနှင်လာသော မော်တော်ယာဉ်သည် လမ်းကြောင်းမှားပြီး တစ်ဖက်ယာဉ်ကြောအတွင်းသို့ ရောက်ရှိကာ ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်စီးနင်းလာသူ တပ်ကြပ်ကြီး ဇော်မင်းထွန်းနှင့်တပ်ကြပ်ကြီးစာရေး တင်မျိုးဇော်တို့တွင် ဒဏ်ရာများရရှိပြီး မိုင်းဖြတ်ဆေးရုံသို့ ပို့ဆောင်ကုသစဉ် နှစ်ဦးစလုံး သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်မှ ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်းအား တာလေနယ်မြေရဲစခန်းက ဖမ်းဆီးရမိရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

### လင်မယားရန်ဖြစ်ရာမှ ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရမှုနှင့် စပ်လျဉ်း၍စစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် တောပြားကြီးကျေးရွာတွင် လင်မယားရန်ဖြစ်ရာမှ ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြစ်မှုနှင့်စပ်လျဉ်း၍ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ စီစဉ်ညွှန်ကြားမှုဖြင့် ကျွန်းစုမြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးတင်ထွန်းအောင် ဦးစီးတပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၁ ရက်က စုံစမ်းစစ်ဆေးခဲ့ရာ အောက်တိုဘာ ၁၃ ရက် ည ၇ နာရီခန့်တွင် တောပြားကြီး ကျေးရွာနေ မျိုးသူ(ခ) အိုးဖြူ (ခ) ပန်းဖြူသည် ဇနီးဖြစ်သူ မမြင့်အေး(ခ) မမိငယ်နှင့် စကားများရန်ဖြစ်ခဲ့ရာ မျိုးသူက ၎င်း၏ဇနီးဖြစ်သူအား ဓားမဖြင့် ပစ်ပေါက်လိုက်ရာ နေအိမ်သို့ရောက်ရှိနေသော တစ်ရွာတည်းနေ မောင်နေဇင်ဖြိုး(ရှစ်နှစ်)၏ ပါးစပ်အား ထိမှန်ခဲ့သောကြောင့် မောင်နေဇင်ဖြိုး၏ ပါးစပ် ဝဲ / ယာတွင် တစ်လက်မစီ ပြတ်ရှဒဏ်ရာ၊ ဝဲဘက်အောက်အံသွား လေးချောင်းကျိုးပြီးဒဏ်ရာများရရှိခဲ့ကြောင်း၊ ၎င်းအား တိုက်နယ်ဆေးရုံသို့ ဆေးဝါးကုသရန် ပို့ဆောင်ထားကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

### ရေနံတွင်းပြုပြင်စဉ် ဝန်ထမ်းတစ်ဦးထိခိုက်ဒဏ်ရာရသေဆုံး

ရေနံချောင်းမြို့တွင် အောက်တိုဘာ ၂၂ ရက်က ရေနံတွင်းပြင်ရာမှ လူတစ်ဦး ထိခိုက်သေဆုံးခဲ့ကြောင်း ရေနံချောင်းမြို့မရဲစခန်းမှသိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၂ ရက် ညနေ ၃ နာရီခန့်က ချောက်မြို့မရဲစခန်းမှ သတင်းအရ ရေနံချောင်းမြို့နယ် ဝရကုန်းရွာတွင် MOGE ဦးလှပို (၅၃ နှစ်) ရေနံတွင်းပြင်အဖွဲ့ခေါင်းဆောင် ရေတွင်းကြီးရွာ ညောင်ဦးမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူသည် ရေနံတွင်း အမှတ်(၁၅၁)ရေနံတွင်းကို ပြုပြင်ရာ၌ ရေနံစုပ်ယူရာတွင် အသုံးပြုသော မြင်းခေါင်းပုံသဏ္ဌာန်ရှိသည့် ပန့်ဆိုင်းကြိုး ထိုင်ခုံနှင့် လှေကားကြားညပ်၍ ဒဏ်ရာများရရှိသေဆုံးသွားကြောင်း သိရသည်။

**ကျော်ဇေယျ**

# လိဂ်ဖလားမှာ ထိပ်တိုက်ပြန်ဆုံမယ့် မန်ချက်စတာဒါဘီ



အင်္ဂလန်လိဂ်ဖလားပြိုင်ပွဲရဲ့ စတုတ္ထအဆင့် ပွဲစဉ်တွေကို အောက်တိုဘာ ၂၅ ရက်မှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ စိတ်ဝင်စားစရာကောင်းမယ့်ပွဲကတော့ လီဗာပူးနဲ့ စပါးတို့ပွဲဖြစ်ပြီး အကြိတ်အနယ်ရှိမယ့်ပွဲလည်း ဖြစ်ပါလိမ့်မယ်။ ဒါ့အပြင် အာဆင်နယ်နဲ့ ရက်ဒင်းတို့ပွဲကလည်း အာဆင်နယ်ရဲ့ လက်ရှိခြေစွမ်းကို အကဲဖြတ်ခွင့်ရမယ့်ပွဲဖြစ်ပြီး ချန်ပီယံခြေစွမ်း ဟုတ်မဟုတ်ကို သုံးသပ်ခွင့်ရမှာမို့ အားပေးရမယ့်ပွဲစဉ်တွေ ဖြစ်နေပြန်ပါတယ်။

### အာဆင်နယ်နှင့် ရက်ဒင်း

နိုင်ပွဲတွေ ဆက်တိုက်ပျောက်ဆုံးနေတဲ့ ရက်ဒင်းတို့အတွက် အခုပွဲမှာ အာဆင်နယ်ကို ကျော်လွှားနိုင်မလားကြည့်ရမယ့်ပွဲပါ။ ရက်ဒင်းရဲ့လက်ရှိခြေစွမ်းပိုင်းကိုကြည့်ရင် ဗီလာနဲ့ ဘရန်ဖို့ဒ်တို့ကို ရှုံးပြီး ကျူပီအာနဲ့ ဒါဘီတို့ကို သရေပွဲဖြစ်ထားပါတယ်။ ဒါပေမယ့် ဟက်ဒါဖီးကိုတော့ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားတာမို့ ရက်ဒင်းတို့ရဲ့ ခြေစွမ်းက အားရစရာမရှိပါဘူး။ အာဆင်နယ်တို့ကတော့ နိုင်ပွဲတွေဆက်တိုက်ရနေတာမို့ အခုပွဲမှာ ရက်ဒင်းကို ဂိုးပြတ်သွင်းပြီး အောင်ပွဲခံဖို့ ကြိုးစားမှာဖြစ်ပါတယ်။

### လီဗာပူးနှင့် စပါး

မန်ယူကို ဂိုးမရှိသရေပွဲရအောင် ကစားထားတဲ့ လီဗာပူးတို့က ခြေစွမ်းကောင်းကို ပြသနိုင်နေပါတယ်။ ချယ်လ်ဆီး၊ ဒါဘီ၊ ဟားလ်စီးတီးနဲ့ ဆွမ်ဆီးအသင်းတွေကို အနိုင်ယူထားတဲ့ လီဗာပူးတို့က ခြေတက်နေတဲ့ စပါးကို ထိန်းချုပ်ဖို့ ခက်ခဲပါလိမ့်မယ်။ ငါးပွဲမှာ ၁၂ ဂိုးသွင်းထားတဲ့ လီဗာပူးရဲ့ တိုက်စစ်ကို သဘောကျပေမယ့် လောလောဆယ်မှာ ခြေစွမ်းထက်နေတဲ့စပါးကို ခက်ခက်ခဲခဲ ရင်ဆိုင်ညှော်ခံရပါလိမ့်မယ်။ စပါးတိုက်စစ်ဟာ ဂိုးသွင်းစွမ်းရည် ကျဆင်းနေတာမို့ အခုပွဲမှာ သရေပွဲဖြစ်ဖို့ ရာခိုင်နှုန်းများနေတာတော့ အမှန်ပါပဲ။

### လိဒ်နှင့် နော့ဝှစ်

လိဒ်တို့က ခြေစွမ်းမတည်ငြိမ်ပါဘူး။ နောက်ဆုံးငါးပွဲ ကစားခဲ့ရာမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်တွေနဲ့ ဖြတ်သန်းနေရပါတယ်။ နော့ဝှစ်တို့က နိုင်ပွဲတွေဆက်နေပြီး တိုက်စစ်အားလည်း ကောင်းနေပါတယ်။ နောက်ဆုံးငါးပွဲ ကစားခဲ့တဲ့ သွင်းဂိုးကိုကြည့်ရင် ပွဲတိုင်းဂိုးသွင်းနိုင်သလို ခံစစ်ပိုင်းလည်း ကျစ်လစ်တာတွေ့ရပါတယ်။ လက်ရှိခြေစွမ်းအရ နော့ဝှစ်တို့ အနိမ့်ဆုံးသရေပွဲ ကစားပါလိမ့်မယ်။

### မန်ယူနှင့် မန်စီးတီး

ဖီနာဘာချီအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့တဲ့ မန်ယူတို့ စိတ်ဓာတ်ပြန်လည်တက်ကြွနေပါတယ်။ လီဗာပူးနဲ့ စတုတ်ကို သရေပွဲတွေ ဆက်တိုက်ဖြစ်ပေါ်ခဲ့လို့ နည်းပြမော်ရင်ဟိုလည်း ဝေဖန်ပြစ်တင်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ မန်စီးတီးတို့ကလည်း လေးပွဲဆက်တိုက် သရေပွဲ၊ ရှုံးပွဲတွေ ဖြစ်ပေါ်နေတာမို့ ဒီပွဲကို သတိထားကိုင်တွယ်မှုရပါလိမ့်မယ်။ ခံစစ်ပိုင်းလိုအပ်ချက်တွေ များနေတဲ့ မန်စီးတီးတို့ မန်ယူနဲ့ပွဲမှာ အနိမ့်ဆုံး သရေရပြီး အမှတ်ခွဲယူရကိန်း ဆိုက်သွားနိုင်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ မန်ယူက တစ်ဂိုး-နှစ်ဂိုးနဲ့ ရှုံးခဲ့တာမို့ အခုပွဲမှာ အဲဒီရှုံးကြွေးပြန်ဆပ်နိုင်ပါ့မလားဆိုတာ စိတ်ဝင်စားစရာတော့ ဖြစ်စေတာအမှန်ပါပဲ။

### ဝက်စ်ဟမ်းနှင့် ချယ်လ်ဆီး

လက်စတာနဲ့ ဟားလ်စီးတီးတို့ကို နိုင်ပွဲဆက်တိုက်ရထားတဲ့ ချယ်လ်ဆီးဟာ ဒီပွဲကို မဖြစ်မနေ အနိုင်ကစားပါလိမ့်မယ်။ အာဆင်နယ်နဲ့ လီဗာပူးကို ရှုံးခဲ့တဲ့ ချယ်လ်ဆီးဟာ ဝက်စ်ဟမ်းကို ခက်ခက်ခဲခဲနဲ့ ကစားရပါလိမ့်မယ်။ ဝက်စ်ဟမ်းတို့က ချယ်လ်ဆီးနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ချယ်လ်ဆီးတို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့တာမို့ အခုပွဲမှာလည်း ချယ်လ်ဆီးတို့ပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

### ဆောက်သမ်တန်နှင့် ဆန်းဒါးလန်း

နောက်ဆုံးလေးပွဲကစားရာမှာ တစ်ပွဲသာနိုင်ထားတဲ့ ဆောက်သမ်တန်ရဲ့ခြေစွမ်းက အားရစရာမရှိပါဘူး။ ဒါပေမယ့် ဘန်လေနဲ့ ဝက်စ်ဟမ်းကို နိုင်ပွဲရအောင် စွမ်းဆောင်နိုင်ခဲ့တာကိုတော့ အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ ဆန်းဒါးလန်းတို့ကတော့ ဒီနှစ် ပရီမီယာလိဂ်မှာ နိုင်ပွဲဈေးဦးမပေါက်သေးတာမို့ အခုပွဲမှာ နိုင်ပွဲကို ပြန်ရှာဖွေနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ အသင်းလိုက်ရောတစ်ဦးချင်းပါ စိတ်ဓာတ်ကောင်းကောင်းနဲ့အားထုတ်ရင် ဆောက်သမ်တန်တို့ နိုင်ပွဲရသွားမယ့်ပွဲပါပဲ။

**မိုးမြင့်လင်းလက်**



## နေမာကို ထပ်မံစာချုပ်လိုက်တဲ့ ဘာစီလိုနာ

မန်ယူနဲ့ ပီအက်စ်ဂျီက ခေါ်ယူဖို့ အလွန်စိတ်ဝင်စားခဲ့တဲ့ နာမည်ကြီးတိုက်စစ်မှူး နေမာကို သူ့ရဲ့အသင်း ဘာစီလိုနာက ငါးနှစ် ထပ်မံစာချုပ်လိုက်ပါတယ်။ ဒီစာချုပ်အရ နေမာဟာ ဘာစီလိုနာအသင်းနဲ့အတူ ၂၀၂၁ ခုနှစ်အထိ ကစားပေးသွားရမှာဖြစ်ပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူးနေမာနဲ့ ဘာစီလိုနာအသင်းဥက္ကဋ္ဌ ဂျိုးဆက်မာရီယာဘာတိုမီတို့ စာချုပ်ခဲ့မှုအရ နေမာကို ဘာစီလိုက ပထမနှစ်မှာ ပေါင်သန်း ၁၈၀၊ ဒုတိယနှစ်မှာ ပေါင်သန်း ၂၀၀ နဲ့ နောက်ဆုံးသုံးနှစ်မှာ ပေါင် ၂၂၅ သန်း ပေးရမှာဖြစ်ပါတယ်။ နေမာဟာ မန်စီးတီးကို လေးဂိုးပြတ်နဲ့ အနိုင်ရတဲ့ပွဲမှာ ပယ်နယ်တီလွဲချော်ခဲ့သော်လည်း ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒီပွဲဟာ သူ့ရဲ့ ဘာစီလိုနာအသင်းမှာ ကစားတဲ့ပွဲပေါင်း ၁၅၀ မြောက်ပွဲ ဖြစ်ပါတယ်။ ဘာစီလိုနာအသင်းကို လိဂ်ဖလားနှစ်လုံး၊ စပိန်ဖလား နှစ်လုံးနဲ့ ချန်ပီယံလိဂ်ဖလားတစ်လုံးရအောင် ဆွတ်ခူးပေးရာမှာ ဂိုးပေါင်း ၉၀ သွင်းယူပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ နေမာ၊ မက်ဆီနဲ့ ဆွာရက်ဇ်တို့ဟာ ဘာစီလိုနာရဲ့ အနိုင်ပွဲတွေကို ဆက်လက်ရှာဖွေပေးနိုင်မယ့် အတွဲညီတဲ့ တိုက်စစ်မှူးတွေအဖြစ် ဆက်လက်ရှိနေဦးမှာ ဖြစ်ပါတယ်။

**● ကောင်းမြတ်သူ - စုစည်းသည်။ ●**

## တန်းဆင်းဇုန်မှာ ရုန်းကန်နေရတဲ့ ဆန်းဒါးလန်း

ဆန်းဒါးလန်း ကစားသမားတွေအနေနဲ့ ဒီနှစ် ပရီမီယာလိဂ်မှ တန်းဆင်းရမယ်ဆိုရင် လုပ်ခလစာ ၅၀ ရာခိုင်နှုန်း ဖြတ်တောက်ခံရလိမ့်မယ်လို့ နည်းပြဒေးဗစ်မိုယက်စ်က ပြောဆိုလိုက်ပါတယ်။ ဆန်းဒါးလန်းအသင်းဟာ ပရီမီယာလိဂ် ဇယားအောက်ခြေမှာ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ အဖွင့်ပွဲရှစ်ပွဲ ကစားပြီးတဲ့နောက် တစ်ပွဲမှ အနိုင်ကစားနိုင်ခဲ့ခြင်း မရှိသေးပါဘူး။ စောစီးစွာ တန်းဆင်းဇုန်အတွင်းမှာ ရုန်းကန်လာရတဲ့ ဆန်းဒါးလန်းနည်းပြ ဒေးဗစ်မိုယက်စ်အတွက်တော့ နုတ်ထွက်ပေးဖို့ ဖိအားပေးမှုတွေ တဖြည်းဖြည်းတိုးလာခဲ့ပါတယ်။ နွေရာသီက နည်းပြဖြစ်လာတဲ့ ဒေးဗစ်မိုယက်စ်အပေါ် ဝေဖန်မှုတွေ တိုးလာနေတာဖြစ်ပါတယ်။ ဆန်းဒါးလန်းအသင်းဟာ လွန်ခဲ့တဲ့နှစ်များကတည်းက တန်းဆင်းဇုန်အတွင်းမှာ ရုန်းကန်နေရတဲ့အသင်းဖြစ်ပါတယ်။ အသင်းကို တန်းမဆင်းရရေး ကာကွယ်ပြင်ဆင်မှုတွေ ပြုလုပ်သင့်ပြီလို့ အသင်းရဲ့ တာဝန်ရှိသူတွေက အခိုင်အမာပြောဆိုလိုက်ပါတယ်။ ပရီမီယာလိဂ်ပွဲစဉ်(၈)ကစားပြီးချိန်အထိ ဆန်းဒါးလန်းဟာ နိုင်ပွဲမရဘဲ ဇယားအောက်ဆုံးမှာ ရုန်းကန်နေရပါတယ်။





## မန်စီးတီးနဲ့ အဆင်မပြေဖြစ်လာတဲ့ အဂူရို

မန်စီးတီးနည်းပြ ဂွာဒီယိုလာနဲ့ တိုက်စစ်မှူး အဂူရိုတို့ကြား အဆင်မပြေမှုတွေရှိနေပြီးနောက် အဂူရိုအနေနဲ့ မန်စီးတီးမှ ထွက်ခွာသွားမယ်ဆိုရင် သူကိုယ်တိုင် ဆုံးဖြတ်ရလိမ့်မယ်ဖြစ်ကြောင်း မန်စီးတီးနည်းပြ ဂွာဒီယိုလာက ဆိုပါတယ်။ အဂူရိုရဲ့အနာဂတ်ဟာ မန်စီးတီးမှာ အမြဲတမ်းရှိနေပါတယ်။ အဂူရိုသာ မန်စီးတီးက ထွက်ခွာသွားမယ်ဆိုရင် သူကိုယ်တိုင်သာ ဆုံးဖြတ်ချက်ချရလိမ့်မယ်လို့ ဂွာဒီယိုလာက ပြောဆိုခဲ့တာဖြစ်ပါတယ်။ အဂူရိုကတော့ ဘာစီလိုနာနဲ့ ကစားတဲ့ပွဲမှာ အရံလူအဖြစ်သာ ပါဝင်ကစားခွင့်ပေးတဲ့အတွက် ပျော်ရွှင်မှုမရှိတော့ကြောင်း ဆိုပါတယ်။ အဂူရိုအနေနဲ့ ဒီနှစ်ရာသီမှာ ၁၀ ပွဲမှာ ၁၁ ဂိုးအထိ သွင်းယူပေးထားသော်လည်း ဂိုးတွေပိုပြီး သွင်းယူပေးဖို့ နည်းပြ ဂွာဒီယိုလာက တောင်းဆိုနေတာဖြစ်ပါတယ်။ နည်းပြနဲ့ အဂူရိုတို့ရဲ့ အဆင်မပြေမှုတွေ ရှိနေပေမယ့် မန်စီးတီးအသင်းရဲ့တာဝန်ရှိသူတွေကတော့ အဂူရိုကို ၂၀၂၀ ပြည့်နှစ်အထိ စာချုပ်တိုးချဲ့သွားဖို့ ကြေညာလိုက်ပါတယ်။

# အိန္ဒိယနှင့်တရုတ်မှ အပြိုင်ဝယ်ယူသောကြောင့် မြေထောင့်ပဲဈေးနှုန်းများ ပဲဈေးကွက်၌ ရုတ်တရက်မြင့်တက်



**မန္တလေး အောက်တိုဘာ ၂၄**
မြန်မာ့လယ်ယာထွက်ကုန်တစ်ခုဖြစ်သော မြေထောင့်ပဲများကို ယခုရက်ပိုင်းအတွင်း အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ အပြိုင်ဝယ်ယူမှုကြောင့် ဈေးကွက်အတွင်း မြေထောင့်ပဲ ဈေးနှုန်းများ ရုတ်တရက်မြင့်တက်ခဲ့ကြောင်း မန္တလေးပဲဈေးကွက်မှ သိရသည်။

အဆိုပါ မြေထောင့်ပဲအမျိုးအစားမှာ ထွက်ပေါ်စရာသီဖြစ်သော ဖေဖော်ဝါရီလမှ စ၍ ယခင်ဈေးနှုန်းများအတိုင်း ကျပ် ၆၀၀၀၀ ဝန်းကျင်သာရှိခဲ့ရာမှ ယခု အောက်တိုဘာလဆန်းမှ စတင်၍ တရိပ်ရိပ်တက်လာကာ ယခုရက်ပိုင်းအတွင်း ကျပ် ၉၆၀၀၀ နှုန်းအထိ မြင့်တက်လာခြင်းဖြစ်ပြီး ပဲဈေးကွက်အတွင်း အရောင်းရဆုံး ပဲအမျိုးအစားအဖြစ် ရပ်တည်လျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ထံမှ သိရသည်။

“လေးနှစ်အတွင်းမှာ အမြင့်ဆုံးဈေးပဲဗျာ။ ဒီလို ဈေးတက်ချိန်မှာ လက်ကျန်မရှိတဲ့ တောင်သူတွေ အကျိုးမခံစားရပေမယ့် လှောင်ထားတဲ့ကုန်သည်တွေအဖို့ တော့ ထူးထူးခြားခြား အကျိုးဖြစ်သွားတာပေါ့။ မြေထောင့်ပဲကို အိန္ဒိယက ချက်ပြုတ်စားသုံးပေမယ့် တရုတ်ကတော့ စည်သွပ်ဘူးအဖြစ်ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်ကို တင်ပို့ရောင်းချတယ်”ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် မြေထောင့်ပဲများကို ဗန်းမော်၊ ကသာ၊ ထီးချိုင့်နှင့် ကလေးမြို့ အနီးပတ်ဝန်းကျင်ဒေသများတွင်သာ အများဆုံးစိုက်ပျိုးကြပြီး အခြားဒေသများတွင် စိုက်ပျိုး၍လည်း မဖြစ်ထွန်းနိုင်ကြောင်း၊ မြေထောင့်ပဲများကို ယခုလို မြစ်ရေကျချိန် အောက်တိုဘာလမှစ၍ စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလတွင် သီးနှံစတင်ပေါ်လေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တနင်္သာရီတိုင်းဒေသကြီး လူငယ်တွေ့ဆုံပွဲကျင်းပ

**ထားဝယ် အောက်တိုဘာ ၂၄**
တနင်္သာရီတိုင်းဒေသကြီး လူငယ်တွေ့ဆုံပွဲကို ထားဝယ်မြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

ပြည်ထောင်စုအဆင့် အမျိုးသား လူငယ်ရေးရာမူဝါဒ ရေးဆွဲရာတွင် တနင်္သာရီတိုင်းဒေသကြီးမှ လူငယ်အလွှာပေါင်းစုံ၏ သဘောထားအမြင်များ၊ အသံများကို ထင်ဟပ်စေသော မူဝါဒစာတမ်း ပေါ်ပေါက်လာစေရန်၊ တိုင်းဒေသကြီးအနှံ့ ချိတ်ဆက်ဖြန့်ကျက်နိုင်သော လူငယ်ကွန်ရက်တစ်ခု ဖြစ်လာစေရန်နှင့် ဒေသတွင်းမှ လူငယ်အဖွဲ့များအနေဖြင့် အခြားဒေသရှိ လူငယ်ကွန်ရက်များနှင့် ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က နိုင်ငံတစ်နိုင်ငံတွင် လူငယ်ရေးရာမူဝါဒရှိခြင်းဖြင့် လူငယ်နှင့်လူကြီးကြား စုပေါင်းဆောင်ရွက်နိုင်စွမ်းကို ပိုမိုအားကောင်းလာစေမည်ဖြစ်ကြောင်း၊ လူငယ်၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများအကြား တူညီသော ပန်းတိုင်များလည်း ပေါ်ပေါက်လာစေမည်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းတွင် အရေးကြီးသော အုပ်စုတစ်စုအဖြစ် လူငယ်များ၏ ပံ့ပိုးကိုလည်း မြှင့်တင်နိုင်မည်ဖြစ်ကြောင်းနှင့် လူငယ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်များအတိုင်း တိုင်းပြည်၏ လက်ရှိနှင့် အနာဂတ်အရေးတွင် တက်ကြွစွာပါဝင်ထမ်းဆောင်ကြရန် တိုက်တွန်းကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူငယ်ကွန်ရက်တာဝန်ခံ ဒေါ်သီတာစိုးက လူငယ်တွေ့ဆုံပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲကို ဆက်လက်ကျင်းပခဲ့သည်။ တွေ့ဆုံပွဲသို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကာ အောက်တိုဘာ ၂၂ နှင့် ၂၃ နှစ်ရက်ကြာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

## သတင်းတိုများ

### စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများပူးပေါင်း၍ မိုးစပါးစံကွက်ရိတ်သိမ်း

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တဝန်ဖန်ရကျေးရွာ၌ (၆၁)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ ဆင်းသုခမိုးစပါးစံကွက် ၁၀ ဧက စုပေါင်းရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၀ ရက်က ပြုလုပ်ခဲ့သည်။ စံကွက်ရိတ်သိမ်းပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အေးမေ ခေါင်းဆောင်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆင်ဇခုပ်နှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမင်းဝေနှင့် ဝန်ထမ်းများနှင့် ဒေသခံတောင်သူ ၂၇ ဦး စုပေါင်း၍ စံကွက်ကို ရိတ်သိမ်းခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### သာစည်မြို့တွင် ရသစာပေဆွေးနွေးပွဲကျင်းပ

စာဖတ်ရှိန်မြှင့်တင်ရေးရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ စာပေကွန်ရက်အဖွဲ့နှင့် သာစည်မြို့နယ် စာရေးဆရာများသမဂ္ဂအဖွဲ့တို့ ပူးပေါင်း၍ ရသစာပေဆွေးနွေးပွဲကို သာစည်မြို့နယ် ပြန်/ဆက်ဦးစီးဌာန အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၂၂ ရက်က ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် စာရေးဆရာများဖြစ်ကြသော ဆရာတင့်ခိုင်၊ ဆရာမာန်(တောင်လုံးပြန်)၊ ဆရာသက်ဦးမောင်၊ ဆရာမနှင်းဝေငြိမ်းနှင့် ဆရာမမိမိုးတို့က ဆရာမြသန်းတင့်၏ ‘ခါးတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်’ ဝတ္ထုနှင့် ဆရာမဝင်းဝင်းလတ်၏ ‘အချစ်၏နောက်ဆက်တွဲစာမျက်နှာ’ စာအုပ်များ၏ ရသများအကြောင်းကို ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် စာပေဝါသနာရှင်၊ စာပေချစ်သူများ၏ သိရှိလိုသည့်မေးခွန်းများကိုလည်း စာရေးဆရာများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့သည်။ **မောင်ကို(သာစည်)**

# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**ဖရူဆို အောက်တိုဘာ ၂၄**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲကို မြို့နယ် စာကြည့်တိုက်ခန်းမ၌ အောက်တိုဘာ ၂၃ ရက်က ပြုလုပ်ခဲ့သည်။



ဟောပြောပွဲတွင် ဖရူဆိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ဝင်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန်အတွက် လိုက်နာဆောင်ရွက်ရမည့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများနှင့် ယာဉ်စည်းကမ်းဖောက်ဖျက်မှုအတွက် အရေးယူနိုင်သည့် ပြစ်မှုဆိုင်ရာ ဥပဒေများကို လက်တွေ့သရုပ်ပြအစီအစဉ်များနှင့်အတူ ရှင်းလင်းဟောပြောပြီး တတ်ရောက်လာသော ပြည်သူ များကလည်း သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဟောပြောပွဲသို့ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် မြို့ပေါ်ရပ်ကွက်များရှိ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကာ ဟောပြောပွဲအပြီးတွင် စာကြည့်တိုက်ခန်းမအတွင်း၌ စာအုပ်စာစောင်များ၊ ဓာတ်ပုံများနှင့် နံရံကပ်စာစောင်များကို ပြန်/ဆက်ဦးစီးဌာနက ခင်းကျင်းပြသခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ပါဝင်ယှဉ်ပြိုင်ရန်အတွက် လွိုင်လင်သားတို့ ပြင်ဆင်နေ

တောင်ကြီးမြို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အထင်ကရပွဲတော်ကြီးဖြစ်သည့် ၁၃၇၈ ခုနှစ် တန်ဆောင်တိုင်ပွဲတော်ကို အဝေရာကုန်းသာယာ(မီးပုံးပျံကွင်း)၌ အိုးစည်ဗုံမောင်းသံ ခြိမ့်ခြိမ့်ညံကာ စည်ကားသိုက်မြိုက်စွာဖြင့် မကြာမီရက်အတွင်း ကျင်းပတော့မည်ဖြစ်သည်။ နှစ်စဉ်တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့မှ လပြည့်ကျော် ၁ ရက်နေ့အထိ ကျင်းပလေ့ရှိသည့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် မီးပုံးပျံပြိုင်ပွဲသည်လည်း အထင်ကရတစ်ခုအဖြစ် အပါအဝင်ဖြစ်သည်။

ယခု ၂၀၁၆ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လွိုင်လင်မြို့မှ မီးပုံးပျံဝါသနာရှင်များနှင့် စိတ်ဝင်စားသူများ စုပေါင်း၍ ညမီးကြီးတစ်လုံးကို ပြုလုပ်လျက်ရှိသည်။

လွိုင်လင်မြို့အနေဖြင့် ပထမဆုံး သွားရောက်ယှဉ်ပြိုင်မည့် အဆိုပါ မီးပုံးပျံကို ပြုလုပ်နေသော မီးပုံးပျံဖြစ်မြောက်ရေးအဖွဲ့မှ ဒုတိယခေါင်းဆောင် ကိုဇင်လင်းထွန်းက “နှစ်စဉ်နှစ်တိုင်းကျင်းပနေတဲ့ မီးပုံးပျံပြိုင်ပွဲကို ပွဲလည်သက်သက်ပဲ သွားရောက်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲကို ပထမဦးဆုံးအကြိမ်အဖြစ် ဝင်ရောက်ပြိုင်ပွဲဝင်မှာဖြစ်ပါတယ်။ ဒီမီးပုံးပျံပြိုင်ပွဲဝင်နိုင်အောင် ကျွန်တော်တို့ အတော်ကြိုးစားခဲ့ရသလို မြို့သူ မြို့သားများက ကူညီအားပေး ထောက်ပံ့ပေးလို့ ဒီလိုအခြေအနေ ဖြစ်လာတာပါ။ ညမီးကြီးတစ်လုံးရဲ့ ကုန်ကျစရိတ်ကလည်း အောက်ဆုံးထစ် သိန်း ၃၀ လောက် ကုန်ကျတာမို့ တကယ်မလွယ်ပါဘူး။ ပြိုင်ပွဲဝင်ရောက်ဖို့တော့ စာရင်းပေးသွင်းပြီးပါပြီ”ဟု ပြိုင်ပွဲဝင်ရောက်ရန် စီစဉ်ဖြစ်ခဲ့ပုံကို ရှင်းပြသည်။

မီးပုံးပျံ ပြုလုပ်နေသည့် အခြေအနေနှင့်ပတ်သက်၍လည်း “မီးပုံးပျံရဲ့ သရုပ်ဖော် ပန်းချီဒီဇိုင်းတွေကိုတော့ ဒီမြို့က ပန်းချီဝါသနာရှင်များက ကူညီအားဖြည့်ပေးကြပါတယ်။ လက်ရှိအနေအထားကတော့ လေးပုံတစ်ပုံလောက်ပဲ ပြီးပါသေးတယ်။



ပြိုင်ပွဲဝင်မီးပုံးပျံပြုလုပ်မည့် ပိတ်စပေါ်မှ ပန်းချီဒီဇိုင်း

မီးပုံးပျံအရွယ်အစားကတော့ ခေါင်းအချင်း ၂၅ ပေ၊ လုံးပတ် ၂၄ ပေ၊ နံထောင်အမြင့် ၂၄ ပေ၊ မီးစာအမြင့် ခုနစ်ပေနဲ့ ယမ်းခွေကတော့ သတ်မှတ်ထားတဲ့အတိုင်း ပိဿာချိန် ၃၀ ဖြစ်ပါတယ်” ဟု ဆက်ပြောပြသည်။

လွိုင်လင်မြို့မှ ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ရန် ကြိုးစားပြင်ဆင်နေသည့် မီးပုံးပျံနှင့်ပတ်သက်၍လည်း “ကျွန်တော်တို့ရဲ့ ကြိုးစားအားထုတ်ထားသမျှတွေကို ကြည့်ရှုအားပေးကြပြီး အောင်မြင်အောင် ဆုတောင်းပေးကြပါလို့ ပြောကြားလိုပါတယ်”ဟု ကိုဇင်လင်းထွန်းက ဖိတ်ခေါ်ပြောကြားလိုက်သေးသည်။

တောင်ကြီး မီးပုံးပျံပြိုင်ပွဲတွင် နေ့လွှတ် ခြေနှစ်ချောင်းအရုပ်များ၊ ခြေလေးချောင်းအရုပ်များ၊ ညလွှတ် စိန်နားပန်မီးပုံး၊ ညမီးကြီး(ယမ်းခွေပါ)မီးပုံးပျံ စသည့် မီးပုံးပျံလွှတ်ပြိုင်ပွဲဟူ၍ အမျိုးအစားအလိုက် ပြိုင်ပွဲများ ကျင်းပကြသည်။ နေ့လွှတ် အရုပ်မီးပုံးများသည် တစ်ရုပ်လျှင် ကျပ်သုံးသိန်းမှ ငါးသိန်းအထိလည်းကောင်း၊ ညလွှတ် စိန်နားပန်အလုမီးပုံးသည် တစ်လုံးလျှင် ကျပ်ဆယ့်ငါးသိန်းမှ ကျပ်သိန်းနှစ်ဆယ်အထိလည်းကောင်း၊ ညမီးကြီးမီးပုံးသည် တစ်လုံးလျှင် ကျပ်သိန်းသုံးဆယ်မှ ကျပ်သိန်းလေးဆယ်အထိလည်းကောင်း ကုန်ကျစရိတ်များရှိသည်။ ညမီးကြီးမီးပုံးပျံသည် ကုန်ကျစရိတ်များသလို လူအား၊ ငွေအားနှင့် အချိန် များစွာစိုက်ထုတ်ရပြီး အန္တရာယ်များသည့်လုပ်ငန်းတစ်ခုလည်းဖြစ်သည်။ ညမီးကြီးမီးပုံးပျံ တစ်လုံးအတွက် မီးစာအမြင့် ခုနစ်ပေ၊ ယမ်းပိဿာချိန် ၃၀ နှင့် မီးပုံးအမြင့် ၂၄ ပေအထိ ပြုလုပ်ကြသည်။ ချီးမြှင့်သည့်ဆုကြေးမှာလည်း ညမီးကြီးအတွက် ကျပ်သိန်း ၆၀ ဆုချီးမြှင့်ကြောင်း သိရသည်။

**သတင်းဆောင်းပါး- မိုးလွင်ဦး(လွိုင်လင်)**

## မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲစေတီတော်ကြီးတွင် ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူ

**မင်းဘူး အောက်တိုဘာ ၂၄**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၏သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီး၌ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ပွဲကို အောက်တိုဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

ထီးတော်တင်လှူပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် အစိုးရအဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးတာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူးဦးသိန်းဇော်နှင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ တက်ရောက်ပြီး မြို့နယ် သံဃနာယက ဥက္ကဋ္ဌဆရာတော်ထံမှ သီလခံယူဆောက်တည်ကာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို ဆရာတော်ကြီးများထံသို့ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်ကာ စေတီတော်ကြီးသို့ တင်လှူပြီး ဆရာတော်ကြီးများက အနေကဇာတင်ပေးခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်ကာ လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့သည်။

**ဖိုးပြည့်(ပြန်/ဆက်)**

## မျက်စိဝေဒနာရှင်များအား အခမဲ့ ကွင်းဆင်းဆေးဝါးကုသပေး

**ငါ့သရောက် အောက်တိုဘာ ၂၄**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနမှ ဆရာမ ဒေါ်နွဲ့ယဉ်ဝင်း ဦးဆောင်၍ ဆရာဦးသာဌေး၊ ဦးချို‌ဝင်း၊ ဆရာမဒေါ်တင်တင်ဝေတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၁ ရက်က ငါ့သရောက်မြို့နယ် မြေနဲကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အခြေပြု၍ မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ကျေးလက်နေပြည်သူများအား အခမဲ့ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆေးကုသပေးရာနေရာသို့ ငါ့သရောက်မြို့နယ် မြေနဲကြီးကျေးရွာ၊ ရွာပုလဲကျေးရွာနှင့် ကန်တိန်ကျေးရွာများမှ မျက်စိအမြင်အာရုံချို့တဲ့သူ လူနာ ၄၀ ကျော် လာရောက်ပြသ ဆေးဝါးကုသမှုခံယူခဲ့ပြီး ကွင်းဆင်းဆေးကုအဖွဲ့ဝင်များက လူနာတစ်ဦးချင်း၏ မျက်စိအမြင်အာရုံချို့တဲ့မှုအခြေအနေများကို စစ်ဆေးကာ မျက်စိအမြင်အာရုံ ပြန်လည်ကောင်းမွန်စေရေးအတွက် ဆေးဝါးများ အခမဲ့ပေး၍ ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ထိုင်းတွင် ယာဉ်တိုက်ခံရသည့် မြန်မာအလုပ်သမများအတွက် ကရုဏာကြေးငွေများလွှဲပြောင်းပေးအပ်

**ကော့သောင်း အောက်တိုဘာ ၂၄**
မြန်မာ့အိမ်နီးချင်း ထိုင်းနိုင်ငံ ရနောင်းမြို့တွင် ပြီးခဲ့သည့် ဧပြီလအတွင်းက ယာဉ်တိုက်ခံရမှုကြောင့် သေဆုံးခဲ့ရသည့် SIFCO စက်ရုံမှ မြန်မာအလုပ်သမ ခြောက်ဦးအတွက် ကရုဏာကြေးငွေများကို အောက်တိုဘာ ၂၂ ရက်က ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကရုဏာကြေးငွေပေးအပ်ပွဲတွင် ထိုင်းနိုင်ငံအခြေစိုက် ပရဟိတအဖွဲ့တစ်ခုဖြစ်သည့် ပညာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း(FDA)အဖွဲ့မှ ထိုင်းနိုင်ငံတောင်ပိုင်း မြန်မာသံရုံးကိုယ်စားလှယ် ဦးမင်းဦးက ယာဉ်တိုက်မှုဖြစ်စဉ်နှင့် ကရုဏာကြေးပေးအပ်ခြင်းကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြတ်အောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းတို့က သေဆုံးခဲ့ရသည့် မြန်မာအလုပ်သမခြောက်ဦးအတွက် ထိုင်းနိုင်ငံ လူမှုဖူလုံရေးဌာန၊ ယာဉ်အာမခံဌာနနှင့် ထိုင်းနိုင်ငံတရားရုံးတို့မှ ထုတ်ပေးသည့် ကရုဏာကြေးငွေများကို သက်ဆိုင်ရာ မိဘဆွေမျိုးများလက်သို့ အသီးသီးလွှဲပြောင်းပေးအပ်ပြီး သေဆုံးခဲ့ရသူများ၏ မိခင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

လျော်ကြေးငွေများထုတ်ပေးခြင်းခံရသည့် သေဆုံးသူ အလုပ်သမခြောက်ဦးမှာ ထိုင်းနိုင်ငံ SIFCO အလုပ်တွင် တရားဝင် သွားရောက်အလုပ်လုပ်ကိုင်ရင်း ဧပြီ ၃၀ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့ စဖန်ပလာလမ်းဘေး၌ အလုပ်ဆင်းရန် အလုပ်ရုံဖယ်ရီကားစောင့်ဆိုင်းနေစဉ် အစုအပြုံလိုက် ကားတိုက်ခံခဲ့ရခြင်းဖြစ်ကာ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံရောက် မြန်မာပရဟိတအသင်းများနှင့် အခြားအဖွဲ့အစည်းများ၏ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုများကြောင့် ယခုကဲ့သို့ ကရုဏာကြေးငွေများရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## သတင်းတို

### သာစည်မြို့နယ်အတွင်း ကျေးရွာငါးရွာ၌ စက်ရေတွင်းများတူးဖော်ပေးခဲ့

သာစည်မြို့နယ်အတွင်း ကျေးရွာငါးရွာ၌ စက်ရေတွင်းနှင့် ရေလှောင်အုတ်ကန်များ၊ ရေစက်ရုံများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တူးဖော်တည်ဆောက်ပေးခဲ့ကြောင်းသိရသည်။ ကျေးလက်ဒေသများတွင် နွေရာသီကာလ၌ ရေရှားပါးမှုမရှိစေရန်နှင့် ရေသန့်ရေကောင်းသောက်သုံးနိုင်ရန်အတွက် မြို့နယ်အတွင်းမှ ရေပြတ်လပ်လေ့ရှိသော ကျေးရွာများဖြစ်သည့် ဝမ်းသာ၊ သဲပွတ်ကုန်း၊ မုန်တော၊ ငွေးကုန်း(ရှေ့)နှင့် ရွာသစ်ကျေးရွာများတွင် ရေတွင်းများ တူးဖော်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# မြန်အောင်မြို့၌ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဒေသတွင်းဌာနဆိုင်ရာများက ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိ

**မြန်အောင် အောက်တိုဘာ ၂၄**
ရခိုင်ပြည်နယ်မှ ... 

ရေဝတီတိုင်းဒေသကြီးအတွင်း မုန်တိုင်းငယ်ဖြတ်သန်းသွားနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မုန်တိုင်းငယ်သတိပေးချက် အမှတ်စဉ်(၁၀)တွင် ကြေညာခဲ့ပြီးနောက် မြန်အောင်မြို့နယ်အတွင်းမှ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်အောင်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရန်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားရှိရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား အောက်တိုဘာ ၂၃ ရက်က ကြိုတင်သတိပေးထားပြီဖြစ်ကြောင်း မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်ထံမှ သိရသည်။

မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုသူနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များကလည်း အရေးပေါ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း သိရသည်။ ထို့အတူ မြန်အောင်မြို့နယ်ရဲတပ်ဖွဲ့ကလည်း နယ်မြေရဲစခန်းများအလိုက် အဖွဲ့များဖွဲ့၍ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို ဒေသခံ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း မြန်အောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကံမြင့်ထံမှ သိရသည်။

ဘင်္ဂလားပင်လယ်အော်အရှေ့ပိုင်းတွင် လတ်တလောဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် အားကောင်းလာကာ မြန်မာနိုင်ငံ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းအနီး ဖြတ်သန်းသွားမည်ဖြစ်ကြောင်းနှင့် မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာ့ကမ်းရိုးတန်း(မြစ်ဝကျွန်းပေါ်ဒေသများ)နှင့် နီးကပ်နေပါသဖြင့် အနီးရောင်အဆင့် သတ်မှတ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မုန်တိုင်းငယ်သတိပေးချက် အမှတ်စဉ်(၁၀)တွင် အသိပေးကြေညာထားသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

## ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ဘိန်းခင်းများကို စုပေါင်းဖျက်ဆီး

**ဒီးမော့ဆို အောက်တိုဘာ ၂၄**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် လိုဘာခိုကျေးရွာအုပ်စု ဆောင်ဒူကျေးရွာ၏ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ ဘိန်းခင်းများကို ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တပ်မတော်သားများ စုပေါင်း၍ အောက်တိုဘာ ၂၂ ရက်က သွားရောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဒီးမော့ဆိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းနှင့် တပ်ဖွဲ့ဝင်များ၊ လွိုင်ကော်မူးယစ်တပ်ဖွဲ့စု(၂၀)မှ ဒုရဲမှူး နိုင်အောင်ခိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ဥပဒေရုံး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန စသောဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် တပ်မတော်သားများ စုစုပေါင်းအင်အား ၆၁ ဦးဖြင့် ဘိန်းခင်းများကို ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။



ဘိန်းခင်းများ ဖျက်ဆီးရာ၌ ခန့်မှန်းမြေပုံအညွှန်း(KB-857620)တွင် အပင်အမြင့်တစ်ပေခွဲခန့်ရှိ အဖူးဖူးစအရွယ်နှင့် အမြင့်နှစ်ပေခွဲခန့်ရှိ ပွင့်/သီးနေသည့် ဘိန်းစိုက်ခင်း ငါးကေခန့်ကိုလည်းကောင်း၊ တစ်ဆက်တည်း ခန့်မှန်းမြေပုံအညွှန်း(KB-850625)တွင် အမြင့်နှစ်ပေခန့်ရှိ ဖူးပွင့်နေသည့် ဘိန်းစိုက်ခင်း ခုနစ်ကေကိုလည်းကောင်း၊ ဆက်လက်၍ ခန့်မှန်းမြေပုံအညွှန်း(KB-867610)တွင် အမြင့်တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း သုံးကေကိုလည်းကောင်း၊ ခန့်မှန်းမြေပုံအညွှန်း(KB-865611)တွင် အမြင့်နှစ်ပေခန့်ရှိ ဖူးပွင့်နေဆဲ ဘိန်းစိုက်ခင်း နှစ်ကေကိုလည်းကောင်း ဖျက်ဆီးနိုင်ခဲ့ရာ စုစုပေါင်း ဘိန်းစိုက်ခင်း ၁၇ ကေခန့်ကို စုပေါင်းဖျက်ဆီးပစ်နိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဆေးဝါးအတုနှင့် ရက်လွန်ဆေးဝါးများ ရောင်းချခြင်းမရှိစေရန် ဆွေးနွေးပွဲပြုလုပ်

**ကျောက်ဆည် အောက်တိုဘာ ၂၄**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်း၌ ဆေးဝါးအတုနှင့် ရက်လွန်ဆေးဝါးများ ရောင်းချမှုမရှိစေရန်အတွက် ဆွေးနွေးပွဲကို ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ အောက်တိုဘာ ၂၂ ရက်က ပြုလုပ်ခဲ့သည်။

တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနနှင့် ပြည်သူ့ဆေးရုံကြီးတို့ ပူးပေါင်းပြီး မြို့နယ်အတွင်းရှိ အိမ်သုံးဆေးဝါးများ ရောင်းဝယ်နေကြသော လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ဆေးဝါးအတုများနှင့် ရက်လွန်ဆေးဝါးများ၊ အရည်အသွေးမပြည့်မီသော ဆေးဝါးများ ရောင်းချမှုမရှိစေရေးအတွက် ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဦးတိုးတိုးက ပြည်သူများသုံးစွဲနေသည့် အစားအသောက်များ၊ ဆေးဝါးများ၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစေရန်နှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းမှု အာမခံချက်ရှိစေရန် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် ဆေးရောင်းချသူများအနေဖြင့် ဆေးဝါးများနှင့် အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ရောင်းချရာတွင် စစ်မှန်သောဆေးဝါးများ ပြည်သူများလက်ဝယ်သို့ ရောက်ရှိစေရေးအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာမေမြတ်နိုးခိုင်က ဆေးဝါးရောင်းချသူများအနေဖြင့် လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ဦးစိုင်းဘုန်းမြင့်ကျော်က ဆေးဝါးအတုများ အန္တရာယ်နှင့် ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားဆွေးနွေးခဲ့ကြပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဦးတိုးတိုးက အပြည်ပြည်ဆိုင်ရာ မှုခင်းတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ ဆေးဝါးအတုများနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် မှုခင်းများသည် အခြားအကြောင်းအရာများကြောင့် ဖြစ်ပေါ်လာသည့် မှုခင်းများထက် ပိုမိုများပြားကြောင်း၊ ထို့ကြောင့် ဆေးဝါးရောင်းချသူများအနေဖြင့် မိမိတို့ရောင်းချသည့် ဆေးဝါးများသည် အရည်အသွေးပြည့်မီကောင်းမွန်သော၊ စွမ်းရည်အာနိသင် ထက်မြက်သော၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေရန် အာမခံချက်ပေးနိုင်သော ဆေးဝါးများဖြစ်စေရေးအတွက် ဆေးဝါးကဏ္ဍနှင့် ဆက်စပ်နီးနွယ်သူအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းဆွေးနွေးခဲ့သည်။

**သက်မောင်(ကျောက်ဆည်)**



# ရန်ကုန်ပန်းချီဌာန၏ မြစ်ဖျားရောင်စဉ် မြန်မာ့ပန်းချီပြပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၄**
ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပန်းချီပညာဌာန ဆရာ ဆရာမ များ၏ မြစ်ဖျားရောင်စဉ် ပန်းချီပြပွဲကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ The Yangon Gallery ခန်းမ၌ အောက်တိုဘာ ၂၂ ရက်က ကျင်းပခဲ့ပြီး ၂၄ ရက်အထိ ဆက်လက်ပြသခဲ့ကြောင်း သိရသည်။



အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်) ပန်းချီဌာနမှ ပါမောက္ခ/ ဌာနမှူး ဦးမြတ်ထွန်းအောင်က "ဒီပြပွဲကြီးကတော့ ပန်းချီပညာဌာနက ဆရာ ဆရာမတွေရဲ့လက်ရာတွေကို ပန်းချီကျောင်းသားကျောင်းသူတွေရော ပြင်ပအနုပညာရှင်တွေရော လေ့လာနိုင်ဖို့ အနုပညာလှုပ်ရှားမှုအနေနဲ့ ပြသတာပါ။ မြန်မာ့အနုပညာကို ပြည်သူလူထု အနေနဲ့ စိတ်ဝင်စားမှုများပြားလာဖို့လည်း မျှော်လင့်ပါတယ်။ လက်ရှိအခြေအနေအရ မြန်မာနိုင်ငံရဲ့ပန်းချီလောကဟာ အခြားပန်းဆယ်မျိုးဝင် မြန်မာ့အနုပညာတွေနဲ့ယှဉ်ရင် အတိုးတက်ဆုံးလို့ပြောရမှာပါ။ နိုင်ငံတကာမှာလည်း သွားပြသနေတာတွေ ရှိနေပါတယ်။ အခုလို ပန်းချီပြပွဲတွေ လုပ်နိုင်တာဟာ ပန်းချီဆရာတွေရဲ့အဓိက မှတ်ကျောက်ဖြစ်တယ်လို့ ပြောရမှာပါ။ အခုလို အစုအဖွဲ့နဲ့ပြသနိုင်တာတွေရှိသလို တစ်ကိုယ်တော်ပန်းချီပြပွဲတွေ ကျင်းပနိုင်တာက ပန်းချီမှာ အမြင့်ဆုံး အနုပညာရှင်လို့ ပြောရမှာပါ။ မျိုးဆက်သစ်တွေအနေနဲ့လည်း ကြိုးစားကြဖို့ ပြောလိုပါတယ်"ဟု ဆိုသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီပညာ ဌာနမှ ဆရာ ဆရာမ ၁၇ ဦး၏ ရေဆေး၊ ဆီဆေးနှင့် Acrylit အမျိုးအစား သုံးမျိုးဖြင့် အကြောင်းအရာမျိုးစုံကို အခြေခံကာ ရေးဆွဲထားသော ပန်းချီကား ၁၁၈ ကား ပါဝင်ပြသထားသည်။ ပန်းချီကားများသည် အသေးဆုံးအနေဖြင့် ၁၄ လက်မ × ၁၈ လက်မ အရွယ်အစားမှ အကြီးဆုံး လေးပေ×ငါးပေ အရွယ်အစားအထိ ပါဝင်ပြသထားကြောင်း သိရသည်။ ပန်းချီပြပွဲအတွင်း အနုပညာကျောင်းသားကျောင်းသူများနှင့် ပန်းချီဝါသနာရှင်များ လာရောက်လေ့လာခဲ့ကြသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်) ပန်းချီပညာဌာန အနေဖြင့် ကျောင်းသားကျောင်းသူများအား လာမည့်နိုဝင်ဘာလတွင် ဆွစ်ဇာလန်နိုင်ငံမှ ပန်းချီပညာရှင်များနှင့် တွေ့ဆုံစေကာ ရန်ကုန်မြို့တွင် ပန်းချီလောကဖွံ့ဖြိုးရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# တောင်ကြီးဓာတ်အားခွဲရုံနှင့် ဘီလူးချောင်းရေအားလျှပ်စစ် စီမံကိန်းများကို ပြည်နယ်ဝန်ကြီးချုပ် သွားရောက်ကြည့်ရှု

**တောင်ကြီး အောက်တိုဘာ ၂၄**
ရှမ်းပြည်နယ် တောင်ကြီးမြို့ တောင်ဘက်မြို့အထွက်ရှိ လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်မှုနှင့် အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အောက်တိုဘာ ၂၀ ရက်က သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်း၊ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးနှင့် ပြည်နယ်အစိုးရ အတွင်းရေးမှူး ဦးစိုးစိုးဇော်တို့က ကွင်းဆင်းကြည့်ရှုခဲ့ခြင်းဖြစ်သည်။

တောင်ကြီးဓာတ်အားခွဲရုံကို ဒီဇင်ဘာလ ဒုတိယပတ်အတွင်း တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း၊ တောင်ကြီးမြို့တွင်း ၆၆ ကေဗွီ ဓာတ်အားလိုင်းများ အချိန်မီတည်ဆောက်နိုင်မှသာ ဓာတ်အားပေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ဓာတ်အားခွဲစက်ရုံတွင် ၁၃၂/၆၆/၁၁ ကေဗွီ၊ ၂×၅၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ၊ ၅၀ အမ်ဗွီအေနှစ်လုံးဖြင့် တောင်ကြီးမြို့အနီးဒေသများသို့ ဓာတ်အားဖြန့်ဝေပေးပြီး ဓာတ်အားလိုင်းများမှာ ကလောမှ ပင်းပက်၊ ပင်းပက် ဓာတ်အားခွဲရုံမှ တောင်ကြီးဓာတ်အားခွဲရုံသို့ ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ် အနောက်တောင်ဘက် ၁၄ ဒသမ ၄ မိုင်အကွာရှိ အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းကို သွားရောက်ကြည့်ရှုရာ ရှင်းလင်းဆောင်ခန်းမ၌ နီယိုကုမ္ပဏီမှ ပရောဂျက်အထွေထွေမန်နေဂျာ ဦးဟန်မင်းထွန်းက အထက်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ဘီလူးချောင်းရေအားအရင်းအမြစ်ကို အသုံးချကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး ညောင်ရွှေမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန်၊ ပိုလျှံသော လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားကွန်ရက်စနစ်နှင့် ချိတ်ဆက်၍ နိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးပေးရန် အချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**



# နိုင်ငံပိုင်လမ်းမြေများကို ခြံစည်းရိုးခတ်ရောင်းချနေမှုအရေးယူရန် ဒေသခံများ ဆန္ဒရှိနေ



**ရန်ကုန် အောက်တိုဘာ ၂၄**
ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်တစ်ဖက်ကမ်း အလတ်ချောင်းကျေးရွာ၌ နိုင်ငံပိုင်လမ်းမြေများကို ခြံစည်းရိုးခတ်ရောင်းချနေမှုများရှိနေသဖြင့် ထိုသို့ ရောင်းချနေသူများကို အရေးယူပေးစေလိုကြောင်း ဒေသခံအချို့ထံမှ သိရသည်။

အလတ်ချောင်းကျေးရွာ အနောက်ဘက် ကွက်သစ်များနှင့် မူလရပ်ကွက်ကြားရှိ ဖွံ့ဖြိုးရေးလမ်းမကြီး၏ လမ်းပြုပြင်မည့် လမ်းမြေကျင်းများကို ဝါးလုံးများဖြင့် ခြံစည်းရိုးများခတ်ကာ ရောင်းချမှုများရှိနေကြောင်း၊ ထို့အပြင် ထိုကွက်သစ်၏နောက်ကျော ကြည့်မြင်တိုင်နှင့် တွံတေးပိုင်ကျေးရွာများကြားတွင်ရှိသော လယ်ယာများအတွင်း ရေသွင်းရေထုတ်ပြုလုပ်သည့် ရိုးမြေကို ပိတ်ဆို့ခြံခတ်ပြီး မြေကွက်များရိုက်ကာ ရောင်းချနေမှုတို့ကြောင့် ရေများ ပုံမှန်စီးဆင်းမှုမရှိသဖြင့် အထက်အောက်တွင်နေသော ပြည်သူတို့မှာ ရေများလျှံတက်နေသော ဘေးဒုက္ခနှင့် ကြုံတွေ့နေကြရကြောင်း သိရသည်။ ထို့ကြောင့် နိုင်ငံတော်ပိုင် လယ်ယာမြေများကို ခြံခတ်ရောင်းချကာ အလွဲသုံးနေသကဲ့သို့ ဖြစ်နေသည်ကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သိရှိပြီး အရေးယူဆောင်ရွက်ပေးရန် ဒေသခံပြည်သူများ ဆန္ဒရှိနေကြကြောင်း သိရသည်။

**ရွှေတိုင်လွင်**



၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ အောက်တိုဘာ ၂၂ ရက်မှ စတင်ကျင်းပရာ ပြိုင်ပွဲဝင်နှစ်ဦး ယှဉ်ပြိုင်နေစဉ်။ (ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်းရှစ်သင်း၊ ကစားသမားဦးရေ စုစုပေါင်း ၁၅၉ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကာ ပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက်အထိ နေ့စဉ်ကျင်းပသွားမည်ဖြစ်သည်။) (သတင်းစဉ်)

# ဘိုးဘွားများအား ဆန်နှင့် အသုံးအဆောင်များလှူဒါန်း

**သုံးခွ အောက်တိုဘာ ၂၄**
ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ရှိ TRI စေတနာကွန်ရက်အဖွဲ့က သုံးခွမြို့ပေါ်ရှိ အသက် ၈၀ နှစ်နှင့်အထက် နှမ်းပါးသော အဘိုးအဘွား ၁၀၀ ဦးအား လှူဖွယ်ပစ္စည်းမျိုးစုံကို အောက်တိုဘာ ၂၂ ရက်က အိမ်တိုင်ရာရောက် သွားရောက်ကန်တော့၍ လှူဒါန်းခဲ့ကြောင်း သိရသည်။

ဘိုးဘွားတစ်ဦးလျှင် ဆန်လေးပြည်၊ ဆီတစ်ပုံး၊ အိပ်ယာခင်း၊ ခြင်ထောင်၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာသုံးပိုင်း၊ ကွေကာတစ်ပါကင်၊ ခေါက်ဆွဲခြောက်ငါးထုပ်၊ ငါးသေတ္တာ၊ စတုမဓူ၊ လက်ဖက်ခြောက်၊ ပဲဆန်၊ ဆေး၊ မုန့်များနှင့် ငွေကျပ်ငါးထောင်စီတို့ကို ဘိုးဘွားတစ်ဦးချင်းစီထံသို့ အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

နှမ်းပါးသော အဘွားတစ်ဦးဖြစ်သူ ဒေါ်ဖွားမြင့်က "အဘွား အခုဆိုရင် အသက် ၈၅ နှစ်ပါ။ သားသမီးတွေမရှိတော့ လုပ်ကိုင်ကျွေးမွေးသူမရှိ ဖြစ်နေတာပါ။ အရပ်ကတော့ ကျွေးပါတယ်၊ အခုလို TRI စေတနာရှင်တွေက လစဉ် လာရောက်ထောက်ပံ့ပေးနေတာ ကျေးဇူးအထူးတင်ပါတယ်"ဟု ပြောသည်။

**ကြည်စိုးလွင်(သုံးခွ)**

# ဆွေးမြည့်နေသော ဓာတ်တိုင်နှင့် ဓာတ်ကြိုးများကို ပြန်လည်ပြုပြင်ပေး၍ ဒေသခံများဝမ်းမြောက်နေ

**မလှိုင် အောက်တိုဘာ ၂၄**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ အမှတ်(၁)ရပ်ကွက် နယ်မြေ(၈)ရှိ ဓမ္မာရုံလမ်းပေါ်၌ သွယ်တန်းထားသော လျှပ်စစ် ဓာတ်ကြိုးများသည် အများပြည်သူသွားလာနေသော လမ်းပိုင်းပေါ်သို့ တွဲကျနေသကဲ့သို့ ဆွေးမြည့်နေသော သစ်သားဓာတ်တိုင်များကြောင့် လမ်းသွားလမ်းလာများနှင့် ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ် ဖြစ်ပွားနိုင်ကြောင်း နိုင်ငံပိုင်သတင်းစာများ၌ ပါရှိပြီးသည့်နောက် သက်ဆိုင်ရာဌာနမှ လာရောက်ပြုပြင်ပေးခဲ့၍ ဒေသခံပြည်သူများအနေဖြင့် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးပြီဖြစ်သဖြင့် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၁၆ ရက်က နိုင်ငံတော်ပိုင်သတင်းစာများ၌ ဆွေးမြည့်နေသော ဓာတ်တိုင်နှင့် တွဲကျနေသော ဓာတ်ကြိုးများကြောင့် မလိုလားအပ်သည့်အန္တရာယ်များဖြစ်ပွားနိုင်ကြောင်း သတင်းပါရှိခဲ့ပြီး အောက်တိုဘာ ၁၇ ရက်တွင် အဆိုပါနေရာများ၌ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများဖြင့် ပြုပြင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဓာတ်တိုင်ကို လဲလှယ်ပေးခဲ့သလို ၄၀၀ ဗို့ဓာတ်အားလိုင်း အရှည် ၁၀၈၀ ပေအတွက် အခန်းကိုးခန်း တည်ဆောက်ပေးခဲ့ကြောင်း မလှိုင်မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးကျော်ဆွေထံမှ သိရသည်။

**ကျော်ကျော်(မလှိုင်)**

# သက်တမ်း ၁၃၃ နှစ် ပြည့် ရွှေကျောင်းကြီး

## မောင်သာ(ရှေးဟောင်းသုတေသန)

သစ်ဝါးပေါများသည့် မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက်ကတည်းက အဆောက်အအုံများကို သစ်သားများဖြင့် ဆောက်လုပ်ခဲ့ကြရာ အဆောက်အအုံအများစုသည် ရာသီဥတုဒဏ်၊ အင်းဆက်ပိုးမွှားများဖျက်ဆီးမှုဒဏ်၊ မီးလောင်မှုနှင့်စစ်ဘေးစစ်ဒဏ်စသည့် အန္တရာယ်အမျိုးမျိုးကြောင့် ရေရှည်မတည်တံ့နိုင်ဘဲပျက်စီးခဲ့ကြရသည်။ သို့တိုင်အောင် သက်တမ်း နှစ်ပေါင်း ရာကျော်နေသည့် သစ်သား အဆောက်အအုံများကို မြန်မာနိုင်ငံအတွင်း မြို့ရွာများတွင် ယနေ့တိုင် တွေ့မြင်နိုင်ကြပေသည်။

ထေရဝါဒဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်သည့် မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်များသည် ရဟန်းသံဃာတော်များသီတင်းသုံးနိုင်ရန် သစ်သားကျောင်းများကို ဆောက်လုပ်၍ လက်ရာမြောက်သော အနုစိတ်ပုံဖော်မှုများဖြင့် မွမ်းမံအလှဆင်ကာ လှူဒါန်းလေ့ရှိခဲ့ကြသည်။အထူးသဖြင့် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် သစ်သားဘုန်းကြီးကျောင်းများကို အများအပြားဆောက်လုပ် လှူဒါန်းခဲ့ကြရာ အချို့ကျောင်းများကို ယခုအချိန်ထိ တွေ့မြင်နိုင်ကြသည်။

ရတနာပုံခေတ်တွင် မင်းနေပြည်တော်ဖြစ်ခဲ့သည့် မန္တလေးမြို့တော်ဝန်းကျင်တွင် အင်းဝ ဗားကရာကျောင်း၊ မန္တလေးဒေးဝန်းရပ်ရှိ ရွှေအင်ပင်ကျောင်း၊ မန္တလေးတောင်ခြေရှိ ရွှေနန်းတော်ကျောင်းတို့သည် ယနေ့တိုင် မူလလက်ရာအတိုင်း ထိန်းသိမ်းထားနိုင်သည့် ရှေးဟောင်းသစ်သားအဆောက်အအုံများဖြစ်ကြသည်။ မင်းတုန်းမင်းသည် မန္တလေးမြို့၏အရှေ့ပြင်၊အနောက်ပြင်၊တောင်ပြင်နှင့် မြောက်ပြင်တို့တွင် ဘုန်းတော်ကြီးကျောင်းများကို နေရာချထားခဲ့သော်လည်းနှစ်ပေါင်း ၁၅၀ ကျော်လာသည့် ယခုအချိန်တွင် အနည်းငယ်သာကျန်ရှိနေသည်။ ယင်းတို့အနက် ရွှေနန်းတော်ကျောင်းနှင့် ရွှေအင်ပင်ကျောင်းများကို ယဉ်ကျေးမှုဝန်ကြီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားသည်။

မန္တလေးမြို့တွင်တည်ရှိသည့် ရွှေကျောင်းဟု လူသိများသော ရတနာပုံခေတ်လက်ရာ ရွှေနန်းတော် သစ်သားကျောင်းကြီးသည် ပြည်တွင်းပြည်ပခရီးသည်များ အလွန်စိတ်ဝင်စားကြသည့် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သည်။ ရွှေနန်းတော်သည် မန္တလေးနန်းတွင်းမှ စစ်ဒဏ်မခံခဲ့ရသည့် တစ်ခုတည်းသော အဆောက်အအုံဟောင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တပ်များသည် မန္တလေးနန်းတော်ဝင်းကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ နန်းတွင်းရှိ အဆောက်အအုံများ မီးလောင်ပျက်စီးခဲ့ချိန်တွင် နန်းမြို့အပြင်သို့ပြောင်းရွှေ့ထားပြီးဖြစ်သည့် ရွှေနန်းတော်သည် မီးမလောင်ဘဲကျန်ရှိခဲ့သည်။

ရွှေကျောင်းသည် မူလက နန်းတော်အဆောက်အအုံဖြစ်ခဲ့ပြီး မင်းတုန်းမင်းနတ်ရွာစံပြီးနောက် သားတော် သီပေါမင်းက နန်းမြို့အပြင်သို့ပြောင်းရွှေ့ကာ ပြန်လည်ဆောက်လုပ်ပြီး ရဟန်းတော်များ သီတင်းသုံးရန်လှူဒါန်းခဲ့သဖြင့် နန်းတော်ဟောင်းမှ ဘုန်းတော်ကြီးကျောင်း ဖြစ်လာခဲ့သည်။

ကုန်းဘောင်မင်းဆက် ၁၀ ဆက်မြောက် ဘုရင်ဖြစ်သူ မင်းတုန်းမင်း(ခရစ်နှစ် ၁၈၅၃-၁၈၇၈) သည် နန်းမြို့အတွင်း မှန်နန်းဆောင်၏ မြောက်ဘက်တွင် ရွှေနန်းတော်ကို တည်ဆောက်ခဲ့ပြီး နတ်ရွာမစံမီအထိ စံမြန်းခဲ့သည်။ မင်းတုန်းမင်းသည် ၁၈၇၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင်နတ်ရွာစံခဲ့ပြီးနောက် သားတော်သီပေါမင်းက ခမည်းတော်စံမြန်းခဲ့သည့် ရွှေနန်းတော်အဆောက်အအုံကို နန်းမြို့အပြင်ဘက်၊ မန္တလေးတောင်ခြေရှိ မဟာအတုလဝိဇယရာမ၊ မဟာအတုမရှိကျောင်းအနီး လက်ရှိနေရာသို့ မူလပုံစံမပျက် ပြောင်းရွှေ့ခဲ့သည်။ စတင်ရွှေ့ပြောင်းခဲ့ချိန်မှ ပြန်လည်ဆောက်လုပ်ပြီးစီးချိန်အထိ အချိန်ငါးနှစ်ကြာမြင့်ခဲ့ကာ ထိုစဉ်က ငွေကျပ် ၁၂၀၀၀၀ ကုန်ကျခဲ့သည်။ သီပေါမင်းသည် ယင်းအဆောက်အအုံကို သံဃာတော်များအား ၁၈၈၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ရေစက်ချလှူဒါန်းခဲ့ရာ ပခန်းကြီး သာသနာပိုင်နန္ဒဘိဓဇပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရဦးနန္ဒက ရွှေနန်းတော်ကျောင်းကြီးအား ပထမဆုံးဆက်ခံခဲ့သည်။

သီပေါမင်းသည် ခမည်းတော်မင်းတုန်းမင်းနတ်ရွာစံပြီး ရက်ပိုင်းအတွင်းမှာပင် ရွှေနန်းတော်ကို နေရာပြောင်းရွှေ့ခဲ့သဖြင့် အချို့က ခမည်းတော်၏ဝိညာဉ်ခြောက်လှန့်မှုကြောင့် နေရာပြောင်းကာသံဃာတော်များထံလှူဒါန်းခဲ့ကြောင်း ပြောဆိုလေ့ရှိခဲ့သည်။ ငယ်စဉ်က ဗုဒ္ဓစာပေများကိုသင်ယူ၍ ပထမပြန်စာမေးပွဲများဝင်ရောက်ဖြေဆိုခဲ့သူ သီပေါမင်းသည် ထေရဝါဒဗုဒ္ဓဘာသာအယူတွင် လုံးဝမရှိသည့် ဝိညာဉ်ကို လက်ခံခဲ့မည်လောဟု စဉ်းစားဖွယ်ဖြစ်ခဲ့သည်။


မင်းတုန်းမင်းသည် အမရပူရ၌ ၁၈၅၃ ခုနှစ်ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် နန်းစိုက်ခဲ့ပြီး ရတနာပုံမြို့သစ်တည်ရန် မြေနေရာကို ၁၈၅၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် နယ်လေးရပ် နိမိတ်ရွှေကြိုးသတ်မှတ်ခဲ့ကာ ၁၈၅၇ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့၊ သောကြာနေ့၌ မျဉ်းကြိုးခင်း၍ ပန္နက်တိုင်စိုက်ထူခဲ့ သည်။ရွှေကြိုးသတ်ခဲ့သည့် ရတနာပုံမြို့ဝင်းသည် အရှေ့အနောက် ၁၅ မိုင်၊ တောင်မြောက် ၃၅ မိုင်ရှိကြောင်း မှတ်သားခဲ့ရသည်။ရတနာပုံနန်းမြို့ရိုးကို တစ်ဖက်လျှင် တာ ၆၀၀ အညီအမျှ ပြုလုပ်ခဲ့ပြီး မြို့ရိုးလေးဘက်ပတ်လည်သည် ၅ ဒသမ ၀၃ မိုင်ရှိသည်။နန်းမြို့အတွင်း၌ နန်းတော်အပါအဝင်အဆောင်ပေါင်း ၁၁၄ ဆောင် ဆောက်လုပ်ခဲ့ပြီး နန်းမြို့တော်ကို လေးကျွန်းအောင်မြေ၊ရွှေနန်းတော်ကို မြနန်းစံကျော်ဟု မော်ကွန်းကမ္ပည်း သတ်မှတ်ခဲ့သည်။

မင်းတုန်းမင်းသည် မိမိနန်းစိုက်မည့် မှန်နန်းဆောင်၏မြောက်ဘက်တွင် ရွှေနန်းတော်ဆောင်ကို ကပ်လျက်တည်ဆောက်ခဲ့သည်။ ယင်းအဆောင်ကို အမရပူရမှ နန်းတော်ဆောင်ကိုဖျက်၍ ပြန်လည်တည်ဆောက်ခဲ့သည်ဟုလည်း ဆိုကြသည်။ ယခုအချိန်တွင်မြင်တွေ့ကြရသည့် ပြန်လည်တည်ဆောက်ထားသော မန္တလေးနန်းတွင်းအဆောက်အအုံများအနက် လက်ဖက်ရည်ဆောင်၏ အနောက်ဘက်ရှိ မြေကွက်လပ်သည် မူလက ရွှေနန်းတော်ဆောင်တည်ရှိခဲ့သော နေရာဖြစ်သည်။

ရွှေကျောင်းကြီးသည် အောင်မြေသာစံမြို့နယ် ဒေါနတွားရပ်ကွက်တွင် တည်ရှိပြီး အရှေ့ဘက်တွင် ၆၂ လမ်းနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အနောက်ဘက်တွင် အတုမရှိကျောင်းနှင့်မြောက်ဘက်တွင်ကုသိုလ်တော်ဘုရားရှိသည်။ မန္တလေးအရှေ့ပြင်၊ ကုသိုလ်တော် လောကမာရဇိန်ဘုရားအနီး၊ မဟာအတုလဝေယံကျောင်းတော်၏ အရှေ့ထိပ်တွင်ဆောက်လုပ်ထားသည့် ရွှေကျောင်းကြီးအား အဝေးမှကြည့်လျှင် ရေနံ့ဝကာ မှိုင်းညို့နေသည်ကိုမြင်ကြရသည်။

ရွှေနန်းတော်ကျောင်းသည် အလျား ၁၁၆ ပေ၊အနံ ၇၁ ပေနှင့်မြေပြင်မှ ကြမ်းခင်းသို့ အမြင့်၁၀ ပေရှိ၍ အမိုးသုံးဆင့်၊ လည်ပေါ်နှစ်ထပ်၊ စမြင်ပါသော ဇေတဝန်ဆောင်ဖြစ်သည်။ လည်ပေါ်သုံးထပ်ထည့်သွင်းတည်ဆောက်ထားသဖြင့် ဇေတဝန်ဆောင်ဟုခေါ်ဆိုခြင်းဖြစ်ပြီး စမြင်ဟူသည်အဆောင်မကြီးဘေးပတ်လည်တွင် ထုတ်ထားသောအမိုးဖြစ်သည်။ ရွှေနန်းတော်ကျောင်းတွင် သရက်ကင်း လှေကားငါးစင်းရှိပြီး အရှေ့ဘက်ထိပ်တွင် တစ်ခု၊ တောင်ဘက်နှင့် မြောက်ဘက်တွင် နှစ်ခုစီရှိသည့်အနက် အရှေ့ဘက်လှေကားသည် မူလလက်ရာဖြစ်ကြောင်း သိရှိရသည်။ သရက်ကင်းဟူသည့် ဝေါဟာရအား သီးခါစသရက်သီးပုံစံရှိသော အနုပညာလက်ရာဟု မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်။

ရွှေနန်းတော်ကျောင်းတစ်ခုလုံးကို သစ်သားများဖြင့် တည်ဆောက်ထားပြီး အရှေ့အနောက်တန်းနေသည့် တိုင် ၁၅ လုံး၊ တန်း ၁၀ ခု ရှိသဖြင့် တိုင်အရေအတွက် ၁၅၀ ရှိသည်။ကျောင်းတော်ကြီး၏ အပြင်ပတ်လည်ရှိ လုံးပတ်သုံးပေ ခုနစ်လက်မရှိသော ကျွန်းတိုင် ၃၆ လုံးပေါ်၌ ငါးပေလေးလက်မမြင့်သော နယားတစ်ကောင်စီတပ်ဆင်ထားပြီး ထောင့်လေးထောင့်ရှိ တိုင်လေးတိုင်တွင် တစ်တိုင်လျှင် နယားသုံးကောင်စီ တပ်ဆင်ထားသည်။



တိုင်များ၏အောက်ခြေတွင် စကျင်ကျောက်ကို အောက်ခံခုံလုံးပြုလုပ်ထားပြီး အပြင်စင်္ကြံပတ်လမ်း တစ်လျှောက်ရှိ တိုင်ထိပ်များတွင် တိုင်များအား မိုးဒဏ်ရေဒဏ်မှကာကွယ်နိုင်ရန် စကျင်ကျောက်များကို ခေါင်းလောင်းပုံအထွတ်တင်ထားကာ တိုင်ဖုံးအဖြစ် အုပ်မိုးထားသည်။ကျောင်းကြီးကို ရတနာပုံခေတ် လက်မှုပညာသစ်သားအပြောက်အမွမ်းပန်းများဖြင့်တန်ဆာဆင်ထားပြီး ကျောင်းဆောင်အတွင်းအပြင်ကို ရွှေပိန်းများချထားသဖြင့် ရွှေကျောင်းကြီးဟု ထင်ရှားခဲ့သည်။

ကျောင်းဆောင်ပတ်လည် ကြမ်းခင်းကိုနှစ်လက်မထူသည့် ကျွန်းပြားကြီးများခင်းထားသည်။တံခါးပေါက်များတွင် သံကိုအသုံးမပြုဘဲ သစ်သားစရွေးစွပ်တံခါးများတပ်ဆင်ကာ နတ်ရုပ်၊ သိကြားရုပ်စသော ပန်းပုလက်ရာများကို ထုလုပ်ထားသည်။ ကျောင်းတော်ကြီး၏ နံရံအတွင်းအပြင်ပတ်လည်အား ပန်းများ၊ ရုပ်လုံးရုပ်ကြွများ၊ နတ်ရုပ်၊ ဇော်ဂျီ၊ဝန်ကြီး၊ မင်းသား၊ ဘီလူး၊ သူငယ်တော်ရုပ်၊ လူပျံရုပ်၊ ဒေါင်းရုပ် စသည့် ပန်းပုလက်ရာများဖြင့် အလှဆင်ထားသည်။ ပန်းပုရုပ်များသည် အလွန်လက်ရာမြောက်ကာ ပြုံးနေပုံ၊ မဲ့နေပုံ၊ပျော်နေပုံစသည်ဖြင့် စိတ်ခံစားချက်များကို ဖော်ညွှန်းနေပေသည်။

ရွှေကျောင်းကြီးအတွင်း၌ မင်းတုန်းမင်း၏ ဝတ်လဲတော်များကို မီးရှို့ပြီး ရရှိသည့် ပြာများထည့်သွင်းပြုလုပ်ထားသည်ဟုဆိုသည့် ရတနာပုံခေတ်ဆင်းတုရုပ်ပွားတော်ကြီးတစ်ဆူကို ပူဇော်ထားသည်။ ယင်းဆင်းတုတော်သည် မင်းတုန်းမင်းကြီးကိုးကွယ်ခဲ့သော မဟာဗောဓိလက်ျာတောင်ကိုင်းသားကို ပြာချသရိုးကိုင် ထုလုပ်ထားသည့် မံတင်းတုရုပ်ပွားတော်ဟုလည်း ဆိုကြသည်။ အရှေ့ဘက်သို့ မျက်နှာမူထားသည့် ထိုင်တော်မူရုပ်ပွားတော်အား မာရဘင်ကန့်ထားပြီး ခန်းဆီးနံရံတစ်လျှောက် ပလ္လင်တော်ပတ်လည်ရှိ ကွန်းစင်တိုင်များတွင် ဗုဒ္ဓဘုရားရှင်၏ ဖြစ်တော်စဉ် ဇာတ်ကြီး ၁၀ ဘွဲ့ဖြစ်သည့် တေမိဇာတ်၊ မဟာဇနကဇာတ်၊ သုဝဏ္ဏသာမဇာတ်၊ နေမိဇာတ်၊ မဟော်သဓာဇာတ်၊ ဘူရိဒတ်ဇာတ်၊ စန္ဒကုမာရဇာတ်၊ နာရဒဇာတ်၊ ဝိဓူရဇာတ်၊ ဝေသန္တရာဇာတ်တော်တို့နှင့် ဥတေနဇာတ်၊ စူဠပဒုမဇာတ်တို့မှ ဇာတ်ကွက်အချို့နှင့် တောထွက်ခန်းတို့ကို ပန်းနွယ်၊ပန်းခက်များဖြင့် လက်ရာမြောက်စွာထုလုပ်ထားသည်ကို တွေ့ရှိနိုင်ပေသည်။

ရွှေနန်းတော်ကျောင်းအတွင်းပိုင်းကို ရွှေပိန်းချတိုင်များ၊ မျက်နှာကြက်ပန်းများ၊ လင်းနို့တောင်အမွမ်းပန်းများဖြင့် တန်ဆာဆင်ထားကာ အပြင်နံရံနှင့် စင်္ကြံပတ်လမ်းတွင် ဥဒေါင်း၊ ယုန်၊ ဟင်္သာ၊ ကျေးခြင်္သေ့၊ ဆင်၊ သိကြား၊ဗြဟ္မာ၊ ဇော်ဂျီ၊ လူပျံတော်၊ လောကနတ်၊ ဘီလူး၊ နဂါး၊နယား၊ဂဠုန်၊ ကိန္နရီ၊ ကိန္နရာစသည်တို့ကို ကနုတ်ပန်းများဖြင့် အနုစိတ်ထွင်းထုထားသည်။ ကြာရိုးကြာနွယ်များရံထားသည့် လောကပါလနတ်မင်းကြီး လေးပါးနှင့် နတ်ရုပ်များဖြင့်လည်း ရွှေကျောင်းကို တန်ဆာဆင်ထားသည်။

မြန်မာဘုန်းတော်ကြီးကျောင်းများ တည်ဆောက်သည့် ဗိသုကာပုံစံများတွင် ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီးနှင့် ဘောဂဆောင်များကို ရှေ့နောက်စဉ်လျက် တည်ဆောက်လေ့ရှိခဲ့သည်။ ပြာသာဒ်ဆောင်တွင် ပလ္လင်တော်နှင့် ဗုဒ္ဓရုပ်ပွားတော်ကို ထားရှိပူဇော်ပြီး အရှေ့ဘက်၊ တောင်ဘက်နှင့်မြောက်ဘက်တို့တွင် လှေကားများတပ်ဆင်ထားသည်။ စနုဆောင်သည်ပြာသာဒ်ဆောင်နှင့် ဆောင်မကြီးကိုဆက်ထားသော အဆောင် ဖြစ်သည်။ စနုဆောင်သည် အာဂန္တုညှော့်သည် ရဟန်းသံဃာတော်များအား လက်ခံတွေ့ဆုံစကားပြောသည့် နေရာဖြစ်သည်။ ဆောင်မကြီးသည် အဓိကအဆောင် ဖြစ်ပြီး နှစ်ထပ်လည်ပေါ်ဆောက်လုပ်ထားလျှင် ထားဝယ်ဆောင်၊ သုံးထပ်၊လေးထပ် လည်ပေါ်ဆောက်လုပ်ထားလျှင် ဇေတဝန်ဆောင်ဟုခေါ်ဆိုကြောင်း မှတ်သားရဖူးပါ သည်။

ဆောင်မကြီး၏အလယ်တွင် မာရဘင်ကန့်ထားလေ့ရှိသည်။ မာရဘင်သည် ကြမ်းပြင်မှအမိုးထိ ပိတ်ဆီးထားသော အကာအရံဖြစ်ကာ မာရဘင်၏ရှေ့တွင် ဘုရားရှင်ရုပ်ပွားတော် သီတင်းသုံးသည့်ပလ္လင်နှင့်တံကဲရှိသည်။ ဆောင်မကြီးရှေ့သည် ညှော့်ပရိတ်သတ်များအတွက် နေရာဖြစ်ပြီး နောက်ခန်းတွင် သံဃာတော်များ သီတင်း သုံးလေ့ရှိသည်။ ဆောင်မကြီးပေါ်သို့တက်ရန် လှေကားလေးစင်းရှိပြီး အရှေ့ဘက် နှစ်စင်းမှ အမျိုးသားများတက်ကြဆင်းကြရပြီး အနောက်ဘက်လှေကားနှစ်စင်းသည် အမျိုးသမီးများအတွက်ဖြစ်သည်။ ဘောဂဆောင်သည် ဘုန်းတော်ကြီးကျောင်း၏ နောက်ဘက်အစွန်အဆောင်ဖြစ်ကာ အခန်းသုံးခန်းဖွဲ့ထားလေ့ရှိပြီး အလယ်ခန်းတွင် ကိုရင်များသီတင်းသုံး၍ ဘေးနှစ်ခန်းတွင် ပန်းကန်ခွက်ယောက်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများထားလေ့ရှိသည်။

ရွှေနန်းတော်ကျောင်းသည် မူလတည်ဆောက်ခဲ့စဉ်က ဘုန်းတော်ကြီးမဟုတ်သဖြင့် ပြာသာဒ်ဆောင်နှင့်ဘောဂဆောင် မပါရှိဘဲ နန်းဆောင်နှင့် စနုဆောင်တို့ကိုသာ ဆောက်လုပ်ထားသည်။ စနုဆောင်ကို ကျွန်းတိုင် ၂၄ တိုင်ဖြင့် အမိုးသုံးထပ်ဆောက်လုပ်ထားကာ မှတ်ကင်း၊ စုလစ်၊ စိန်တောင်များဖြင့် တန်ဆာဆင်ထားပြီး အလယ်တွင် နံရံတစ်ခုခြားထားသည်။ဆောင်မကြီး ဘေးနှစ်ဖက်တွင်ထုတ်ထားသည့် အမိုးသည် စမြင်ခံ အမိုးဖြစ်ပြီး စမြင်ကြမ်းကို ဆောင်မကြီးကြမ်းအောက်သို့ အနည်းငယ်နှိမ့်ထားသည်။

ရွှေနန်းတော်ကျောင်းကို ပန်းပုရုပ်များဖြင့် မွမ်းမံထားရာ အရှေ့ဘက်နံရံတွင် ၁၄၂ ရုပ်၊အနောက်ဘက်နံရံတွင် ၁၄၈ ရုပ်၊ တောင်ဘက်နံရံတွင်၂၅၃ ရုပ်နှင့် မြောက် ဘက်နံရံတွင်၂၄၇ ရုပ်ရှိသည်။ ထို့အပြင်မာရဘင်ပေါ်တွင် ၁၆၆ ရုပ်၊လည်ပေါ်တွင် ကဒေါင်းရုပ် ၄၇၃ ရုပ်၊ အတွင်းမျက်နှာကြက်၌ ၁၈၄ ရုပ်၊ ခါးပန်းတွင် ၁၂၉ ရုပ် နှင့် သရက်ကင်းလှေကား နှစ်ဖက်ပိတ်တံခါးတွင် ခုနစ်ရုပ်ရှိသဖြင့် ရွှေနန်းတော်ကျောင်း တစ်ခုလုံးတွင် ပန်းပုရုပ် ၁၇၄၉ ရုပ်ရှိသည်။

မြန်မာနိုင်ငံ၏ ကုန်းဘောင်ခေတ်နှောင်း သမိုင်းတစ်စိတ်တစ်ဒေသနှင့် ရတနာပုံ ခေတ် ဗိသုကာလက်ရာများကို ပြသနေသည့် သမိုင်းဝင်ရွှေကျောင်းတော်ကြီးသည် မြန်မာတို့၏ အနုပညာလက်ရာများကို မှတ်တမ်းပြုထားသည့် ပြတိုက်ကြီးတစ်ခုဖြစ်ပေသည်။ သက်တမ်းကြာရှည်လာပြီဖြစ်သည့် ရွှေနန်းတော်ကျောင်းကြီးအား ရေရှည်တည်တံ့စေရန် American Ambassador Fund ၏ ကူညီမှုဖြင့် ၂၀၁၄ ခုနှစ်မှစတင်၍ ကြံ့ခိုင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

၁၈၇၈ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် နန်းတက်ခဲ့သည့် သီပေါမင်းသည် ကုန်းဘောင်ဆက်၏ နောက်ဆုံးဘုရင်ဖြစ်သည်။ သီပေါမင်းသည် ခမည်းတော်မင်းတုန်းမင်း၏ ရွှေနန်းတော်ကို လက်ရှိတည်ရှိနေသည့် နေရာသို့ပြောင်းရွှေ့တည်ဆောက်ကာ ၁၈၈၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ရေစက်သွန်းချလှူဒါန်းခဲ့သဖြင့် ရွှေနန်းတော်ကျောင်းကြီးသည် မကြာမီရက်ပိုင်းအတွင်း နှစ်ပေါင်း ၁၃၃ နှစ် ပြည့်မြောက်တော့မည်ဖြစ်ပေသည်။

ရွှေနန်းတော်ကျောင်းသည် ပြည်တွင်းပြည်ပခရီးသည်များ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိနေပြီး ရိုးရာယဉ်ကျေးမှုအနုလက်ရာများ စုစည်းတည်ရှိနေသည့် ကျောင်းတော်ကြီးတစ်ခုဖြစ်သည်အားလျော်စွာ သစ်သားကျောင်းတော်ကြီး သက်တမ်းရှည်ကြာစွာ ဆက်လက်ရပ်တည်နေစေနိုင်ရန် အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်သာ ဖြစ်ပေသည်။

**ကိုးကား-အနှစ် ၁၀၀ ပြည့် မန္တလေး(ရွှေကိုင်းသား)**

**မြန်မာ့ရက်စွဲသမိုင်း၊ကုန်းဘောင်ဆက်(ဦးတိက္ခဓမ္မာလင်္ကာရ၊ ဒေါက်တာသန်းထွန်း)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)
# လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်၊ ရန်ကုန်)တွင် ခန့်ထားရန် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများခေါ်ယူပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | ပညာအရည်အချင်း/အသက်ကန့်သတ်ချက် |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၆ နေရာ (ကျား/မ) | တက္ကသိုလ်များမှ အောက်ဖော်ပြပါ ဘွဲ့တစ်ခုခုရရှိသူများ ဖြစ်ရပါမည်-<br>(၁) အင်ဂျင်နီယာဘွဲ့ (B.E)<br>(၂) ဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) B.A(English)<br>(၃) စီးပွားရေးပညာဘွဲ့များ B.Com, B.Econ(Eco), B.Econ (Stats)<br>(၄) သိပ္ပံဘွဲ့(ဓာတုဗေဒ၊ သင်္ချာဘွဲ့) B.Sc(Chem, Math) |
| (ခ) | မော်ကွန်းထိန်းလက်ထောက်-၂ (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၅ နေရာ (ကျား/မ) | တက္ကသိုလ်များမှ အောက်ဖော်ပြပါ ဘွဲ့တစ်ခုခုရရှိသူများ ဖြစ်ရပါမည်-<br>(၁) ဝိဇ္ဇာဘွဲ့ (သမိုင်း) B.A(History)<br>(၂) ဝိဇ္ဇာဘွဲ့ (ရှေးဟောင်းသုတေသနပညာ) B.A (Archaeology)<br>(၃) ဥပဒေပညာဘွဲ့ (LL.B) |
| (ဂ) | ကွန်ပျူတာစီစဉ်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁ နေရာ (ကျား/မ) | ကွန်ပျူတာသိပ္ပံဘွဲ့(B.C.S.C)ဘွဲ့ရရှိသူများဖြစ်ရပါမည်။ |
| (ဃ) | မော်ကွန်းထိန်းလက်ထောက်-၃ (၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀) | ၁၀ နေရာ (ကျား/မ) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူများ ဖြစ်ရပါမည်။ |
| (င) | အငယ်တန်းစာရေး (၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀) | ၃ နေရာ (ကျား/မ) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူများ ဖြစ်ရပါမည်။ |
| (စ) | ယာဉ်မောင်း(၅) (၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀) | ၃ နေရာ (ကျား) | အခြေခံပညာအလယ်တန်းအောင်မြင်ရမည်။<br>ယာဉ်မောင်းလိုင်စင်(ခ)ရရှိထားသူ ဖြစ်ရမည်။ |
| (ဆ) | လုပ်သား (ဥယျာဉ်) (၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) | ၃ နေရာ (ကျား) | အခြေခံပညာမူလတန်းအောင်မြင်ရမည်။ |
| (ဇ) | သန့်ရှင်းရေးအကူ (၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) | ၇ နေရာ (မ) | အခြေခံပညာမူလတန်းအောင်မြင်ရမည်။ |
| (ဈ) | အစောင့် (၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀) | ၄ နေရာ (ကျား) | အခြေခံပညာမူလတန်းအောင်မြင်ရမည်။ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) နေပြည်တော်(ရုံးချုပ်)၊ ရန်ကုန်(ရုံးခွဲ)တို့တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။
(ဂ) အမှတ်စဉ်(က)မှ (င)အထိ လျှောက်ထားသူများသည် ၁-၁၁-၂၀၁၆ ရက်တွင် အသက်(၃၀)ထက် မကြီးသူ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။
(ဃ) အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ အမှတ်စဉ်(က)မှ (င) ရာထူးနေရာများသို့ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတများကို ရေးဖြေရမည်ဖြစ်ပြီး အမှတ်စဉ်(စ)မှ (ဈ)အထိ လူတွေ့စစ်ဆေးခြင်းအား ဖြေကြားရမည်။

၄။ အမှတ်စဉ်(က)မှ (င)ရာထူးနေရာများသို့ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၅၀၀/-ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနအောက်ရှိ ငွေစာရင်းအမှတ် MD-၀၁၃၂၄၄သို့ ပေးသွင်းရမည်။ လျှောက်လွှာပုံစံများကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ) အမှတ် ၁၁၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တို့တွင် ၁-၁၁-၂၀၁၆ ရက်မှ ၁၁-၁၁-၂၀၁၆ ရက်အထိ ဝယ်ယူနိုင်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်၊ ရန်ကုန်)သို့ လူကိုယ်တိုင် (သို့မဟုတ်) ဖုန်း-၀၆၇-၄၁၈၃၇၉၊ ၀၆၇-၄၁၈၄၆၀၊ ၀၆၇-၄၁၈၃၈၆၊ ၀၁-၃၇၉၉၇၈ နှင့် ၀၁-၃၇၀၇၇၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်
ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၆၊ မီးရထား ဦးပိုင်အမှတ် (၁၅ᵔ)၊ ဧရိယာ ၀ဒသမ ၁၀၅ဧကရှိ ဦးမောင်လွင် (ဇနီး) ဒေါ်တင်ကြည် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်မြင့်မြင့်ခိုင် ၉/ပမန(နိုင်)၁၉၄၆၆၉ (ဘ)ဦးမောင်လွင်မှ ပျဉ်းမနားမြို့နယ်၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင် စွန့်လွှတ်စာချုပ်အမှတ် ၀၆၀/၂၀၁၆ မူရင်းများ တင်ပြ၍ ဘိုးဘပိုင် မြေကွက် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူ များအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံ စွာတင်ပြ၍ နေပြည်တော် စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကချင်ပြည်နယ်၏ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ရုံးသုံး၊ ကျောင်းသုံးပရိဘောဂများ ဝယ်ယူရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ လျှောက်လွှာကို ၂၅-၁၀-၂၀၁၆ရက်မှစတင်ပြီး ကချင်ပြည်နယ်၊ စိုက်ပျိုးရေး ဦးစီးဌာနရုံးတွင် တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ၁။ | စာကြည့်တိုက်နှင့် ဌာနသုံးရန်ဗီရို (၆×၃×၁.၅)ပေ | (၃၀) လုံး |
| ၂။ | စာကြည့်စားပွဲ (၄×၃×၂.၅)ပေ | (၃၀) လုံး |
| ၃။ | ပလတ်စတစ်ထိုင်ခုံ | (၂၀၀) လုံး |
| ၄။ | ခုတင်(၆.၅×၃×၂)ပေ | (၁၅၀) လုံး |
| ၅။ | စာရေးစားပွဲ (၃×၂×၂.၅)ပေ | (၁၅၀) လုံး |

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၂၅-၁၀-၂၀၁၆ ရက်မှ ၉-၁၁-၂၀၁၆ ရက်ထိ

၃။ **အိတ်ဖွင့်တင်ဒါတင်သွင်း ရမည့်နေရာ** - ကချင်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး

၄။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး ဖုန်း-၀၇၄-၂၂၃၁၂၊ ၀၇၄-၂၂၈၅၁၊ ၀၉-၄၇၀၀၈၃၇၈ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့ ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်း၊ ကားဂိတ်ခန်း အမှတ်(က-၇၂) ဆိုင်ခန်းအား နေပြည်တော်ပုဗ္ဗသီရိမြို့နယ်၊ အောင်စည်သာ ရပ်ကွက်၊ ခရေလမ်း၊ အမှတ်(၄၀၁၉)နေ ဒေါ်မို့မို့သန်း ၉/ကပတ(နိုင်)၀၂၇၄၇၃က အမည်ပေါက်ပိုင်ဆိုင်၍ ဥက္ကဋ္ဌ (ရွှေပြည်စံမော်တော်ယာဉ်အသင်း)၊ ဦးငွေခိုင်(ခ) ဦးကျော်မြတ်စိုး ၉/ပမန(နိုင်)၁၃၄၂၀၅ သူကြီးစု(၂)ရပ်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားနေသူကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး (ဥက္ကဋ္ဌ၊ရွှေပြည်စံမော်တော်ယာဉ်အသင်း)အမည်သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် အခွန်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **အခွန်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)
# ပခုက္ကူတက္ကသိုလ်
# (၁၄)ကြိမ်မြောက်
# ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ပခုက္ကူတက္ကသိုလ်က ကျင်းပခဲ့သော ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ မဟာသုတေသနဘွဲ့၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ မဟာသုတေသနဘွဲ့ စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ပခုက္ကူတက္ကသိုလ် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန်လျှောက်လွှာများ တင်သွင်းလျှောက်ထားနိုင်ပါသည်။

**တက်ရောက်ဘွဲ့ကြေး** ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
**အဝေးရောက်ဘွဲ့ကြေး** ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)
**လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်** - ၃၀-၁၁-၂၀၁၆ ရက်ထိ

**မှတ်ချက်**

၁။ သတ်မှတ်ဘွဲ့လျှောက်လွှာပုံစံများကို စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲမှ ရယူ၍ လွန်ခဲ့သော(၃)လအတွင်း ရိုက်ကူးထားသော (၂×၁$\frac{1}{2}$)ဓာတ်ပုံ (၃)ပုံနှင့်အတူ ပူးတွဲ၍ ပြည့်စုံစွာဖြည့်စွက်လျှောက်ထားကြရမည်။
၂။ သတ်မှတ်ဘွဲ့ကြေးများကို ပခုက္ကူတက္ကသိုလ် ငွေကိုင်ဌာနတွင်ပေးသွင်းရမည်။
၃။ ရပ်ဝေးမှ ဘွဲ့လျှောက်လွှာပို့သူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"**ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်မြင်သည့် ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြု ဘာသာ စသည်များကို တိကျစွာဖော်ပြ၍ ပါမောက္ခချုပ်၊ ပခုက္ကူ တက္ကသိုလ်သို့ လိပ်မူ၍ လျှောက်ထားရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်း မရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)
၄။ ဘူမိဗေဒအထူးပြုဘာသာရပ်ဖြင့် ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ဘွဲ့လျှောက်လွှာတင်သွင်းသည့်အချိန် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်းနှင့် မိတ္တူနှစ်မျိုးလုံးပါရှိရမည်ဖြစ်ပြီး ကျန်အထူးပြုဘာသာရပ်များမှ ဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူပါရှိမှသာလျှင် ဘွဲ့လျှောက်လွှာများကို လက်ခံဆောင်ရွက် ပေးမည် ဖြစ်ပါသည်။
၅။ ပခုက္ကူတက္ကသိုလ် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) **(၁၄) ကြိမ်မြောက်ဘွဲ့နှင်းသဘင်**
**၃၀-၁၂-၂၀၁၆ ရက် (သောကြာနေ့)**
**နံနက်ပိုင်းအစီအစဉ် နံနက် ၀၉:၀၀ နာရီ**
* **အစမ်းလေ့ကျင့်ရက်-၂၈-၁၂-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၉:၀၀ နာရီ**
၁။ မဟာသုတေသနဘွဲ့ (၂၀၁၄-၂၀၁၅) ပညာသင်နှစ် (မြန်မာစာ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒအထူးပြုများ)
၂။ မဟာ(ဝိဇ္ဇာ/သိပ္ပံ)(ဘွဲ့)(၂၀၀၈ တက္ကသိုလ်ဝင်တန်းအောင်) (အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ သတ္တဗေဒအထူးပြုများ)
၃။ ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့)(မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာအထူးပြုများ)
၄။ ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)(အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ သတ္တဗေဒ အထူးပြုများ)

(ခ) **(၁၄) ကြိမ်မြောက်ဘွဲ့နှင်းသဘင်**
**၃၀-၁၂-၂၀၁၆ ရက်(သောကြာနေ့)**
**မွန်းလွဲပိုင်းအစီအစဉ် မွန်းလွဲ ၂:၀၀ နာရီ**
* **အစမ်းလေ့ကျင့်ရက်-၂၈-၁၂-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၀၀နာရီ**
၁။ မဟာ(သိပ္ပံ)(ဘွဲ့)(၂၀၀၈-တက္ကသိုလ်ဝင်တန်းအောင်)(ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ၊ ဘူမိဗေဒအထူးပြုများ)
၂။ သိပ္ပံ(ဂုဏ်ထူးဘွဲ့)(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒအထူးပြုများ)
၃။ ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)(မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ရုက္ခဗေဒ အထူးပြုများ)

(ဂ) **(၁၄) ကြိမ်မြောက်ဘွဲ့နှင်းသဘင်**
**၃၁-၁၂-၂၀၁၆ ရက် (စနေနေ့)**
**နံနက်ပိုင်းအစီအစဉ် နံနက် ၀၉:၀၀ နာရီ**
* **အစမ်းလေ့ကျင့်ရက်- ၂၉-၁၂-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက် ၀၉:၀၀ နာရီ**
၁။ မဟာသုတေသနဘွဲ့(၂၀၁၅-၂၀၁၆)ပညာသင်နှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒအထူးပြုများ)
၂။ မဟာ(ဝိဇ္ဇာ)(ဘွဲ့) (၂၀၀၉-တက္ကသိုလ်ဝင်တန်းအောင်) (အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ အရှေ့တိုင်းပညာအထူးပြုများ)
၃။ သိပ္ပံ (ဂုဏ်ထူးဘွဲ့) (သင်္ချာအထူးပြု)
၄။ သိပ္ပံ(ဘွဲ့) (ဓာတုဗေဒ၊ သင်္ချာအထူးပြုများ)

(ဃ) **(၁၄) ကြိမ်မြောက်ဘွဲ့နှင်းသဘင်**
**၃၁-၁၂-၂၀၁၆ ရက် (စနေနေ့)**
**မွန်းလွဲပိုင်းအစီအစဉ် မွန်းလွဲ ၂:၀၀ နာရီ**
* **အစမ်းလေ့ကျင့်ရက်- ၂၉-၁၂-၂၀၁၆ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၀၀ နာရီ**
၁။ မဟာ(သိပ္ပံ)(ဘွဲ့)(၂၀၀၉ တက္ကသိုလ်ဝင်တန်းအောင်) (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ အထူးပြုများ)
၂။ သိပ္ပံ(ဘွဲ့) (ရူပဗေဒ၊ ဘူမိဗေဒအထူးပြုများ)

၆။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍တက်ရောက်ကြရမည်။ မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲအပါအဝင်) လုံးဝခွင့်ပြုမည်မဟုတ်ပါ။
၇။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
၈။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်နှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မတိုင်မီ သက်ဆိုင်ရာဘွဲ့အသီးသီးအတွက် ဘွဲ့လျှောက်ထားခြင်း မပြုရသေးသောသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။
၉။ အသေးစိတ်အချက်အလက်များကို ပခုက္ကူတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း-၀၆၂-၂၁၁၇၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပုံ-
**ညွှန့်ညွှန့်ဝင်း**
**မော်ကွန်းထိန်း**
**သင်တန်းရေးရာဌာန**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI) အတွက်
## သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ညောင်ရွှေသက်မွေးပညာ သင်တန်းကျောင်း (NVTI) တွင် ကာလတိုသက်မွေးပညာသင်တန်းများကို ၂၀၁၆ခုနှစ် နိုဝင်ဘာ ၇ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများနှင့် သင်တန်းကာလ**
(က) အခြေခံကွန်ပျူတာပညာရပ်နှင့် ရုံးသုံး စာစီစာရိုက်သင်တန်း [သင်တန်းကာလ (၁)လ]
(ခ) တစ်လုံးထိုးအင်ဂျင်ပြုပြင်ခြင်းသင်တန်း [သင်တန်းကာလ(၁)လ]
(ဂ) အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း [သင်တန်းကာလ (၁)လ]

၂။ လျှောက်ထားသူသည်-
(က) အခြေခံကွန်ပျူတာပညာရပ်နှင့် ရုံးသုံးစာစီစာရိုက်သင်တန်းအတွက် မည်သည့်နှစ်တွင်မဆို အခြေခံပညာအလယ်တန်း (အဋ္ဌမတန်း) အောင်မြင်သူဖြစ်ရမည်။ တစ်လုံးထိုးအင်ဂျင် ပြုပြင်ခြင်းသင်တန်း နှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းများအတွက် မည်သည့်နှစ်တွင်မဆို အခြေခံပညာမူလတန်း(စတုတ္ထတန်း) အောင်မြင်သူဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူ ဖြစ်ရမည်။

၃။ သင်တန်းတစ်ခုလျှင် သင်တန်းသား ၃၀ စီ လက်ခံသင်ကြားပေးမည်ဖြစ်သည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate) ရရှိမည်ဖြစ်ပါသည်။

၅။ ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)သို့ တက်ရောက်ခွင့်ရရှိသော သင်တန်းသားများအတွက် သင်တန်းတက်သည့်ကာလများအတွင်း သင်တန်းကြေးနှင့် စားစရိတ်မှာ အခမဲ့ဖြစ်ပြီး နေထိုင်ရန် အဆောင်စီစဉ်ပေးပါမည်။

**သင်တန်းဖွင့်လှစ်မည့်ရက်**
၂၀၁၆ခုနှစ် နိုဝင်ဘာ ၇ရက်

**သင်တန်းနေရာ**
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)၊
မိုင်းပေါက်လမ်း၊ မကျီးစင်ကျေးရွာအနီး၊ ညောင်ရွှေမြို့။

**ဆက်သွယ်စုံစမ်းရန် ဖုန်းနံပါတ်**
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၀၄၅၀၅
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)
ဖုန်း-၀၉-၄၅၆၁၂၉၉၇၈
(လျှောက်လွှာများကို ၄-၁၁-၂၀၁၆ရက်နောက်ဆုံးထား၍ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရယူလျှောက်ထားနိုင်ပါသည်။)

**ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်
# ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ် (ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ ဝါးခယ်မ၊ သရက်၊ ကျောက်ဆည်၊ ဟားခါး၊ ပူတာအို၊ ခန္တီး၊ သံတွဲ၊ ကန့်ဘလူ၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ၊ ရန်ကုန်၊ မန္တလေး၊ လပွတ္တာ) စုစုပေါင်း (၂၀)ကျောင်းတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ရမည်။
(ဂ) အလုပ်ရုံတွင် သင်ထောက်ကူစက်ပစ္စည်းအသုံးပြုသင်ကြား လေ့ကျင့်ရန်လိုအပ်သဖြင့် ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူ ဖြစ်ရမည်။
(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူဖြစ်ရမည်။
(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ။
(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ။
(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ။
(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ။
(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ။
(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာစုစုပေါင်း ရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၄။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) မြို့ပြအင်ဂျင်နီယာ(အပိုဒ် ၁ ပါ ကျောင်းပေါင်း ၂၀)
(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ (အပိုဒ် ၁ပါ ကျောင်းပေါင်း ၂၀)
(ဂ) လျှပ်စစ်စွမ်းအားဂျင်နီယာ (အပိုဒ် ၁ ပါ ကျောင်းပေါင်း ၂၀)
(ဃ) စက်မှုအင်ဂျင်နီယာ (အပိုဒ် ၁ ပါ ကျောင်းပေါင်း ၂၀)
(င) သုတနည်းပညာ[အစိုးရနည်းပညာကောလိပ်(ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း)] နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)

၅။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာ အောင်လက်မှတ် ပေးအပ်မည်ဖြစ်သည်။

၆။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့လျှောက်ထားလိုသည့် အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၂၀-၁၀-၂၀၁၆ရက်မှစတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၁၀-၁၁-၂၀၁၆ရက်နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့် ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။

၇။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု ထောက်ခံစာမူရင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှထောက်ခံစာမူရင်းနှင့် မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း။
(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့်အမှတ်စာရင်း (မူရင်းနှင့်မိတ္တူ)။
(ဃ) ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ် (၁)ပါ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

# ကျိုးပေါင်းရောဂါဖြစ်နေရင် ......

"အေးသစ္စာ" ဆေးခန်းကို သတိရပါ။

ဓာတ်အပ်မထိုး၊ မနင်းမနှိပ်၊ မနာမကျင် တိုင်းရင်းဆေးစစ်စစ်ဖြင့် ကုသည်။

၁။ သာကေတ ကမ္ဘောဇဘဏ်အပေါ်ထပ်၊မြရတနာဈေးရှင်ရုံအနီး၊ရန်ကုန်။

၂။ အမှတ်(၁၃၀၂)၊ရွှေခင်းသာလမ်း၊(၆)ရပ်ကွက်၊ကြယ်ငါးပွင့် ဆိပ်ကမ်းအနီး၊ သာကေတမြို့နယ်၊ရန်ကုန်။ Ph: 09-798118528, 09-73015215

၃။ အမှတ်(၂၄)၊ ရှင်စောပုလမ်းမကြီး၊အ.မ.က(၇)ကျောင်းအနီး၊ အောင်မင်္ဂလာရပ်ကွက်၊ဒလမြို့နယ်။ Ph: 09-25165569

၄။ အမှတ်(၈)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊တာမွေအဝိုင်းထိပ်အနီး၊ တာမွေမြို့နယ်၊ရန်ကုန်။ Ph: 09-796415108


## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း

## ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၇၂၃ နှင့်ဆက်နွှယ်သည့်

၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၁၁၄ ။

ဒေါ်ပွင့်မာ နှင့် ၁။ ဖြိုးမြင့်မိုးမော်တော်ကားရောင်းဝယ်ရေး(Co.,Ltd.)

၂။ ဦးထွန်းသူရိန်လှ

တရားနိုင် တရားရှုံးများ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြင်သော်တာအိမ်ရာ(၂/မြောက်ရပ်ကွက်)၊ တိုက်အမှတ် ၃၊ အခန်းအမှတ် ၀၀၂နေ (ယခုနေရပ်လိပ်စာမသိ)သူ တရားရှုံး ဖြိုးမြင့်မိုးမော်တော်ကားရောင်းဝယ်ရေး Co.,Ltd. သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၇၂၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် နိုဝင်ဘာ ၁၈ ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လဲ့လဲ့ဝင်း)

ဒုတိယခရိုင်တရားသူကြီး(၂)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း

## ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၇၂၄ နှင့်ဆက်နွှယ်သည့်

၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၁၁၅ ။

ဒေါ်ပွင့်မာ နှင့် ၁။ ဖြိုးမြင့်မိုးမော်တော်ကားရောင်းဝယ်ရေး(Co.,Ltd.)

၂။ ဦးထွန်းသူရိန်လှ

တရားနိုင် တရားရှုံးများ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြင်သော်တာအိမ်ရာ(၂/မြောက်ရပ်ကွက်)၊ တိုက်အမှတ် ၃၊ အခန်းအမှတ် ၀၀၂နေ (ယခုနေရပ်လိပ်စာမသိ)သူ တရားရှုံး ဖြိုးမြင့်မိုးမော်တော်ကားရောင်းဝယ်ရေး Co.,Ltd. သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၇၂၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် နိုဝင်ဘာ ၁၈ ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လဲ့လဲ့ဝင်း)

ဒုတိယခရိုင်တရားသူကြီး(၂)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း

## ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၂၃ နှင့်ဆက်နွှယ်သည့်

၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၁၃၃

ဒေါ်မီမီစိုး နှင့် ၁။ ဦးဝင်းလီ

၂။ စိန်ဖရစ်စစ်ကေးဗီးယားဘုရားသာရ်များအသင်းတော် (၎င်းအသင်းတော်ဂိုဏ်းအုပ်ဦးဒင်နီရယ်(ခ) ဦးထွန်းအောင်)

ဒီကရီအနိုင်ရသူ တရားရှုံးများ

အမှတ် (၃၉၈)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၁) တရားရှုံးဦးဝင်းလီ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၅၂၃ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မီမီစိုးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၉ရက် (၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးကိုကို)

ဒုတိယခရိုင်တရားသူကြီး(၁)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

## Billion Power Services Co.,Ldt မှ ကားဝယ်ယူထားသူများ သိရှိနိုင်ရန် အကြောင်းကြားခြင်း

| | | | |
|---|---|---|---|
| 1999-Mark II–MCV21W-0063962 | 2000-Lancer–CS5W-0001934 | 1998-Ipsum – SXM10G-0146909 | 1998-Estima–TCR20W-1100955 |
| 1997-BMW–CG19-583313 | 1999-Nadia – SXN10-0035324 | 1999- Grandis- N84W-0107396 | 2000-Odyssey – RA6-1028593 |
| 1999-Ipsum – SXM10G-7111033 | 2001-Odyssey – RA6-1121056 | 2000-Odyssey – RA6-1082003 | 2001-Lancer – CS5W-03023232 |
| 2001 - Odyssey - RA6 - 1113403 | 2003 - Dion – CR6W - 0103896 | 2001 - MPV – LW5W - 223493 | 2001 – MPV – 160201 |
| 2000-MPV – LWEW - 105379 | 2001-Dion – CR6W - 0005166 | 2001-Stream – RN1 – 1127979 | 2000-Camary–SXV20W-0387025 |
| 2002-Odyssey – RA6 -1225983 | 2001-Liberty – RM12 -000859 | 1999-Ipsum–SXm10G -0158825 | 2000-BMW-WBAAM52-030FK89033 |
| 1999-Mercedes Benz-WDB168033-2J-294818 | 1998- BMW -WBADD42-060BV14057 | 2000-Mercedes Benz - WDB168032-2J382275 | 2000 - Odyssey - RA6-1058433 |
| | Mercedes Benz A Class - WDB202026 - 851467 | | |
| 1998-Grandis – N84W-0053344 | | 2003 – Raum - NCZ20-0003233 | 2001 – Opa - ZCT10 - 0023613 |
| 2003 – Opa - ZCT10 - 0042016 | 1996-Ipsum-SXM10G-0045844 | 1999-Odyssey-RA3-1110286 | 2001-Cedric-MY34-713288 |
| | | 2000-Crown Majesta-UZS171-0006766 | |
| 1997-Mark II-JZX100-0050729 | 1999-Grandis-N84W-0109932 | | |

အထက်ပါကားပိုင်ရှင်များသည် ( က.ည.န )လိုင်စင်ဝင်ရန် ကျန်ရှိနေပါသဖြင့် (၃၀.၁၀.၂၀၁၆)နေ့အထိ နောက်ဆုံးထား၍(က.ည.န) လိုင်စင်ဝင် နိုင်ရန် ကုမ္ပဏီသို့အမြန်ဆုံး ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ဆက်သွယ်လာခြင်းမရှိသော ယာဉ်ပိုင်ရှင်များအနေဖြင့် နောင်တွင်ဖြစ်ပေါ်လာသော မည်သည့်ကိစ္စမျိုးကိုမဆို မိမိ၏တာဝန်သာဖြစ်ကြောင်းနှင့် ကုမ္ပဏီနှင့်(လုံးဝ)လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း လေးစားစွာဖြင့် အကြောင်းကြားအသိပေးအပ်ပါသည်။ဆက်သွယ်ရန်လိပ်စာ-အမှတ်(၅၁)၊ပြည်လမ်း(၉)မိုင်၊မရမ်းကုန်း။၀၉-၄၃၁၃၅၈၈၈၊၄၃၁၄၄၈၈၈၊၄၃၁၆၆၈၈၈။

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/8078၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊

ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် S/6757 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တောင်ကြီး

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃ဂ/၅၁၅၈၊ Nissan Diesel ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းမင်းမင်းဦး ၁၃/တကန(နိုင်)၁၂၄၁၅၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ (တောင်ကြီးမြို့)

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၄ယ/၄၉၇၇၅ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းစိန်ပွင့် ၁၃/နစန(နိုင်)၀၂၄၅၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(လှိုင်လင်မြို့)

## အရွယ်မရောက်သေးသူများဖြစ်ကြသော မဖူးမြတ်သန့်ဇင်၊ မအလင်္ကာသန့်ဇင်တို့၏ အမည်ပေါက်ပစ္စည်းအား ရောင်းချခွင့်အတွက် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေပုဒ်မ(၂၉)အရ ရောင်းချခွင့်ပြုပါရန်

## လျှောက်ထားကြောင်းအကြောင်းကြားစာ

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၆ခုနှစ် တရားမအထွေထွေမှုအမှတ် (၄)

ဒေါ်နှင်းလဲ့ရည် လျှောက်ထားသူ

အမှတ်(၆)၊ နှင်းဆီလမ်း၊

တော့စတားဥယျာဉ်အိမ်ရာဝင်း

သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အရွယ်မရောက်သေးသူများဖြစ်သော မဖူးမြတ်သန့်ဇင်၊ မအလင်္ကာသန့်ဇင်တို့၏ပစ္စည်းနှင့်ပတ်သက်သော အမှုအရေးအတွက် သက်ဆိုင်သူများ သိစေလိုက်သည်။

အထက်အမည်ပါ လျှောက်ထားသူက အရွယ်မရောက်သေးသူများဖြစ်သော မဖူးမြတ်သန့်ဇင်၊ မအလင်္ကာသန့်ဇင်တို့၏ ကိုယ်နှင့်ပစ္စည်းအုပ်ထိန်းခွင့်လျှောက်ထားခဲ့ရာ ၂၄-၄-၂၀၁၆ရက်က အုပ်ထိန်းခွင့်သက်သေခံလက်မှတ်စာ ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် လျှောက်ထားသူမှ အရွယ်မရောက်သေးသူများဖြစ်သော မဖူးမြတ်သန့်ဇင်၊ မအလင်္ကာသန့်ဇင်တို့ပိုင် "ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်-သုမင်္ဂလာအိမ်ရာ၊ အပိုင်း(၃)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄+၂၆)၊ မြေကွက်အမှတ် (၂၃၃)၊ အကျယ်အဝန်း (အလျား၆၀'၆"×အနံ ၇၉'၆"/၇၈'၆"၊ ဧရိယာ၄၇၇၉ ဒသမ ၅စတုရန်းပေရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ တော့(ပ်)စတားဥယျာဉ်အိမ်ရာဝင်း၊ နှင်းဆီလမ်း၊ အမှတ်(၆) ဟုခေါ်တွင်သော အဆောက်အအုံ" ရောင်းချခွင့်အတွက် အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေပုဒ်မ(၂၉)အရ ရောင်းချခွင့်ပြုပါရန် လျှောက်ထားလာရာ ၎င်းလျှောက်ထားချက်ကို ၂၀၁၆ခုနှစ် နိုဝင်ဘာ ၇ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်) နံနက် ၁၀နာရီတွင် ကြားနာ စစ်ဆေးရန် ချိန်းဆိုထားကြောင်းနှင့် အရွယ်မရောက်သေးသူများဖြစ်သော မဖူးမြတ်သန့်ဇင်၊ မအလင်္ကာသန့်ဇင်တို့၏ ပစ္စည်းအရေးကိစ္စတွင် ပတ်သက်သူမည်သူမဆို အထက်ဖော်ပြပါ ရုံးချိန်းရက်၌ ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြား သိစေအပ်ပါသည်။

၂၀၁၆ခုနှစ် အောက်တိုဘာ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွန်းထွန်းဦး)

တွဲဖက်ခရိုင်တရားသူကြီး (၄)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ နမ့်တောစ်ပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူများ၏ ဖခင်အမည်မှန်များစာရင်း

| စဉ် | ကျောင်းဝင်နံပါတ် | အမည် | ဖခင်အမည်မှား (ကျောင်းဝင်မှတ်ပုံတင်စာရင်း) | ဖခင်အမည်မှန် (နိုင်ငံသားစိစစ်ရေးကတ်ပြား) | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ၈၇၄၈ | မဖြူဖြူဝင်း | ဦးအိုက်လွင် | ဦးသန်းလွင် | ဒသမတန်း-A |
| ၂။ | ၆၉၆၀ | မထက်ထက်ဝင်း | ဦးမျိုးဝင်း | ဦးမြင့်ဝင်း | ဒသမတန်း-A |
| ၃။ | ၆၉၉၂ | မနန်းကြည် | ဦးမြင့်ရွှေ | ဦးညွန့်ရွှေ | ဒသမတန်း-B |
| ၄။ | ၆၉၆၄ | မကြည်ကြည်ဝင်း | ဦးအိုက်ပွဲ | ဦးအဲပွဲ | ဒသမတန်း-B |
| ၅။ | ၁၀၉၄၂ | မောင်အောင်ခင်း | ဦးဇော်ဂျီ | ဦးဇော်ကြည် | ဒသမတန်း-B |
| ၆။ | ၁၀၃၃၂ | မောင်ကောင်းထက်လွင် | ဦးဆန်းလွင် | ဦးဆန်းလွင်ခိုင် | ဒသမတန်း-B |
| ၇။ | ၆၉၆၅ | မယဉ်ယဉ်ငွေး | ဦးဇော်မင်း | ဦးဇော်လင်း | ဒသမတန်း-C |
| ၈။ | ၁၀၄၃၃ | မစန္ဒာလင်း | ဦးမောင်ငယ် | ဦးအောင်ကျော်အေး | ဒသမတန်း-C |
| ၉။ | ၁၀၃၂၆ | မောင်စိုင်းခန့်ချော | ဦးထက်ခိုင် | ဦးလှခိုင် | ဒသမတန်း-C |
| ၁၀။ | ၆၉၇၀ | မသီတာနွယ် | ဦးမောင်စိုး | ဦးစိုးလွင် | ဒသမတန်း-D |
| ၁၁။ | ၇၀၁၄ | မစုစုအောင် | ဦးမျိုးဇော် | ဦးမြို့ဆောင် | ဒသမတန်း-D |
| ၁၂။ | ၆၈၆၀ | မအိသန္တာထွန်း | ဦးဖိုးမောင် | ဦးဖုန်းမောင် | ဒသမတန်း-D |
| ၁၃။ | ၆၀၆၇ | မပိုးအိစံ | ဦးဇော်လေး | ဦးမော်ငွေး | ဒသမတန်း-D |
| ၁၄။ | ၁၀၃၈၈ | မငြိမ်းငြိမ်းအိ | ဦးခင်ညွန့် | ဦးသောင်းခင် | ဒသမတန်း-A |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၉၀

| | | | |
|---|---|---|---|
| ၁။ ဒေါ်ချို | ၁၂။ ဒေါ်မြင့်သိန်း | နှင့် | ၁။ ဦးဘာဘူ |
| ၂။ ဒေါ်ပုစိန် | ၁၃။ ဦးလှရွှေ | | ၂။ ဒေါ်သိန်း |
| ၃။ ဒေါ်စန်းစန်းရီ | ၁၄။ ဒေါ်ခင်စိန် | | ၃။ ဒေါ်တင်တင်လှ |
| ၄။ ဦးအောင်ထွန်းမြိုင် | ၁၅။ ဒေါ်သိန်းသိန်းဦး | | ၄။ ဒေါ်တင်တင်အေး |
| ၅။ ဒေါ်ပြုံးပြုံးရီ | ၁၆။ ဦးသိန်းနိုင် | | ၅။ ဒေါ်တင်တင်ရီ |
| ၆။ ဒေါ်ငွေးငွေးရီ | ၁၇။ ဒေါ်သန်းသန်းဦး | | ၆။ ဒေါ်စမ်းစမ်း |
| ၇။ ဒေါ်တင်တင်ရီ | ၁၈။ ဒေါ်စန်းစန်းထွေး | | ၇။ ဦးဇော်ဝင်း |
| ၈။ ကိုအောင်စည်ဟိန်း | ၁၉။ ဒေါ်မြမြအေး | | ၈။ ဒေါ်တင်တင်ညို |
| ၉။ ဒေါ်အေးအေးရီ | ၂၀။ ဒေါ်အေးအေး | | ၉။ ဒေါ်သန်းသန်းအေး |
| ၁၀။ ဒေါ်ဝင်းဝင်းရီ | ၂၁။ ဦးသန်းအောင်(ခ)အီစမိုင် | | ၁၀။ ဒေါ်ခင်မြမြ |
| ၁၁။ ဦးဇော်ဟိန်း | ၂၂။ ဒေါ်သန်းသန်းအေး(ခ)ဒေါ်ဂိုရီမာ | | ၁၁။ ဒေါ်ခင်မိုးမိုး |

တရားလိုများ တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရွှေခင်းသာလမ်း၊ (၉)ရပ်ကွက်၊ အမှတ် ၅၉တွင်နေထိုင်သူ (၁)ဦးဘာဘူ၊ (၂)ဒေါ်သိန်း၊ (၃)ဒေါ်တင်တင်လှ(ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် နိုဝင်ဘာ ၁ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူများ တရားလိုများစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် အောက်တိုဘာ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ဆွေဦး)

ဒုတိယခရိုင်တရားသူကြီး(၁၄)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ရွှေမ
**အသက်(၈၇)နှစ်**

ဦးစိုးသန်း(ညွှန်ကြားရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး)-ဒေါ်စန်းစန်းဝေတို့၏မိခင်ကြီး ဒေါ်ရွှေမသည် ၂၂-၁၀-၂၀၁၆ရက်(စနေနေ့) နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်သက်ရှည်-ဒေါ်ခင်လေးမြင့်**
**ခရိုင်ဦးစီးမှူး**
**ဟသ်ာတခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ဟသ်ာတမြို့**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ရွှေမ
**အသက်(၈၇)နှစ်**

ဦးစိုးသန်း(ညွှန်ကြားရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး)-ဒေါ်စန်းစန်းဝေတို့၏မိခင်ကြီး ဒေါ်ရွှေမသည် ၂၂-၁၀-၂၀၁၆ရက် (စနေနေ့) နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဟသ်ာတခရိုင်နှင့်မြို့နယ်**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ဝန်ထမ်းမိသားစုများ**

**ဝမ်းနည်းကြေကွဲခြင်း**
## ဆရာဦးလှကြည် (ဒိုက်ဦးမြို့)
**အသက်(၈၁)နှစ်**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းအုပ်ကြီး ဦးစိုးအောင် ညွှန်ကြားရေးမှူး(အတွင်းရေးမှူး၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်)၏ ချစ်လှစွာသောဖခင်ကြီး ဆရာဦးလှကြည် အသက်(၈၁)နှစ်သည် ၂၁-၁၀-၂၀၁၆ရက် (သောကြာနေ့) နံနက် ၃း၄၅နာရီတွင် ပဲခူးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကျောင်းအုပ်ကြီးနှင့်အရာထမ်း၊ အမှုထမ်းများ**
**အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)**

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးတင့်လွင်
**အသက်(၇၅)နှစ်**

သူငယ်ချင်း ဦးရဲမွန် (စတာသ ၄၂)၊ စက်ရုံမှူး၊ ကျားခေါင်း ဘိလပ်မြေစက်ရုံ၏ဖခင်ဖြစ်သူ ဦးတင့်လွင်သည် ၂၁-၁၀-၂၀၁၆ ရက် ည ၇း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တွေတက္ကသိုလ်အမှတ်စဉ်(၄၂)မှ သူငယ်ချင်းများ**

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးအောင်ရွှေ
**အသက်(၇၂)နှစ်**

ဦးသက်အောင်(ဒုတိယညွှန်ကြားရေးမှူး၊ အတွင်းရေးမှူး၊မြောင်းမြမြို့နယ်စည်ပင်သာယာရေးကော်မတီ) - ဒေါ်သက်သက်မွန်တို့၏ဖခင် ဦးအောင်ရွှေသည် ၂၁-၁၀-၂၀၁၆ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြောင်းမြမြို့နယ်စည်ပင်သာယာရေးကော်မတီ**

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးအောင်ရွှေ
**အသက်(၇၂)နှစ်**

ဦးသက်အောင် (ဒုတိယညွှန်ကြားရေးမှူး၊ အမှုဆောင်အရာရှိ၊ မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့)-ဒေါ်သက်သက်မွန်တို့၏ဖခင် ဦးအောင်ရွှေသည် ၂၁-၁၀-၂၀၁၆ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ**

**ရဟန်းဒါယိကာမကြီး**
## ဒေါ်ဝါဝါနိုင် (လင်း-ကဖီး)
**အသက်(၆၀)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဝိသာခါလမ်း၊ အမှတ် ၁၉၈နေ (ဦးတင်မောင်-ဒေါ်မြသွင်)တို့၏သမီး၊ မြို့သစ် က/၃ လမ်းနေ (ဦးမောင်လှိုင်-ဒေါ်ကျင်မြင့်)တို့၏သမီးချွေးမ၊ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်နေ ဒေါက်တာဦးလင်းကျော်သူထွန်း-ဒေါ်အေးအေးမော်တို့၏မိခင်၊မြေးနှစ်ယောက်တို့၏အဘွား၊ ဒေါက်တာဦးထွန်းလွင်(လင်းဆေးကုခန်း)၏ချစ်လှစွာသောဇနီးသည် ၂၃-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့)ည ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

## ဒေါက်တာဦးအောင်ထွန်း
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းရပ်ကွက်၊သာယာအေး(၁)လမ်း၊ အမှတ် ၁၃၆၆နေ (ဦးထွန်းဝေ-ဒေါ်တင်တင်ငွေ)တို့၏သား၊ ဒေါ်ခင်သစ်ဆွေ၏ခင်ပွန်း၊ (ဒေါ်တင်မေထွန်း)၏မောင်၊ ဦးသောင်းထွန်း၊ ဦးဝင်းထွန်း၊ ဒေါ်အေးအေးထွန်းတို့၏အစ်ကို၊ဦးပြည့်ဖြိုးအောင်၊ဒေါက်တာပြည့်စုံ-ဒေါက်တာမြသီတာစိန်ဝင်း၊ ဒေါ်ထက်ထက်အောင်တို့၏ဖခင်သည် ၂၄-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၁၀-၂၀၁၆ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်ဒါယိကာမ၊ သာသနာ့မိခင်ကြီး**
## သုဓမ္မသိင်္ဂီ ဒေါ်ကျင်မြိုင် (မြောင်းမြ)
**အသက်(၉၀)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း(အောက်လမ်း)၊ အမှတ် ၁၃၈နေ(ဦးရွှေရွဲ-ဒေါ်မယ်စိန်)တို့၏သမီး၊ ရတနာကုန်သည်(ဦးကျော်မြ)၏ဇနီး၊ ဦးရွှေ-ဒေါ်တင်မြင့်(သိင်္ဂီရွှေဆိုင်)၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်(ခ)မောင်ရင့်ကျူး(မြောင်းမြ)၊ သုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်စိန် (စိန်ရတနာ ကျောက်မျက်ရတနာရောင်းဝယ်ရေး)၊ ဦးကျော်ခင်သိန်း-သုဓမ္မသိင်္ဂီ ဒေါ်ရီရီငွေ(ကျော် ရေခဲစက်နှင့်ဆန်စက်)၊ ဦးကျော်ခင်ငြိမ်း-ဒေါ်ခင်စန်းဝေ(ရွှေစင်ရတနာဆိုင်)၊ ဦးကျော်ခင်လတ်-ဒေါ်မိုမိုဆွေ(မြောင်းမြရွှေဆိုင်)တို့၏မိခင်၊ ဒေါ်တင်အေးအေး(အထက-၁၊မြောင်းမြ၊ငြိမ်း)၊ ဒေါက်တာဒေါ်တင်ညို၊ သုဓမ္မသိင်္ဂီဒေါ်ပြုံးကြည်တို့၏အဒေါ်၊ မြေး ၁၄ယောက်၊ မြစ် ငါးယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)ည ၁၀း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၆ရက်(စနေနေ့) နံနက် ၆နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
## သုဓမ္မသိင်္ဂီ ဒေါ်ကျင်မြိုင်
**အသက်(၉၀)**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း၊ ဒုတိယဥက္ကဋ္ဌ၊ (မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ) ဦးကျော်ခင်မြင့်၏မိခင်ဖြစ်သူ သုဓမ္မသိင်္ဂီ ဒေါ်ကျင်မြိုင် အသက်(၉၀)သည် ၂၃-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ(အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ ဝဏ္ဏကျော်ထင်)**
**ဒေါက်တာခင်ရွှေနှင့်ဗဟိုကော်မတီဝင်များ**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း**

**ရဟန်းဒါယိကာမကြီး**
## ဒေါ်တင်စိန် အသက်(၈၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကပင်ကျေးရွာနေ (ဦးမောင်မြင့်-ဒေါ်ပု)တို့၏သမီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ အမှတ် ၁၈နေ (ဦးဖေသောင်း-ဒေါ်မြရင်)တို့၏ချွေးမ၊ ဦးငွေး၏ချစ်လှစွာသောဇနီး၊ ပဲခူးမြို့၊ ပန်းခြံကုန်းရပ်ကွက်နေ ဦးသိန်းငွေ-ဒေါ်လှနွဲ့၊ ဦးငွေးဝင်း-ဒေါ်ခင်မာကြည်၊ ကိုဝင်းနိုင်-မခင်ဥမ္မာအေး၊ ကိုပြေငြိမ်း-မထွေးနွဲ့နွဲ့စိုး၊ မမြနှင်းရီ၊ မတင်မိုးထွေးတို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၃-၁၀-၂၀၁၆ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၁၁း၃၀နာရီတွင် ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၁)၊ အမှတ် ၆/၁၀၃(က/ခ) ဦးငွေး နေအိမ်မှ ဆင်ဖြူကျွန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၆ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ဝင်းကြည် အသက်(၈၁)နှစ်
**(မြန်မာ့ဆက်သွယ်ရေး၊ ငြိမ်း)**
**မြဝတီစံစာပေ၊ ကလေးမြို့**

ကလေးမြို့နေ(ဦးစိန်ဒိုင်-ဒေါ်စိန်တုတ်)တို့၏သမီး၊ (ဦးစံညို-ဒေါ်ခင်ညွန့်)တို့၏သမီးချွေးမ၊ ဦးသန်းဆွေ(ယခင် UBA, BAC, MA လေယာဉ်ကိုယ်စားလှယ်ရုံး)၏ဇနီး၊ ဦးမြင့်နိုင်(သမ္မတရုံး)-ဒေါ်ဝေဝေလွင်(အထက-၁၄၊ နေပြည်တော်)၊ ဦးမြင့်လှိုင်-ဒေါ်သန်းသန်းအေး၊ ဒေါ်အေးအေးသန်း၊ ဒေါ်ချိုချိုသန်း (မြဝတီစံ စာပေ)တို့၏မိခင်၊ မခင်စုစုလှိုင်၊ မောင်ဇေယျာလွင်မြင့် (MRTV)၊ မခင်ယမင်းနိုင်(နေပြည်တော်စည်ပင်)တို့၏အဘွားသည် ၂၁-၁၀-၂၀၁၆ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ကံပုလဲသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၆ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး**
## မအိသီတာထွန်း(ခ) ဘုတ်ဘုတ် (မိုးကုတ်မြို့)
**အသက်(၄၅)နှစ်**

မိုးကုတ်မြို့၊ ရှမ်းစုရပ်နှင့် ရန်ကုန်မြို့၊ အမှတ် ၂၇၈၊ ဦးဝိစာရလမ်း၊ ကမာရွတ်မြို့နယ်နေ (ဦးအောင်ကျော်)-ဒေါ်ကြည်ကြည်သန်းတို့၏ ချစ်လှစွာသောသမီး၊ ဒေါ်သိင်္ဂီထွန်း(မီမီ)၊ (ဦးချိုချိုနိုင်) - ဒေါ်မိုးမိုး၊ ဦးသန်းနောင်(ကိုပေါက်)တို့၏ညီမ၊ ကိုအာကာမင်း-မပွင့်ဖြိုးအောင်၊ ဖြိုးထက်မင်း-မမြတ်မြတ်သူ၊ ကိုသက်ထွန်းဦး-မနော်ဇွန်ရင်ဝေမြတ်တို့၏အဒေါ်၊ မရွှန်းလဲ့ဝေဦး၊ မောင်ဇေယျာမင်းတို့၏ ဘွားဘွားလေးသည် ၂၄-၁၀-၂၀၁၆ရက်မြန်မာစံတော်ချိန် နံနက် ၅း၃၀နာရီတွင် စင်္ကာပူနိုင်ငံ Mt.E Hospital ၌ ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းလွဲ ၁၂း၃၀နာရီအထိ အထက်ပါ ကမာရွတ်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှသန်း
**လယ်ပြ(ငြိမ်း)**
**အထက(၄)မြောက်ဥက္ကလာပ**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးမင်းလမ်း၊ အမှတ် ၁၁၂၇နေ (ဦးဖေဆိုင်-ဒေါ်မြစိန်)တို့၏သမီး၊ (ဦးသန်းမြင့်)-ဒေါ်လှဝင်းတို့၏ညီမ၊ ဒေါ်ခင်မကြီး၊ ဦးအောင်မောင်းတို့၏အစ်မ၊ ဦးမင်းသိန်းထွဋ်-ဒေါ်အေးအေးမော်၊ ဦးဇော်မင်း-ဒေါ်နီလာထွန်း၊ ဦးစိုးမင်းထွဋ်-ဒေါ်မိုးမိုးဝင်းတို့၏မိခင်၊ မဆုရတနာလှိုင်၏အဘွား၊ ဦးဝင်းတင်၏ ချစ်လှစွာသောဇနီးသည် ၂၃-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့) ည ၇း၅၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၆ရက်(အင်္ဂါနေ့)ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၁၀-၂၀၁၆ရက် (စနေနေ့) နံနက်တွင် အထက်ပါ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်ညွန့်
**တပ်မတော်မှတ်တမ်းရုံး**
**(စစ်မှုထမ်း၊ ငြိမ်း)**
**အသက်(၇၅)နှစ်**

ပြည်မြို့၊ ပန်းတည်းတန်းလမ်းနေ (ဦးကျော့မောင် - ဒေါ်ပု)တို့၏သား၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ အမှတ် ၆၇နေ (ဦးမောင်ရှင်း-ဒေါ်နှင်းစိန်)တို့၏ သားသမက်၊ (ဒေါ်ခင်စန်းမြင့်)၏ခင်ပွန်း၊ ဗိုလ်ကြီးဝင်းရှိန် - ဒေါ်ဝေဝေနှင်း၊ ဦးကျော်သူ-ဒေါ်ဆွေဆွေနှင်းတို့၏ဖခင်၊ မဇင်ဝေဝေရှိန်၊ မောင်အောင်ပြည့်ဖြိုးဝေ၊ မအိကေခိုင်မွန်တို့၏အဘိုးသည် ၂၃-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး**
## ဦးမောင်သန်း (ခတ္တိယ)
**ဆည်မြောင်းဦးစီးဌာန(ငြိမ်း)**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တွံတေးမြို့နယ်၊ ခတ္တိယ ကျေးရွာနေ (ဦးဘသော်-ဒေါ်စိန်မြိုင်)တို့၏သား၊ ကျုံမငေးမြို့နေ (ဦးကျော်ရင်-ဒေါ်အေးကြည်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သန္တာ ၁၁လမ်း၊ ဂ/၁၈၁နေ (ဒေါ်အေးသိန်း)၏ခင်ပွန်း၊ ဒေါ်နွယ်နွယ်ဦး၊ ဦးအောင်ကျော်သူ - ဒေါ်တင်မိုးခိုင်၊ ဦးမြင့်လွင်သူ-ဒေါ်အေးမိစံ၊ (ဦးဇေယျာသူ)၊ ဦးမင်းကျော်သူ-ဒေါ်သင်းသင်းခိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၃-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့)ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စောစောသန်း(မုတ္တမမြို့)
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ ၁၆၄လမ်း၊ အမှတ် ၆၃ (ခြောက်လွှာ-B)နေ (ဦးတင်ရွှေ)-ဒေါ်ဖွားရီတို့၏သမီး၊ (ဦးပွ-ဒေါ်စိန်ကြည်)၏ချွေးမ၊ ဦးကြည်ဝင်း၏ဇနီး၊ ကိုအောင်ကျော်မျိုး-မမြမဉ္ဇူဝင်း၊ မောင်နိုင်ဝင်း၊မောင်ကျော်ပြည့်ဝင်းတို့၏မိခင်၊ မြေး နှစ်ယောက်တို့၏ အဘွားသည် ၂၃-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၆နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၁၀-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှသိန်း
**ရေယာဉ်အုပ်၊ ဧည့်ဝတီ(၁)**
**ရေကြောင်းပို့ဆောင်ရေး**
**အသက်(၅၄)နှစ်**

စစ်တွေမြို့၊ လမ်းမတော်မြောက်ရပ်ကွက်၊ ကျေးပင်တန်းရွာနေ ရေကြောင်းပို့ဆောင်ရေးမှ နာရေးကူညီမှုအသင်းဝင် (စစ်တွေ) ရေယာဉ်အုပ်၊ ဧည့်ဝတီ(၁) ဦးလှသိန်းသည် ၂၂-၁၀-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၃-၁၀-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိုတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများ သိစေအပ်ပါသည်။

နာရေးကူညီမှုအသင်း(စစ်တွေ)

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တကောဏ္ဍည မဟာထေရ်
**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်) ဩဝါဒါစရိယ**
**အစိုးရပထမပြန်စာမေးပွဲနာယက**
**ရွှေတိဂုံစေတီယင်္ဂဏ စာထောက်စာမ**
**ဇေယျမင်္ဂလာကျောက်မြောင်းကျောင်းတိုက်၊ တာမွေမြို့နယ်**
**သက်တော်(၉၁)နှစ် သိက္ခာတော်(၇၁)ဝါ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ကျောက်မြောင်းအထက်ရပ်ကွက်၊ ဇေယျမင်္ဂလာကျောက်မြောင်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တကောဏ္ဍည မဟာထေရ်မြတ်ကြီးသည် (၁၃၇၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ရက်) ၂၁-၁၀-၂၀၁၆ရက်(သောကြာနေ့)နံနက် ၉း၂၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃ရက်) ၂၉-၁၀-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ အသင်းသူအသင်းသားအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) အလုပ်အမှုဆောင်အဖွဲ့

ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)

## ဦးမောင်ထွန်း (ဖျာပုံ)
**အသက်(၉၁)နှစ်**

ဖျာပုံမြို့နေ (ဦးစိန်လွင်-ဒေါ်စိန်ညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၇၊ အခန်း ၁၁နေ (ဒေါ်ကြူ)၏ခင်ပွန်း၊ (ဦးကျော်စိုး)-ဒေါ်ရီရီငွေ၊ ဒေါ်သန်းသန်းနွယ်၊ ဒေါ်အေးအေးနွယ်(အာရှတော်ဝင်)၊ ဦးခင်ကြိုင်-ဒေါ်အန်စိန်၊ ဦးကံညွန့်-ဒေါ်မြင့်မြင့်နွယ်၊ (ဦးခင်လှိုင်)တို့၏ဖခင်၊ ဦးအောင်မျိုးမြင့်-ဒေါ်ယုယုမော်၊ မမို့မို့စံ၊ မောင်ထက်အောင်လင်း၊ မောင်ကောင်းထိုက်စံတို့၏အဘိုး၊ မောင်ဉာဏ်လင်းထွဋ်၏ ဘိုးဘိုးကြီးသည် ၂၄-၁၀-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒုတိယဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) အသက်(၈၄)နှစ်
**BC-၆၅၈၅၊ ဗိုလ်သင်တန်းအပတ်စဉ်(၉)**
**နည်းပြမှူးချုပ်(ငြိမ်း)၊ စစ်ဦးစီးတက္ကသိုလ်**

ရန်ကုန်မြို့နေ (သီရိပျံချီ ဦးဘလှ-ဒေါ်ကြည်)တို့၏သား၊ ဒိုက်ဦးမြို့နေ (ဦးဘအေး-ဒေါ်အမာရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ J-74 ရွှေနှင်းဆီ(၃)လမ်း၊ FMI(CITY) လှိုင်သာယာမြို့နယ်နေ (ဒေါ်ခင်မကြီး)၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ခင်ခင်ဝင်း၊ ဦးတိုးအောင်၊ ဦးခင်မောင်ကျော်၊ ဒေါ်နိုင်နိုင်ဝင်း၊ ဦးရဲထွေး - ဒေါ်စောစန္ဒာတို့၏ချစ်လှစွာသောဖခင်၊ ဒေါ်ခင်ခင်ညွန့်၏မောင်၊ ဗိုလ်မှူးကြီးဝေလင်း(ငြိမ်း)-ဒေါ်ငွေးရီ၊ ဒေါ်ခင်စန်းရီတို့၏အစ်ကို၊ မခင်ရတနာအောင်(Total E&P Myanmar)၊ မအိအိသီရိအောင်(BEC-TERO)၊ မနွေးရတနာအောင်[Grade-6(A)၊ အထက(၁)ဒဂုံ]တို့၏အဘိုး၊ တူ၊ တူမ ၁၀ယောက်တို့၏ဦးလေးသည် ၂၄-၁၀-၂၀၁၆ရက် နံနက် ၄း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ**
## ဦးဟန်ထွန်း
**(ဗိုလ်တထောင်သတင်းစာ၊ ငြိမ်း)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၁၀လမ်း၊ အမှတ် ၄၀၇နေ [ဦးလှဖေ(ခ)ဦးအိန္ဒြေဘာသ-ဒေါ်ကျင်ငွေ]တို့၏သား၊ (ဒေါ်တင်သန်း)၊ ဦးဘမြင့်-ဒေါ်အုန်းနု၊ ဦးစမ်းငွေ-ဒေါ်သန်းအေး၊ ဒေါ်မြလေးတို့၏အစ်ကို၊ ဦးအောင်ချို၊ ဦးမြင့်သောင်း-ဒေါ်တင်တင်မော်၊ (ကိုတိုးလှိုင်)တို့၏ဖခင်၊မခိုင်မေနှင်း၏အဘိုး၊ (ဒေါ်မြရှိန်)၏ခင်ပွန်းသည် ၂၄-၁၀-၂၀၁၆ရက် (တနင်္လာနေ့)မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၆-၁၀-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကျော်ရင်(ခ)ဦးမွန်စိုင်း (ကမာကဆစ်၊ ဒလ)
**(လက်ထောက်မန်နေဂျာ၊ ငြိမ်း၊ ဆက်သွယ်ရေး)**
**အသက်(၈၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်နေ (ဦးမောင်ငွေ-ဒေါ်အေးချို)တို့၏သား၊ (ဦးကံညွန့်-ဒေါ်သိန်း)တို့၏သားသမက်၊ (ဦးထွန်းကြည်-ဒေါ်ကျင်ရွှေ)၊ (ဦးအောင်မြင့်-ဒေါ်ခင်ရီ)၊ (ဦးမြစိုး-ဒေါ်ရွှေဘို)၊ ဦးပေါ်များ-ဒေါ်မူမူငွေး၊ ဦးကျော်ဒင်-(ဒေါ်ငွေကြည်)၊ (ဦးမြဝင်း)-ဒေါ်ခင်အုန်းမြင့်၊ ဒေါ်လှငွေးတို့၏ညီ/မောင်၊ (ဦးမွန်ဟုတ်)-ဒေါ်စန်းရီ (ဦးမွန်ပို့) ဦးကျော်ဝင်း-(ဒေါ်အိအိခင်)၊ဦးကျော်စိုးတို့၏အစ်ကို၊ ကိုကျော်မိုးဦး-မရွှေစင်၊ ကိုကျော်သီဟ-မနွယ်နွယ်စိမ်း၊ မမြမြထွေး၊ မခင်သီတာကျော် (ဆသရ)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်လှအေး၏ခင်ပွန်းသည် ၂၃-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၁၆ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ဒလမြို့နယ် ခနီတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၁၀-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီတွင် အထက်ပါ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၇၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြတ်လင်း(ဗိုလ်မှူး၊ ငြိမ်း) အသက်(၅၃)နှစ်
**တေဇ(၁၁)၊ မထသ(မြောက်ပိုင်းခရိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရားသုံးဆူလမ်းနေ (ဦးရဲလင်း)-ဒေါ်ကျင်သန်းတို့၏သား၊ မှော်ဘီမြို့နယ်၊ မင်းရွာကျေးရွာနေ (ဦးတင်ဆိုင်-ဒေါ်မြငြိမ်း)တို့၏သားသမက်၊ ဦးကိုကိုလင်း(V Pile Co.,Ltd)-ဒေါ်နွယ်နီမိုး(အမက၊ မူလွန်၊ အနောက်ကျောင်း)တို့၏အစ်ကို၊ မောင်ကောင်းမြတ်ပြည့်စုံ(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မှော်ဘီမြို့)၊ မောင်စစ်ပိုင်ဖြိုး(တတိယနှစ်၊ MP,Hmawbi TU)၊ မောင်မင်းသိမ်းကျော်(ပထမနှစ်၊ History)တို့၏ဖခင်၊ မအေးချမ်းမေမျိုးမြတ်၊ မောင်ကျော်တေဇတို့၏ဘကြီး၊ ဒေါ်စီစီတင်(အလပြ) အထက(၁) မှော်ဘီမြို့၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၁၀-၂၀၁၆ရက်(စနေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၀-၂၀၁၆ရက် (သောကြာနေ့)တွင် အမှတ် ၉၃/က၊ ကျန်စစ်သားလမ်း၊ (၂)ရပ်ကွက်၊ မှော်ဘီမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရန်ကုန်မိုးလေဝသရေဒါစခန်း ဂျပန်လွှဲပြောင်းပေးအပ်

**သတင်း - မြင့်မောင်စိုး ၊ ဓာတ်ပုံ - သက္က**

**ရန်ကုန်  အောက်တိုဘာ  ၂၄**

ဂျပန် - မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် မိုးလေဝသ ရေဒါစခန်းသုံးခု တည်ဆောက်ပေးရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် ရန်ကုန်မြို့ မိုးလေဝသရေဒါစခန်း လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေး မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တတဲရှိဟီဂုချီတို့က ရေဒါစခန်းအဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ဂျပန်သံအမတ်ကြီး၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (ဂျိုက်ကာ)မှ မစ္စတာ ကေအီအိချီရိုနာကာဇဝနှင့် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာ ဟာရင်နိုင်တီယမ်းတို့က အဆိုပါ မိုးလေဝသစခန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

*စာမျက်နှာ ၇ ကော်လံ ၄* ❋





လျှောင်ဒဏ်သင့် ဘုရားစေတီအား နိုင်လွန်ခါးပတ်ပတ်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်

# ပုဂံဒေသရှိ ငလျင်ဒဏ်သင့် ဘုရားစေတီများ နည်းစနစ်တကျပြုပြင်နိုင်မှု ကမ္ဘာ့အမွေအနှစ်တင်သွင်းမှုလုပ်ငန်းအတွက် အရေးပါ

**အမေး၊ အရေး - ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

မြေငလျင်လှုပ်ခတ်မှုကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံ ၃၈၉ ဆူ ထိခိုက်ပျက်စီးမှုရှိခဲ့ရာ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာန)ခွဲမှ ဝန်ထမ်းများ၊ ပြည်တွင်းမှ ဗိသုကာပညာရှင်များ၊ ငလျင်ပညာရှင်များအပြင် UNESCO နှင့် နိုင်ငံတကာပညာရှင်များလာရောက်၍ ငလျင်ဒဏ်သင့် ဘုရားပုထိုးစေတီများအား ရှေးဦးပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ တာဝန်ရှိသူများအား မေးမြန်းစေ့ငုခဲ့ကြသည်။

**ဦးစိုးစိုးလင်း**

**ဒုတိယညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

ဩဂုတ် ၂၄ ရက် ငလျင်လှုပ်လိုက်တဲ့အချိန်မှာ ဒီဌာနမှာရှိတဲ့ ဝန်ထမ်းတွေအားလုံး ကွင်းဆင်းဆောင်ရွက်ကြပါတယ်။ သတင်းပို့ပြီး နောက်တစ်နေ့မှာပဲ ခရိုင်ကနေ အစည်းအဝေးလုပ်ပြီးတော့ နယ်မြေ ၁၁ ခု ခွဲခြားထားပါတယ်။ အဲဒီ နယ်မြေ ၁၁ ခုမှာ ဌာနဆိုင်ရာတွေ ပူးပေါင်းပြီးတော့ လုပ်ဆောင်ခဲ့ပါတယ်။ ဌာနဆိုင်ရာ ဝန်ထမ်းတွေရယ်၊ ကျွန်တော်တို့ဌာနဝန်ထမ်းတွေရယ် အားလုံးကွင်းဆင်းပြီးတော့ ကောက်ကြတဲ့အခါမှာ ပထမအနေနဲ့ အဆူ လေးရာလောက် စာရင်းကောက်ယူရရှိပါတယ်။ အဲဒီအထဲမှာ အရေးကြီးဘုရားကတော့ အဆူရှစ်ဆယ်လောက် စာရင်းကောက်ယူရရှိပါတယ်။ ငလျင်လှုပ်ပြီးတဲ့အချိန်မှာပဲ ရဲတပ်ဖွဲ့ကနေပြီးတော့ လုံခြုံရေးတွေ ပုဂံဌာနကို ချထားပေးပါတယ်။

ပြီးတော့ အရေးပေါ်ထိန်းသိမ်းဖို့လိုတဲ့လုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ အဲဒီအချိန်မှာ ပရဟိတအဖွဲ့အစည်းတွေကလည်း *စာမျက်နှာ ၆ ကော်လံ ၁* ✳

**ဆိုမာလီ ပင်လယ်ဓားပြများ အာရှဒေသသားစာခံများအား ပြန်လွှတ်ပေး** စာ - ၁၀

**ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုအတွက် ဆန်ခါတင်ကစားသမားအချို့ထွက်ပေါ်** စာ - ၁၄

